


# ဆင်ဖြူကျွန်းအောင်သိန်း

## အ-မနုဿတောဝါ


နှင့်

ရသစုံဝတ္ထုများ

mgyoe.com

mgyoe.com

ဆင်ဖြူကျွန်းအောင်သိန်း၏ဝတ္ထုတိုပေါင်းချုပ်သစ်



# ဆင်ဖြူကျွန်းအောင်သိန်း

## အ-မနုဿတောဝါ

နှင့်

ရသစုံဝတ္ထုများ

SPK0040
4,500.00KS

mgyoe.com

အ-မနုဿတောဝါ နှင့် ရသစုံဝတ္ထုများ ဆင်ဖြူကျွန်းအောင်သိန်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၆၅+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# အဘိ-မနုဿတောဝါ နှင့် ရသစုံဝတ္ထုများ

ဆင်ဖြူကျွန်းအောင်သိန်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မယားငယ် ယူချင်လိုက်တာ | ၁ |
| ၂။ | အမိုက်မလေး ရွှေသမင် | ၈ |
| ၃။ | ကျော့သီနှောင်း | ၁၅ |
| ၄။ | ပိုက်ဆံငါးပြား | ၂၄ |
| ၅။ | ဝါးတားကွပ်အရေးတော်ပုံ | ၃၂ |
| ၆။ | စိန်ကြယ်ပွင့်ကို ပန်ချင်တယ် | ၄၂ |
| ၇။ | အဖေ | ၅၃ |
| ၈။ | ကြာကန်ကြီးရွာက ဝိုင်း | ၆၆ |
| ၉။ | နမ်းတစ်ညတာ | ၇၄ |
| ၁၀။ | တောင်ပြုံအင်းက ဘို့တင်ကြီး | ၈၇ |
| ၁၁။ | တုံးကြီးခေါက်ချိန်၌ အိပ်ပျော်သွားခြင်း | ၉၆ |
| ၁၂။ | သီတာချမ်းမြေ့ကေရီ | ၁၀၄ |
| ၁၃။ | တင်စီးတင်စားလုပ်သွားခြင်း | ၁၁၃ |
| ၁၄။ | ကိုကောင်းစံတို့ စပါးယပ်သည့်အဖွဲ့ | ၁၂၀ |
| ၁၅။ | ဦးဘငွေနှင့် သူ၏အဖွဲ့သားများ | ၁၂၅ |
| ၁၆။ | စံမျိုးလွတ် တုမနိုင်းသာ | ၁၃၃ |


mgyoe.com

mgyoe.com
၁၇။ ကရင်မ မိစိန် ၁၄၂
၁၈။ တထိတ်ထိတ်ဝေဒနာ ၁၅၀
၁၉။ ရွှေသည် ထွန်မရုန်းနိုင် ၁၅၉
၂၀။ လောကကြီးမှာ ပျော်တယ်ဗျ ၁၆၇
၂၁။ ချစ်ကြပါပေသရှင် ၁၇၅
၂၂။ လွမ်းရေးတိမ်နှယ် ၁၈၃
၂၃။ မုန်တိုင်းအလွန် ထိုနံနက် ၁၉၀
၂၄။ ကလေးကလေးလည်း မနေနိုင် ၁၉၉
၂၅။ လမင်း သို့မဟုတ် မိန်းကလေး ၂၀၈
၂၆။ ထန်းလျက်ဆီပြန်ဟင်း ၂၂၀
၂၇။ လက်ပံလှ လယ်ပွဲမှ ရယ်သံများ ၂၂၈
၂၈။ အသားသပြေရောင်နဲ့ ၂၃၅
၂၉။ လက်ကို ပေကျံတတ်သည် ၂၄၄
၃၀။ ကိုနောက်စပ်၏ သံယောဇဉ် ၂၅၂
၃၁။ ဆရာသမား ၂၆၁
၃၂။ ဆင်နီတောရဲ့ဟိုဘက်မှာ ၂၇၀
၃၃။ မောင်ဘခင် မစောသင် ၂၈၂
၃၄။ အယ်ဒီတာချုပ်နှင့် ရှာမှရှား အယ်ဒီတာ ၂၉၂
၃၅။ ဒါ မြန်မာ့စား ၃၀၂
၃၆။ အ–မနုဿတောဝါ ၃၁၅
၃၇။ ကြွေရှက်ပမာ ၃၂၈
၃၈။ သည်အပင်နှင့် သည်အဖူး ၃၄၉
၃၉။ စိတ္တဇဝေဒနာရှင်များ ၃၅၅

◆

mgyoe.com

mgyoe.com

# မယားငယ် ယူချင်လိုက်တာ

## (၁)

ကလေးကြီးက ဆူ၊ ကလေးလတ်က ပူ၊ ကလေးငယ်က ငို၍ နို့စို့ကလေးက ကျောပူခေါင်းပူထကာ တစ်အိမ်လုံးမှာ ငိုယိုသံ၊ ဆူပူသံတို့ဖြင့် ညံစီနေသောအခါ သည်အသံများကိုပင် နားထောင်၍ကောင်းသည်ဟု ကိုကျော်ဇောသည် တစ်ခါတစ်ရံ၌ ထင်တတ်၏။ သည်အခါတွင် ပြုံး၍လည်းကောင်း၊ ရယ်မော၍လည်းကောင်း "သံစုံတီးဝိုင်းကြီးပါကလား၊ နားထောင်လို့ ကောင်းလိုက်တာဟ" အော် ဟစ်မိလေသည်။

သို့ဖြစ်ငြား အော်ဟစ်သံ၊ ငိုယိုသံ၊ ဆူပူသံများကို "နားထဲ၌ လောင်းထည့်အပ်သော ထန်းလျက်ရည်ပျစ်ပျစ်ကလေးတွေ" ဟု ထင်တတ် ခံစားတတ်ခြင်းသည် တစ်နှစ်မှာ တစ်ခါလောက်၊ တစ်နှစ်မှာ နှစ်ခါလောက်သာ ဖြစ်၏။ ကလေးတွေကား ငိုစရာကြုံလျှင် ငိုသည်၊ ဖခင်ကိုကျော်ဇော စိတ်လက်ကြည်သည်၊ မကြည်သည်ကို သူတို့မသိ။ ကလေးတွေသည် ဖခင်ကိုကျော်ဇော စိတ်ညစ်နေသလား၊ စိတ်ညစ်မနေဘူးလားဟူသည်ကို အရေးမစိုက်၊ သူတို့ဆူချင်ဆူမည်၊ ရန်ဖြစ်မည်။

ထိုသရောကာလဝယ် ကိုကျော်ဇောသည် ထိုအသံဆိုး အသံပျက်များနှင့် ကင်းရာဝေးရာအရပ်ကို တောင့်တ၏။ အလုပ်ခွင်တွင် ပင်ပန်းနွမ်းနယ်လာခဲ့ပြီးနောက် အိမ်ပြန်အရောက်၌ ဆိတ်စာကလေးမျှ နားနေပန်းဖြေခွင့်မရခြင်းကို သည်းမခံနိုင်ပေ။ စိတ်လက်ကြည်လင်ချမ်းမြေ့နေချိန်၌ ချစ်စရာသားကြီး၊ သမီးကြီး၊ ဆိုးလိုက်တဲ့

mgyoe.com

mgyoe.com
သားကလေး၊ သမီးကလေးတို့သည် စိတ်ညစ်ညူးနေချိန်၌ ကာလနာတွေ မြန်မြန်သေလျှင် တာဝန်ပေါ့မည့်ဒုက္ခကောင်တွေ ဖြစ်ကုန်လေ၏။

သာမန်စာရေးကလေးမျှသာဖြစ်သော ကိုကျော်ဇောအတွက် ရက်ပေါင်း ၃၀ ရှိသော တစ်လတွင် ပျော်ရွှင်ချမ်းသာသောရက်က တစ်ပတ်ပြည့်လျှင် ကံကောင်းလွန်းလှသည်။ ကုန်ဈေးနှုန်းတွေက ခုန်တက်နေသော်ငြား မိမိရသောလစာမှာ ချည်တိုင်မှ တစ်ထွာမျှ မြင့်တက်မလာပေ။ ပိုက်ဆံရှိတုန်းတော့ ဆန်မရှိ၊ ဆန်ရောက်လာပြန်တော့ ပိုက်ဆံကုန်ပြီ။ အဝတ်ကို မှောင်ခိုဈေးမှာ မဝယ်နိုင်သည့်အတွက် တစ်ထည်ကုန်လျှင် ဘာကိုဝတ်ရပါ့ တွေးပူနေရ၏။

ကလေးတွေ နေကောင်းထိုင်သာ ရှိနေချိန်တွင် ကိုကျော်ဇော၏ဝင်ငွေနှင့် ဇနီးသည်၏အသုံးမှာ မျှတနေသဖြင့် ပြဿနာမပေါ်ပေမဲ့ ကလေးတစ်ယောက်ယောက်သို့မဟုတ် တစ်ယောက်ထက်ပို၍ နေထိုင်မကောင်းဖြစ်လာလျှင် ပြဿနာအကြီးအကျယ်တက်တော့သည်။

အော်သော်၊ ငေါက်သော်လည်း၊ မချေမငံ ဆက်ဆံသော်လည်း၊ ရိုင်းပျသော်လည်း ငွေမကုန်သည့်အတွက် အားကိုးအားထားပြုရသောနေရာရှိ၏။ ထိုနေရာတွင်အချိန်ကုန်ခံလျှင် အိမ်မှာကျန်ခဲ့သော ကလေးများ၏ကိစ္စနှင့် အိမ်မှုတာဝန်များကသောင်းကနင်းဖြစ်ကုန်သည်။ ထို့ကြောင့် ခြစ်ခြုတ်ပြီး ပုဂ္ဂလိကဆေးကုဌာနများကို အားကိုးရရာ တစ်ခါတစ်ရံ လဝက်နှင့် ဘိုင်ကျလေတော့သည်။

ကိုကျော်ဇောအဖို့ အဘယ်မှာလျှင် တစ်လလုံး စိတ်ချမ်းသာနိုင်ပါမည်နည်း။

မယားနှင့်မြူးရွှင်ကျီစယ်မည်ကြံလျှင် နို့ထစို့သော ကလေးကတစ်မျိုး၊ ရေသောက်ချင်သော ကလေးကတစ်ဖုံနှင့် သည်ကလေးတွေကို စိတ်ကုန်၏။

ကိုယ့်မယားရယ်ဟု ရှုန်းရှုန်းစားစား ကြည့်လိုက်လျှင် ချွေးတွေသီးနေ၏။ ဆံပင်တွေ ပွနေ၏။ မျက်နှာကြီးက အဆီဝင်းနေသည်။ ကြည့်ရင်းကြည့်ရင်း စိတ်ပျက်လာသည်။

အနားကိုကပ်ပြန်တော့ ချွေးစော်ကနံ၏။ ချွေးစော်ထဲတွင် ကြက်သွန်နံ့နှင့် ငါးပိနံ့ကလေးက ရော၍ ပါလာသေးသည်။ ထိုအခါမျိုး ထပ်ကြိမ်တလဲလဲပေါ်ပေါက်လာသောအခါ ကိုကျော်ဇောသည် "မယားငယ်ကလေးများယူထားရလျှင်" ဟု တောင့်တမိလေ၏။

မယားငယ်ယူရန်မှာ ခဲယဉ်းသောအလုပ်မဟုတ်ဟု ကိုကျော်ဇောယူဆသည်။ စာရေးကြီးကိုမြင့်သောင်း၊ စာရေးကလေးကျော်ဇင်ညွန့်၊ ရုံးလုလင်မောင်အေးတို့မှာ
mgyoe.com

mgyoe.com
မယားငယ်နှင့်ဖြစ်၏။

ထို့ကြောင့် မယားငယ်ယူခြင်းမှာ ဂုဏ်ရှိဖို့မလို၊ ဝင်ငွေကောင်းဖို့မလို။ ကမြင်း ဖို့နှင့် အရှက်မရှိလိမ်တတ်ဖို့ ဖြစ်သည်။

မိန်းကလေးတွေကို ကြည့်ပြန်တော့လည်း မိဘ၏ ထိန်းသိမ်းမှု၊ ဆရာသမား၏ သွန်သင်စောင့်ရှောက်မှုတို့ ယိုယွင်း၍ မှားယွင်းရန်အသင့်အနေအထားမှာ ရှိနေကြ သည်ဟု ထင်ရ၏။ ထိုသို့ ပတ်ဝန်းကျင်၏ အဘက်ဘက်မှ စေ့ဆော်မှုများကြောင့် ကိုကျော်ဇောမှာ "မယားငယ်ရဲ့ရင်ခွင်ထဲ ပြေးခိုလိုက်ရရင်" ဆိုသော အတွေး တစ်နေ့တခြား ရင့်သန်လာချေသည်။

* * *

## (၂)

ကိုကျော်ဇောတို့၏ ရုံးမှ ရုံးဝန်ထောက်သည် မည်သူမျှမမျှော်လင့်၊ မသိရှိဘဲ ခွင့်တစ်လယူကာ ရုံးမှပျောက်ကွယ်သွား၏။ အချို့မှု ဝန်ထောက်မင်း ကွယ်လွန် သည့်ကြော်ငြာကို သတင်းစာထဲမှာ ဖတ်ရမှသာ ဝန်ထောက်မင်းကို သတိရကြတော့ သည်။

ကိုကျော်ဇောသည် ရုံးအုပ် ဦးအေးကျော်နှင့် တွဲဖက်၍ ဝန်ထောက်မင်း၏ အသုဘကို ရှေ့ဆုံးမှ စီမံဆောင်ရွက်ရသည်။ အသုဘချပြီးနောက်တစ်နေ့တွင် ဝန်ထောက်မင်း၌ မယားငယ်ရှိကြောင်း သိကြရ၏။ မယားငယ်ယူခြင်းသည် ဤခေတ် ၌ အဆန်းမဟုတ်။ မယားငယ်ယူခြင်းသည် အပြစ်ကြီးလည်းမဟုတ်ဟူ၍ လူတို့ကိုယ် ကျင့်တရားပျက်ခြင်းကို ယဉ်ကျေးခြင်း၊ ခေတ်မီခြင်းဟု အမြီးပြတ် အမြီးတိုတို့က ထင်စွဲနေကြသည့်အတွက် ဝန်ထောက်မင်း၌ မယားငယ်ရှိခြင်းသည် ထိတ်လန့်ဖွယ်ရာ ကား ဖြစ်မလာပေ။

သို့ဖြစ်ငြား မယားငယ်ရှိကြောင်း ဖော်ပြပုံကတော့ကား ပညာသားပါလှ၏။ ဖော်ပြသူမှာ မယားငယ်ကိုယ်တိုင်ပင် ဖြစ်လေသည်။ မယားငယ်ဖြစ်ကြောင်း အရှက် မရှိ မဏ္ဍပ်တိုင်တက်ရလားဟု နှာခေါင်းရှုံ့သူက ရှုံ့၏။ အပြစ်တင်သူက တင်၏။ ကိုကျော်ဇောကတော့ အပြစ်မတင်မိပေ။ သူ့အလုပ်ကို သူလုပ်ခြင်းသာဟု ယူဆ သည်။

မယားငယ်က ဝန်ထောက်မင်းနှင့်ရသော ကလေး၏အမည်ကိုဖော်ပြ၍ မိမိသာ လျှင် သစ္စာရှိစွာ ကိုယ်ဖိရင်ဖိ ပြုစုခဲ့ကြောင်းကိုပါ ပေါ်လွင်စေပြီး ကျေးဇူးတင်ရှိ
mgyoe.com

mgyoe.com
ကြောင်း ကြော်ငြာဖြစ်၏။

ထိုကြော်ငြာမှာ တစ်လက်မလျှင် ၁၅ ကျပ်နှုန်းဖြစ်ပါက ၃၀ိ ဖိုးမျှသာရှိသော်လည်း လွန်စွာတာသွားလှသည်။ သုံးဆယ်ဖိုးမက သုံးရာဖိုးမက ထိရောက်လှ၏။

မယားကြီးဖြစ်သော တောသူမရိုးရိုး နုံနုံ အတတမှာ ထိုကြော်ငြာကို ဖတ်ပြီးသည်နှင့်တစ်ချက်တည်း ငိုင်သွားတော့သည်။ တောသူဟူသည် ယောကျ်ားတိုင်း မယားတစ်ယောက်သာရှိ၍ မိန်းမတိုင်းလည်း လင်တစ်ယောက်သာရှိသည်ဟု ယုံကြည်၏။ မိမိသည် မိမိ၏လင်ကိုသာ အချစ်ဆုံးဖြစ်သဖြင့် မိမိလင်မှာလည်း မိမိကိုသာ အချစ်ဆုံး ဖြစ်ရမည်ဟုထင်သည်။ ယခု အပြိုင်ပေါ်လာသောအခါ အသည်းကြေမတတ် နာကျင်၏။ ပူဆွေးသောကတွင် မခံမရပ်နိုင်ခြင်းက ဝင်မိသည့်အတွက် မယားကြီးမှာ ကိုကျော်ဇောတို့ ခေါ်သံပြောသံကိုမကြား၊ မေးသည်ကိုလည်း မဖြေတော့ဘဲ ငေးငိုင်နေလေတော့၏။

ပို၍သနားစရာကောင်းသည်မှာ မယားကြီးတွင် ခုနစ်ရက်သားကလေးနှင့် ဖြစ်နေခဲ့ခြင်းဖြစ်သည်။ မယားကြီးသည် တစ်ထိုင်တည်း အသွားကာ ကလေးကိုသာ ငုံ့ကြည့်နေသည်။ ငုံ့ကြည့်နေရင်းက မျက်ရည်ပေါက်ကြီးများသည် ကလေးအပေါ်သို့ တစ်ပေါက်ချင်းကျ၏။ ကလေးငို၍လည်း ချော့ရမှန်း နို့တိုက်ရမှန်းမသိတော့။ ကလေးကို နို့တိုက်ရန် အနားမှတစ်ယောက်ယောက်က မပြောလျှင် ကလေးသည်ငိုရလွန်း၍ မောပြီးအလိုလို အိပ်ပျော်သွားရှာ၏။ နို့ကား မစို့ရရှာ။

သူသည် မည်သည့်ကလေးကငိုငို မလှုပ်တော့ချေ။ အဘယ်မျှပင် ကလေးများက ပူဆာစေကာမူ သူမသိတော့ပြီ။

ကြာလျှင် ခက်ရချေရဲ့ဟု ကိုကျော်ဇောတို့ တွေးပူမိသည်။ ထိုအတောအတွင်း ဝန်ထောက်မင်း၏ အသက်အာမခံငွေကို မိမိ၏ သဘောတူညီချက်မပါဘဲနှင့် မည်သူ့အားမျှထုတ်မပေးရန် မယားငယ်က ကန့်ကွက်လာပြန်၏။ ကိုကျော်ဇောတို့သည် ထိုသတင်းကို မယားကြီးမသိအောင် အုပ်ထားကြရသည်။

မယားကြီးသည် ရိုး၏၊ အ၏၊ ရိုးလွန်း အလွန်း၏။ ရိုးအသူတို့ သဘောမှာ လူတိုင်းသည် မိမိကဲ့သို့ ရိုးသားဖြောင့်စင်းမည်ထင်သည်။ မရိုးမဖြောင့်သည်ကို တွေ့တော့မှသာ ထိန်းမနိုင် သိမ်းမရ ဒေါသဖြစ်တတ်ကြ၏။ ထို့ကြောင့် ကွယ်လွန်သူ ခင်ပွန်းသည် မိမိအပေါ်၌ သစ္စာရှိသူ မဟုတ်ကြောင်း သိကာမျှဖြင့် ဆွံ့သလောက်နီးနီး အ,သလောက်နီးနီး ဖြစ်သွားပေပြီ။

ယခုတစ်ဖန် ဤခင်ပွန်း သစ္စာမဲ့ခြင်းကြောင့်သာ သူ၏အသက်အာမခံကို ကန့်
mgyoe.com

mgyoe.com
ကွက်သူပေါ်လာရခြင်းဖြစ်သည်ဟု အတွေးပေါက်သွားပါက စိတ်ဓာတ်ပျက်ပြားခြင်းတွင် ထပ်ဆင့်၍ ရူးသွားမည်စိုးရသည်။

ကိုကျော်ဇောသည် ဝန်ထောက်မင်း၏ မယားကြီးရင်ထဲတွင် မည်သို့ခံစားရသည်ဟု မသိပါ။ ဝမ်းနည်းခြင်းနှင့် ကြိတ်မနိုင်ခဲမရဖြစ်ခြင်းတို့ ရောထွေးနေသည်ဟု သိ၏။ သို့သော် မယားကြီး၏အဖြစ်ကို ကြည့်ကာ ဝမ်းနည်း၍မဆုံးဖြစ်နေရသည်။

ကိုကျော်ဇောက တွေး၏။

ဝန်ထောက်မင်း၏မယားကြီးသည် အိမ်ထောင်သက် အနှစ် ၂၀ အတွင်း ဆင်းရဲဒုက္ခကို ခံလာရ၏။ ပညာမပြည့်စုံသော လင်ကို ပညာပြည့်စုံစေရန် ကျောင်းဆက်တက်နိုင်စေရန် ပါရမီဖြည့်ပေးခဲ့သည်။ လခမတိုး ရာထူးမတက်သေးမီကြားတွင် တစ်နှစ်တစ်ယောက် မှန်မှန်တိုးလာသော ကလေးတွေနှင့်ဖက်၍ မပြည့်စုံခြင်းဒဏ်ကို ခါးစည်းခံခဲ့၏။

ခင်ပွန်းသည် ဝန်ထောက်ဖြစ်သွားသောအခါ လခတော့ တက်လာပါသည်။ သို့သော် ရာထူးနှင့်ညီသော သုံးစွဲမှုပြုနိုင်စေရန် မယားကြီးနှင့် ကလေးများပင် ဆက်လက်ဒုက္ခခံခဲ့ရသည့်အတွက် ဝန်ထောက်ကွယ်လွန်ချိန်တွင် မယားကြီးမှာ လက်ချည်းကျန်ခဲ့သည်။ မသာစရိတ်အတွက် ချေးသူတို့ကလည်း အသက်အာမခံ ငွေငါးသောင်းကို မြော်မြင်ပြီး ချေးကြခြင်းဖြစ်သည်။ အမှန်ကလည်း မယားကြီးအတွက် အားကိုးစရာသည် လင်၏အသက်အာမခံဖြစ်၏။

တစ်ခုတည်းသော သည်အားထားရာကိုပင် မယားငယ်ကပင် နှောင့်ယှက်ပြန်သည်ဟု သိသွားပါက မယားကြီးခမျာ စိတ်ထိခိုက်ခြင်း အာရုံဖြင့် ရူးသွားရှာမည်ကို ကိုကျော်ဇောတို့ စိုးရိမ်သည်။ ထို့ကြောင့် အုပ်ဆိုင်းထားရသည်။

* * *

## (၃)

ကိုကျော်ဇောမှာ ဝန်ထောက်မင်း၏မယားကြီးတွင် တွေ့ဆုံနေရသော ဒုက္ခများကို မမြင်ရက်သဖြင့် မသွားဝံ့တော့ချေ။ "အသက်အာမခံကြေး ထုတ်ပေးကြပါဦးရှင်။ ကလေးတစ်ကျိပ်နှင့် ငတ်နေပါပြီ" ဟု ဆီးပြောတိုင်း ဖြေစရာရှာမရသဖြင့် မသွားခြင်းဖြစ်သည်။

ယနေ့နံနက် ရုံးသို့စောစောစီးစီး ရောက်လာ၏။ ရုံးအုပ်သည်လည်း အလားတူစွာ အရောက်စောချေသည်။
mgyoe.com

mgyoe.com

"စောလှချည်လားဗျ"ဟု ရုံးအုပ်ကိုအေးကျော်သည် နှုတ်ဆက်ရင်း အနားသို့ ကပ်လာကာ "ဟိုအိမ်ကိုရောက်သေးလား။ အငယ်ကကော သူ့ကို တစ်ဝက်ပေးမှ ထုတ်ခွင့်ပြုမယ်လို့ လာမပြောဘူးလား" ဟု မေး၏။

ကိုအေးကျော်က နှစ်ခုမေးသော်လည်း ကိုကျော်ဇောမှာ ဖြေစရာတစ်ခုတည်းသာ ရှိသည်။

"မရောက်ဘူးဗျ"

"ဟာ ကျွန်တော်က ခင်ဗျား ရောက်နေတယ်ထင်လို့ဗျ။ ဟာဗျာ ခများမှာ ကျွန်တော်တို့ ခင်ဗျားတို့ပဲ ကူညီမယ့်လူရှိတာဗျ"

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ။ သွားလိုက်ရင် စိတ်မကောင်းဘူးဗျ။ အငယ်မ အကြောင်းကိုပြောရင် ပိုဆိုးသွားမှာလည်းစိုးလို့"

"အငယ်ကလည်း လည်တယ်ဗျာ။ ဝန်ထောက်မင်းရဲ့ မယားကြီးက နုံသလောက် အသလောက် အငယ်က လည်တယ်ဆိုပဲဗျ။ ဟိုတစ်နေ့က ကျွန်တော့်အိမ်ကို ရောက် လာသေးတယ်"

ကိုကျော်ဇောသည် "တော်တော်လှသလားဗျ" ဟု အရေးတကြီးမေးမိသည်။

"လှတယ်ဗျ၊ သူလာတဲ့ကိစ္စကတော့ သူလည်း တရားဝင်ရုံးမှာ လက်ထပ်ထားတဲ့ မယားဖြစ်တဲ့အတွက် အသက်အာမခံကြေးကို တစ်ဝက်ပေးမှသာ ခွင့်ပြုနိုင်မယ်တဲ့ဗျ"

"ဘယ်ဖြစ်မလဲဗျ၊ သူ့မှာက ကလေးတစ်ယောက်တည်းရယ်။ ပြီးတော့ သူက ဝန်ထောက်ဖြစ်မှ ရာထူးမက်ပြီး မယားငယ်ခံတာဗျ။ မယားကြီးခများမှာ ကောင်းတူ ဆိုးဖက်၊ ပြီးတော့ ကလေးတွေအများကြီး၊ ပြီးတော့ အငယ်မက လှလည်းလှတယ် ဆိုရင် ဒီတစ်ယောက်တောင် ဝန်ထောက်မင်းရဲ့ ကလေးအစစ် ဖြစ်ချင်မှဖြစ်မယ်"

"ဒါလည်း အမှန်ပဲဗျ။ လှလည်းလှ လည်လည်းလည်တယ်ဆိုတော့ ကျွန်တော် တို့ရဲ့ ဝန်ထောက်မင်းဆီမှာ အငယ်ခံသလို တခြားလူတွေရဲ့ အငယ်မဟုတ်ဘူးလို့ကော ဘယ်သူပြောနိုင်သလဲ"

ကိုအေးကျော်မှာလည်း ဝန်ထောက်မင်း၏မယားငယ်ကို တရေးရေးမြင်ရင်း ထင်မြင်ချက် ပေးမိ၏။

"ပြောကြမှာပေါ့ဗျာ။ ချစ်လို့ အချစ်မှာက တစ်ယောက်တည်းသာ ချစ်ရမယ်။ နှစ်ယောက် မချစ်ရဘူးဆိုတဲ့ ပညတ်ချက်မရှိလို့ချစ်တယ် ဘာညာနဲ့ပေါ့ဗျာ။ ကျွန်တော် သိသလောက်တော့ စိတ်တူသဘောတူ လက်ထပ်ကြပြီးမှ အသစ်ရှာတာတော့ အချစ် မဟုတ်တော့ဘူးဗျ။ ကာမအာသာမပြေလို့ အသစ်ရှာတာ။ ကျွန်တော်တော့ ဒီလိုပဲ

mgyoe.com

mgyoe.com

ထင်တယ်"

"တချို့တလေလည်း ခြွင်းချက်ရှိပါလိမ့်ဦးမယ်ဗျာ"

"ရှိလည်း နည်းနည်းပါးပါးပဲ ရှိမှာပါဗျာ။ မယားငယ်အဖြစ်ကို မိသားဖသားပီပီ သိက္ခာရှိတဲ့မိန်းမတိုင်း မုန်းတာပဲဗျ။ မယားကြီးရှိမှန်းသိပါလျက်နဲ့ မယားငယ်ခံတာကတော့ ဂုဏ်မက်လို့ ဝတ်တုစားတုနဲ့ ပလွှားချင်လို့ပါပဲ။ ပြီးတော့ ဒီတစ်ယောက်ရဲ့ မယားငယ်ခံပြီး မတော်လောဘတွေ မပြည့်ရင် တခြားတစ်ယောက်ဆီမှာထပ်ပြီး တိတ်တိတ်မယားငယ်မခံဘဲ နေလိမ့်မယ်လို့ ဘယ်သူမှ အာမမခံရဲဘူးဗျ။ သူအရင်းခံတာကိုက ဂုဏ်ပကာသနနဲ့ ပလွှားမှုဆိုတော့ ဒါအတွက် ဘာပဲလုပ်ရလုပ်ရ ဝန်လေးမယ် မထင်ဘူး"

"ဟုတ်လိမ့်မယ်ဗျ၊ ကျွန်တော်တို့ မင်းစေကြီးကပြောတော့ ဝန်ထောက်မင်းရဲ့ မယားငယ်ဟာ ဝန်ထောက်မင်းကွယ်ရာမှာ ဖောက်ပြားတယ်တဲ့။ အခု ဝန်ထောက်မင်းသေရတာဟာ မယားငယ်ရဲ့ရောဂါတွေ ကူးစက်ခံရတာတဲ့"

"ဖြစ်ရပလေဗျာ"

ကိုကျော်ဇောသည် ကိုအေးကျော်အား မျက်လုံးပြူး၍ ကြည့်နေမိလေသည်။

မှန်ပေသည်။ မယားငယ်၏ ရင်ခွင်ထဲသို့ ပြေးဝင်ခိုအောင်းလိုက်ရလျှင် အဘယ်မျှ အေးချမ်းချမ်းသာမည်နည်းဟု တွေးတောကာ မယားငယ်ယူချင်သောစိတ်သည် ကိုကျော်ဇောထံမှ ခဏချင်း ထွက်ပြေးသွားပြီဟု ဆိုရပေမည်။

**ဝတ်မှုန်မဂ္ဂဇင်း**
**စက်တင်ဘာလ၊ ၁၉၆၈ ခုနှစ်။**

◆

mgyoe.com

mgyoe.com

## အမိုက်မလေး ရွှေသမင်

(၁)

ခိုင့်ချစ်သူ ကိုကြည်အေးက "ခိုးရာလိုက်ခဲ့ပါတော့ ခိုင်ရယ်၊ ခိုင့်မိဘတွေက သဘောမတူလို့ ခွဲလိုက်မှဖြင့် ကိုယ်ရင်ကွဲရချည်ရဲ့" ဟု ပြောသောအခါ ခိုင်၏ ရင်ထဲမှာ နင့်ခနဲ နာသွားသည်။ ထို့ပြင် ထိတ်ခနဲလည်း ဖြစ်သွားရ၏။

"မေမေတို့ကသာ ခွဲလိုက်ရင် အခုလိုနှစ်ထပ်ဇာတို့၊ တက်ထရွန်တို့၊ ပါတိတ်တို့ လက်ဆောင်ရတော့မှာမဟုတ်ဘူး" ဆိုသော အတွေးသည် ခိုင်အား ထိတ်ခနဲ ဖြစ်သွားစေသောအကြောင်းဖြစ်လေသည်။

"နော် ခိုင်ရယ် လူကြီးဆိုတာ သူတို့နဲ့ပေါင်းရတာလည်း မဟုတ်ဘဲနဲ့ လိုက်လိုက် ရှုပ်တာချည်းပဲ။ မတော်လို့ ခွဲပစ်မှဖြင့်"

ခိုင့်မှာ ဆက်လက်၍ ငေးမနေအားတော့ပါ။ သည်မျှ မိမိအပေါ်၌ ရက်ရော၍ ချစ်အားကြီးသော လူတစ်ယောက်ကို ရက်စက်ရာကျစေမည့် ဥပေက္ခာမှုကို မပြု ရက်။

"ဒါဖြင့် ကို ဒီနားက ခဏစောင့်နော်။ အင်္ကျီ၊ လုံချည်သွားယူလိုက်ဦးမယ်"

"ယူမနေပါနဲ့တော့ ခိုင်ရယ်၊ ဒါတွေအားလုံးကို ကို ဖန်တီးပေးနိုင်ပါတယ်။ ကို့အဖို့ ခိုင်ဟာ အရာအားလုံးထက် တန်ဖိုးရှိတယ်။ အရာအားလုံးထက် ခိုင့်ကိုသာ မြတ်နိုးတယ်"

နိုင်ငံတစ်နိုင်ငံ၏ အထွတ်အထိပ်ဘုရင်မအဖြစ် တင်မြှောက်ခြင်းခံရသည့်

mgyoe.com

mgyoe.com
တိုင်အောင် ခိုင်သည် ထိုစကားမျိုးဖြင့် ချီးပခံရခြင်းလောက် တန်ဖိုးထားမည်မဟုတ်။ မိမိ၏နှလုံးသားကို ပျော့ပျောင်းစေသော ထိုစကားများကိုသာ ရွေးသီတတ်သောကြောင့်လည်း ခိုင်မှာ ကိုကြည်အေးကိုချစ်ရတာ။

"စဉ်းစားမနေပါနဲ့တော့ ခိုင်ရယ်။ တော်တော်ကြာ ခိုင့်မေမေထွက်လာမှဖြင့်"

ခိုင့်ထံမှ ချီသည်၊ ခါးသည် မတုံ့ပြန်လာသည့်အတွက် ကိုကြည်အေးက လောလိုက်သည်။ ခိုင်သည် လှုပ်လှုပ်ရှားရှားဖြစ်မသွား။ ခိုင့်ကို မျက်တောင်မခတ်ကြည့်နေသော ကိုကြည်အေးသည် အားမလို အားမရဖြစ်သွား၏။

"ကို့ကို မယုံလို့လား ခိုင်။ ဟင် ကို့ကို မယုံဘူးလား ဟုတ်လား"

"ကို ဒီလိုမပြောနဲ့၊ ခိုင့်အချစ်ကို သံသယအဖြစ်ခံရတာ ခိုင် အရမ်းဝမ်းနည်းတယ် သိလား"

ခိုင်သည် မိမိအချစ်ကို တန်ဖိုးထား၏။ ထို့ကြောင့် ကဲကဲဆတ် နှုတ်လှန်ထိုးလိုက်ကာ . . .

"ကို့ကို မယုံဘူးလို့ ခိုင်ကပြောသလား။ မေမေတို့ရဲ့ အရိပ်အခြည်ကို အကဲခတ်နေတာ" ဟု ထပ်ဆင့်ရှင်းလင်းပြ၏။

ကိုကြည်အေးသည် ဝမ်းသာသောအပြုံးကို ချိုမြစွာပြုံးလိုက်ပြီး . . .

"ဆောရီး ခိုင်ရယ် ကို့ကို စိတ်မဆိုးနဲ့နော်။ ဒီလိုပြောမိတာဟာ ခိုင့်ကိုချစ်လွန်းလို့ပြောမိတာပါ ခိုင်ရယ် နော် နော်"ဟု တောင်းပန်ရင်း ချိုအေးသော အနမ်းပန်းကို ခိုင့်အသည်းမှာ ထိုးစိုက်ပန်ဆင်ပေးလေ၏။

ယင်းအနမ်းကား တိတ်တခိုးချစ်သူအဖြစ်ဖြင့် နောက်ဆုံးပွင့်သောပန်းပေတည်း။

* * *

## (၂)

ပျော်လိုက်သည့်ဖြစ်ခြင်း။

ခိုင့်ဘဝတွင် ဤအချိန်သည် အပျော်ဆုံးဖြစ်သည်ထင်၏။ လောကဟူသည် သောကဟူသမျှ၊ ကြောင့်ကြဟူသမျှ ကင်းပါကလားဟု ခိုင်ကမြင်သည်။ နေ့သည်လည်း သာယာ၏။ ညသည်လည်း လှပ၏။

ထိုအခါဝယ် ခိုင်သည် လောကကို ကျဉ်းမြောင်းလှသည်ဟု ထင်သည်။

မှန်၏။ ကိုကြည်အေးနှင့် ခိုင်တို့ ငှားရမ်းနေထိုင်သော အိမ်ခန်းမှာ ကျဉ်းရသည်တွင် အခန်းသုံးခန်းရှိသော တန်းလျား၏ အလယ်ခန်းဖြစ်ကာ အခန်းများကို
mgyoe.com

mgyoe.com
ဝါးထရံနှင့် ကာထားပြန်ရာ လူ့ယဉ်ကျေးမှုအရ စောင့်စည်းရမှုများကြောင့် ကျဉ်းကျပ်သည်။ လွတ်လပ်မှုမရှိ။ ပြောချင်သည်ကို ပြောချင်သလို မပြောရ။ ပြုမူချင်သမျှ စိတ်လွတ်ကိုယ်လွတ် မပြုမူရ။

သည်တော့ ဆရာမြို့မငြိမ်း၏ သီချင်းကို "မှန်လှပါတကား လူတွေ၏ သဘောကို သိလွန်းလှပါကလား" ဟု ဆိုရတော့မည်။ ဘာတဲ့ ချစ်သူနှင့် နှစ်ယောက်တည်းသာဆိုလျှင် သုညဒီဂရီအောက် ရောက်အောင်အေးသော ဧဝရက်တောင်ထိပ်သို့ဖြစ်စေ၊ ရေဆူမှတ်သို့ ရောက်လုနီး ပူပြင်းသော သဲကန္တာရထဲသို့ဖြစ်စေ သွားရောက်စတည်းချနေချင်ပါသည်။ လူသူလေးပါးနှင့် ကင်းဝေးရေးသာလျှင် အဓိကဟု ဆိုသည်မဟုတ်သလော။

ဟုတ်ပါသည်။ ဝါးထရံသာလျှင် ခြားထားသော အလယ်ခန်းထဲတွင် ချစ်ဦးသူနှင့်နေရသည်မှာ မလွတ်လပ်။ သို့သော် ပျော်ပါသည်၊ ရွှင်ပါသည်။ ကိုကြည်အေး၏ ချိုမြသောမျက်နှာသည် လပြည့်ဝန်းနှယ်ပါတကား။

ထို့ပြင် ကိုကြည်အေး၏ကြင်နာမှုများသည် လေပြည်လေညင်းပမာဖြစ်၍ ကိုကြည်အေး၏ယုယမှုများသည် နွေမိုးပေါက်နှယ် နှစ်လိုအားထားဖွယ်ရာများဖြစ်သည်ဟု ခိုင်နားလည်လေ၏။

ထို့ကြောင့် အခန်းကလေးကျဉ်းမြောင်းသော်လည်း မေမေတို့ ပူပန်နေရှာမည်ဟု ခိုင်မတွေးမိ။ ကိုယ်စိတ်မလွတ်လပ်သော်လည်း တရားဝင်လင်မယားအရာမြောက်ရေးအတွက် သိမှတ်ပြုအခမ်းအနားတစ်ရပ် ပြုလုပ်ရေးကို ခိုင် မစဉ်းစားမိ။

ကိုကြည်အေး ဝယ်ပေးသောအင်္ကျီလှလှလေးတွေ၊ ထဘီလှလှကလေးတွေကို ဝတ်၍ ရုပ်ရှင်ကြည့်လိုက်၊ လည်ပတ်လိုက်၊ ပျော်ပွဲရွှင်ပွဲများသို့သွားလိုက်၊ စားလိုက်၊ အိပ်လိုက်နှင့် ခိုင်၏လောကမှာ သာယာမှုအားလုံး ဖုံးယှက်နေခဲ့လေ၏။

ခိုင်တို့မိသားစုတွင် ခိုင်သည်အကြီးဆုံးဖြစ်ရာ အိမ်မှာတုန်းကတော့ ခိုင်သည် အားလုံးကို ညှာရ၏။ အစားဆိုလည်း မောင်လေးတွေ ညီမလေးတွေအတွက် ခိုင်က နောက်ဆုတ်ပေးရသည်။ အဝတ်ဆိုလည်း ညီမလေးတွေ မောင်လေးတွေကို ခိုင်က ဦးစားပေးရ၏။ မောင်လေးတွေ ညီမလေးတွေ၏ကျန်းမာရေးကိုလည်း ခိုင်သာလျှင် မျက်ခြည်မပြတ် စောင့်ကြည့်ပြုစုခဲ့ရသည်။

အရာရာတွင် ကိုယ်ကချည်း ပြုစုထွေးပိုက်ခဲ့ရသော ခိုင်သည် ယခုမူ အယုအယခံ အပြုစုခံဖြစ်နေလေပြီ။ အစားဆိုလျှင် "စား စား ခိုင်ဝရင် ကိုယ်ဝတာပဲ"ဟု ကိုကြည်အေးကဆိုသည်။ အဝတ်တွင်လည်း "ခိုင့်ဖို့ ဒါလေးက၊ ခိုင်နဲ့လိုက်တာ။
mgyoe.com

mgyoe.com
ခိုင်ဝတ်စေချင်လို့" စသည်ဖြင့် ကိုကြည်အေးသည် ကိုယ့်အတွက် မစဉ်းစားဘဲ ခိုင့်ဖို့ ချည်း ထပ်တလဲလဲ ဝယ်၏။ မိခင်၏ရင်ခွင်နှင့် လင်သား၏ရင်ခွင် ကွာပါပေ့။

ခိုင့်မိဘများ၏ စီးပွားရေးမှာ ဘာမဆိုလိုချင်တာရသော မှောင်ခိုဈေးနှင့် ဆက်သွယ်နိုင်သော အခြေအနေမျိုးမဟုတ်။ ပြည်သူ့အထည်ဆိုင်က လုံလောက်အောင် ရောင်းချပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ အထည်အလိပ် ပြည်သူ့ဆိုင်ကိုသာ အားကိုးခဲ့ရရာ ဝတ်မည့်ခါးတွေ တစ်လှေကြီးအတွက် တစ်ထွာတစ်ညို ရလာတိုင်း အငယ်တွေကိုသာ ပေးခဲ့ရသည်။ ယခုကား အဝတ်အထည်လှလှဆန်းဆန်းကလေး တွေမှာ ခိုင့်အတွက် ဖောခြင်းသောခြင်း။

ခိုင် ရွှင်ရွှင်ကြည်ကြည်မရှိလျှင် ကိုကြည်အေး ပျာယာခတ်နေ၏။ နဖူးကို စမ်းကြည့်၊ လက်ဖျားကိုကိုင်ကြည့် "ခေါင်းထဲက ဘယ်လိုနေသလဲ၊ ရင်ထဲက ဘာဖြစ်လဲ"ဟု မေးသည်မှာ အမော။ ကြာသော် ခိုင် မနေတတ်။

မောင်လေးတွေ ညီမလေးတွေကို အရိပ်ကြည့်စောင့်ရှောက်ခြင်းဖြင့် မိမိကိုယ် မိမိ ပြန်မကြည့်အားသော ခိုင်မှာ မိမိကိုယ်တိုင် ပန်းကလေးလို မပြတ်အကြည့်ခံ ရသောအခါ ကိုကြည်အေးကို အားနာသည်မှာ သာမည။ ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ကျေနပ်ခြင်း၊ ပျော်ရွှင်အားတက်ခြင်းမှာ ပဓာနဖြစ်သည်။

ထို့ကြောင့်လည်း ခိုင်သည် အရာရာကို မေ့လျော့ခြင်းဖြစ်၏။ ထို့ကြောင့် သာလျှင် ခိုင်၏လောကတွင် သောကမမြူမတင်၊ ကြောင့်ကြရိပ်စိုးစဉ်း မထင်ခြင်းဖြစ် ၏။

သို့သော် ကိုကြည်အေး အလုပ်ခွင်သို့ ပြန်ဝင်သောနေ့တွင် ခိုင်မှာ အားငယ် သလိုလိုဖြစ်လျက် အခန်းငယ်တွင် တစ်ယောက်တည်း ကျန်ခဲ့ရသည်။ အလုပ် မဆင်းဘဲ အိမ်မှာချည်းနေ၍ရလျှင် ကောင်းလေစွဟု ခိုင် တောင့်တမိသည်။

* * *

## (၃)

ကိုကြည်အေး၏ဆန္ဒအရ ရုံးတက်လက်ထပ်ပြီးနောက် သုံးရက်မြောက်နေ့တွင် ဖြစ်သည်။

ကိုကြည်အေး အလုပ်သွားပြီး တစ်နာရီမျှကြာသည်အထိ ခိုင်သည် အိပ်ရာထဲ၌ ပျင်းနေမိ၏။ အတန်ကြာမှ လူးလဲထကာ မှန်ကိုဦးစွာကြည့်မိရာ နှုတ်ခမ်းတွင် အနီဖုကလေး သုံး၊ လေးခုကို မြင်ရသည်။ သည်တော့မှ ဟိုကနာသလို ဒီက အောင့်
mgyoe.com

mgyoe.com
သလိုဖြစ်သည်ဟု ထင်လာ၏။ သို့ရာတွင် သူ့အကြောင်းနှင့်သူသာဟု ခိုင်က ယူဆသည်။

လက်မောင်းတွင်သော်လည်းကောင်း၊ ခြေထောက်တွင်သော်လည်းကောင်း ဤသို့ဖြစ်လျှင် အရေးမကြီး။ အလှအပတို့တည်ရာ နှုတ်ခမ်းတွင်လာဖြစ်သဖြင့် ဂရုတော့စိုက်မှဖြစ်မည်။ နံနက် ၉ နာရီမှ ၁၁ နာရီအထိဖွင့်သော ဆေးခန်းတစ်ခန်းလည်း လမ်းထိပ်တွင်ရှိရာ ကိုမပါလည်း အရေးမကြီး။ ဝေးသောနေရာလည်းမဟုတ် သည့်အတွက် ခိုင်သည် အပျင်းပြေသဘောဖြင့် ဆေးခန်းသို့လာခဲ့၏။

ဆရာဝန်မှာ အမျိုးသမီးဖြစ်သည်။ ခိုင်မှာ ပျော်သလို အားတက်သလို ဖြစ်သွား၏။ မိမိအလှည့်သို့ရောက်၍ အခန်းထဲသို့ဝင်ကာ ပြသသည့်အခါတွင် ဆရာဝန်သည် အနီဖုကလေးတွေကို ခေတ္တမျှသာကြည့်ပြီးနောက် မည်သို့မျှမဆိုင်သော နေရာတွေကို လျှောက်ပြီးစမ်းသပ်သည်။ ခိုင် စိတ်မရှည်ချင်တော့ပေ။

"ညီမမှာ အိမ်ထောင်ရှိသလား"

ခိုင်စိတ်တိုလာပြီ။ "ရှိတယ်" ဟု ချဉ်ချဉ်ရှိသဖြင့် ခိုင်က ပြတ်တောင်းစွာဖြေသည်။

"စိတ်မရှိနဲ့နော် ညီမ။ ညီမရဲ့ နှုတ်ခမ်းက အဖုကလေးတွေဟာ ဆစ်ဖလစ်ရောဂါရဲ့ အစပဲ"

"ဆစ်ဖလစ်ဆိုတာ ဘာလဲရှင့်"

"စိတ်မဆိုးနဲ့နော်။ ဒါဟာ ကာလသားရောဂါတစ်မျိုးပဲ။ ဒါဟာ ညီမရဲ့ယောကျ်ားက ကူးစက်တာဖြစ်လိမ့်မယ်"

ခိုင်၏နားဝသို့ မိုးကြိုးပစ်ခံလိုက်ရသည် ထင်၏။ ဆရာဝန်၊ စမ်းသပ်ခုတင်၊ ဆေးပုလင်းများသည် အရှိန်ပြင်းစွာဖြင့် ခိုင့်အား ပတ်ချာလည်နေကြသည်။ ထိုမှ တစ်ဖန် မျက်နှာကြက်သည် အောက်၊ ကြမ်းပြင်သည် အထက်သို့ လူးလိမ့်သွားသည့်အတွက် ခိုင်သည် လိမ့်မကျစေရန် ကုလားထိုင်လက်တင်ကို နာနာဆုပ်ထားသည်။

"ဆိုးတော့ ဆိုးတဲ့ ရောဂါပဲ ညီမ။ ဒါပေမဲ့ သိပ်ပြီးတော့လည်း မကြောက်ပါနဲ့။ ဆေးဝါးကုသပြီး ရောဂါရှိတဲ့ယောကျ်ားနဲ့ မဆက်ဆံဘဲနေလိုက်ရင်. . . "

ဆရာဝန်စကားကို ခိုင် မကြားတော့ပါ။ မကြားနိုင်တော့ပါ။ ဆေးထိုး၍ နာကျင်ခြင်းနှင့် စားဆေးပေးလိုက်ခြင်း၊ ဝယ်ရန် ဆေးစာရေးပေးလိုက်ခြင်း၊ ဆေးဖိုးဝါးခ ရှင်းပေးလိုက်ရခြင်း စသည်များကို ခိုင် သတိမရတော့ပါ။ ကာလသားရောဂါ ကာလသားရောဂါဆိုသော အသံကသာ ခိုင်၏နားထဲမှ ကျယ်လောင်စွာ အဆက်မပြတ် အော်နေပါတော့သည်။
mgyoe.com

mgyoe.com
မိန်းမများ ကာလသားရောဂါကူးစက်ခံရလျှင် အကုသရခက်၏။ သားအိမ်ထိပါ ရောဂါပြန့်ပွားသျှ မိခင်သာလျှင် လူဖြစ်ရှုံးသည်မဟုတ်။ မွေးဖွားလာမည့် သားသမီး အားလုံးမှာလည်း ကာလသားရောဂါရှိသော မိခင်ကြောင့် တစ်နည်းမဟုတ်တစ်နည်း လူစဉ်မမီ ဖြစ်ကုန်ကြရသည်ဟု စာထဲတွင် ခိုင်တွေ့ဖူးသည်။ ယခု မိမိကိုယ်တိုင် ကြုံရပါပြီကော။

သည်အခါ မေမေ့စကားကို ခိုင် ကြားယောင်လာရလေ၏။

"မောင်ကြည်အေးကို ကြည့်ရတာ ရိုးရိုးကုပ်ကုပ်နဲ့ လူကောင်းသူကောင်း ဖြစ်လိမ့် မယ်ထင်ပါတယ်။ ဒါပေမဲ့ ကုပ်ကုပ်နေတိုင်းလည်း လူရိုးမဟုတ်ဘူး။ ရိုးတိုင်းလည်း လူကောင်းမဟုတ်ဘူး။ ဒါကြောင့် သူ့မှာ သားကြီးမယားကြီးရှိသလား၊ မျိုးရိုးဇာတိက ဘယ်လို၊ သူ့အမူအကျင့်က ဘယ်လိုဆိုတာ မေမေတို့ စုံစမ်းပါရစေဦး။ သိပ်ပြီးမဆိုးရင် ပေးစားပါ့မယ်"

မေမေသည် ဤသို့ပြောခဲ့၏။ ဤသို့ပြောခြင်းသည် အပြစ်ရှာချင်သောကြောင့်ဟု ယူဆကာ ခိုင်သည် ကိုကြည်အေးနောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့သည်။ မေမေ၏အေးချမ်းသော၊ အမြော်အမြင်ကြီးသော မေတ္တာရေစင်ကို ခါးသီးပူလောင် သည်ထင်ကာ ဖာကျိုးမယားဘဝကို သာယာစုံမက်မိပါပြီကော။

ခိုင်သည် မည်သို့မျှ ချုပ်တည်း၍မရတော့ပေ။ လမ်းတစ်လျှောက်လုံး ငိုလာမိ သည်။ အဝတ်လှလှကလေးတွေနှင့် ချိုသာသောစကားလုံးများသည် မိမိအား ဒုက္ခပေး မည့် ကာလသားရောဂါအား လွှမ်းခြုံတန်ဆာဆင်ပေးခဲ့သော မကောင်းဆိုးဝါး ဘက် တော်သားများပါကလားဟု အထင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ခါးပေါ်က ယိုးဒယားပါတိတ်နှင့် နှစ်ထပ်ဇာကို ဆွဲလွှင့်ပစ်ချင်လာသည်။

သို့သော် ငို၍မပြီးသေး။ အခန်းရှေ့တွင် ဧည့်သည်ဟုထင်ရသော အမျိုးသမီး တစ်ယောက်ရပ်နေ၏။ အခန်းနီးချင်းထဲက မဟုတ်။ ခိုင်သည် မျက်ရည်သုတ်၍ ထိုမိန်းမရှေ့တွင် ရပ်လိုက်သည်။

"ဘယ်သူ့ တွေ့ချင်လို့ပါလဲရှင်"

"ဒါဟာ ကိုကြည်အေးတို့ အခန်းလား"

"ဟုတ်ပါတယ်ရှင် အစ်ကို ရုံးသွားပါတယ်။ ကိစ္စရှိရင် မှာပစ်ခဲ့ပါ"

"ညီမက ကိုကြည်အေးနဲ့ ဘာတော်သလဲ"

"ကျွန်မက သူ့ဇနီးပါရှင်။ အထဲ ဝင်ထိုင်ပါဦး။ ဘာကိစ္စများပါလဲရှင်"

ခိုင်သည် အခန်းတံခါးကိုတွန်းဖွင့်၍ အခန်းထဲသို့ ရှေ့ဆောင်ကာ တက်လာ
mgyoe.com

mgyoe.com
၏။ ဧည့်သည်အမျိုးသမီးသည် ခိုင်ပေးသောနေရာတွင် ထိုင်လိုက်၏။

"မမဟာ ကိုကြည်အေးရဲ့ တရားဝင်မယားကြီးပဲ ညီမ"

"ရှင်"

ခိုင်သည် နားကိုယောင်၍ပိတ်လိုက်ကာ ဧည့်သည်ကို ကြောက်ရွံ့ထိတ်လန့်စွာ ပြူးကြည့်နေမိလေ၏။

"ဟောဒီမှာ ရုံးတက်လက်မှတ်ထိုးထားတဲ့ စာချုပ်ပါ ညီမရယ်"

ခိုင် မမြင်တော့။ ဘာကိုမျှ ခိုင်မကြားတော့။ ငွေမျက်ရည်သည်သာ ကျုံလျှော့စ ပါးမို့မို့ပေါ်သို့ ပူလောင်စွာ စီးဆင်းလာလေတော့သည်။

ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း
ဇွန်လ၊ ၁၉၆၈ ခုနှစ် ။

◆

mgyoe.com

mgyoe.com

# ကျော့သီနှောင်း

## (၁)

ဆရာ့ထံမှ ပေးစာသည် ဆရာ့လက်ရာများလိုပင် လှပနွဲ့ပျောင်းနေလေမည် လား။ ဆရာ့အဘိဓမ္မာ များနှယ် အလှတရားကို ဆွဲကိုင်သုံးသပ်နေမည်လား။

ကျော့သီနှောင်းသည် တဆတ်ဆတ်တုန်သောလက် ဣန္ဒြေဆည်နိုင်စိမ့်ငှာ စာအိတ်ဝါဝါကို ရင်မှာကပ်၍ မဖွင့်ရသေးသည့် စာအိတ်ထဲမှ ဆရာ့စာကို ခန့်မှန်းရင်တုန်နေရလေ၏။

ဆရာ့စာများသည် ကျော့သီနှောင်းထံသို့ သုံးကြိမ်လာခဲ့ပြီးပြီ။ ပထမစာတွင် စာဖတ်ပရိသတ်ထံသို့ စာရေးဆရာက ပြန်ကြားသော သာမန်ကျေးဇူးတင်စကားဖြစ်သည်။ ဆရာ့ ပြန်ကြားစာသည် ဆရာ့စာများလိုပင် မြတ်နိုးဖွယ်ကောင်း၏။ ဆရာ့စာနိဂုံးချုပ်ကို ကျော့သီနှောင်း အလွတ်ရနေသေးသည်။

*ကံပစ်ချရာပဲလို့ ဆိုချင်ဆိုကြပေလိမ့်မယ် ကျော့သီနှောင်း။ ကျွန်တော့်မှာတော့ ဘဝအလယ်မှာ အထီးကျန်တွယ်ရာမဲ့ပါ။ တစ်နေ့ တစ်နေ့ စာဖတ်ပရိသတ်တွေဆီကို ပြန်စာရေးပြီးတော့ ပူလောင်တဲ့ဘဝကို မေ့အောင်ကြိုးစားနေရတာပါ။*

ဆရာ၏စာကိုဖတ်၍ ကျော့သီနှောင်း ဝမ်းနည်းရသည်ဆိုလျှင် မပိုပါ။

mgyoe.com

mgyoe.com
ကျော့သီနှောင်း၏ရင်မှာ တကယ်ဖြစ်ကြောင်းကို ကျော့သီနှောင်းထက် ဘယ်သူမှ ပို၍မသိနိုင်။ ဆရာ့ကို သနားစိတ်ယိုဖိတ်ရသည်မှာလည်း မပြုပြင်မလှုံ့ဆော်ဘဲ ပေါက်ပွားလာရသော ခံစားချက်အရင်းအတိုင်းသာ ဖြစ်သည်။

သို့လျှင် ခံစားချက်အတိုင်း ကျော့သီနှောင်းရေးသား၍ ဆရာ့ထံပို့မိ၏။ ဆရာသည် သနားစရာ မဟုတ်လား။ ကန္တာရအလယ်မှာ ဝင့်မကင်း၍ ကျန်ကြွင်းနေသော ရွက်ကင်းပင်အိုလို သနားစရာကြီးဖြစ်ချေသည်။ သို့မို့ကြောင့် ဆရာ့စာတွေမှာ သနားငွေ့ ကြင်နာငွေ့တို့ မွှေနှောက်ပါလာသည်ဟု ထင်ရ၏။

ကျော့သီနှောင်း၏စာ ဆရာ့ထံရောက်လောက်ပြီးသောရက်ထက် ခုနစ်ရက်မျှ ကြာလျှင် ဆရာ့ထံမှ စာတစ်စောင်ရောက်လာသည်။

*ဆရာက*

*ဗန်းမော်တင်အောင်ရဲ့ 'ကရုဏာရဲ့သမီးပျို' ဆိုတဲ့ စကားလုံးကို ဟိုတုန်းက ကျွန်တော် ရွတ်ချမိခဲ့ပါတယ် ကျော့သီနှောင်းရယ်။ အခု ကျော့သီနှောင်းရဲ့စာကို ဖတ်ရတော့မှ ကရုဏာရဲ့သမီးပျိုဆိုတာ တကယ်ရှိတာကို သိပါတော့တယ်။ ငြိုးငွေ့စရာကောင်းတဲ့ ကျွန်တော့်ဘဝမှာ ကျော့သီနှောင်းရဲ့ ကရုဏာနံ့သာမှုန်လိမ်းကျံတဲ့စာဟာ ရေကြည်တစ်ပေါက်ပါပဲ။*

*မသင့်တာကြံတယ်၊ မတော်တာ စိတ်ကူးတယ်လို့ အပြစ်ဆိုလေမလား။ မိုးပေါ်က နေလနှစ်ပါးကို ရထားဘီးလုပ်ပြီး စီးချင်တဲ့ ကလေးငယ်လို ကဲ့ရဲ့မလားတော့ မသိဘူးလေ။ ကျွန်တော်တော့ ဒီလိုအေးချမ်းတဲ့ ကရုဏာမေတ္တာရိပ်မှာ ခိုလှုံချင်တဲ့စိတ်နဲ့ တောင့်တလာမိတယ်။ ဒါဟာ ခံစားချက်ကို ရိုးရိုးသားသားနဲ့ ရင်းနှီးစွာ ဖော်ပြတာပါလေ။*

အစကသော် ဆရာ့စာကို နှစ်သက်ရာက စာဖတ်သူတို့၏ထုံးစံအတိုင်း စာရေးဆရာထံသို့ ချီးကျူးစာရေးသားပေးပို့ခဲ့ခြင်းဖြစ်၏။ ဤသည်ကလွဲ၍ ကျော့သီနှောင်း၌ တစ်ပါးသောရည်ရွယ်ချက် မရှိခဲ့ပါ။

ဆရာ၏ဒုတိယစာကိုဖတ်ရတော့ ကျော့သီနှောင်း ရင်ခုန်ရလေ၏။

"သနားစရာ ကြင်နာစရာတွေရေးနေတဲ့ ဆရာ့ဘဝဟာ သူ့စာတွေလိုပဲ ကြင်နာစရာ သနားစရာ ဖြစ်နေပါကလား"

ကျော့သီနှောင်း မတွေးဘဲမနေနိုင်။ တွေးရ၊ ကရုဏာသက်ရ၊ ကြင်နာစိတ်ယိုဖိတ်ရသည်နှင့်အမျှ စာထဲကဆိုစကားကို စဉ်းစားရလေသည်။ ဆရာက မိမိ၏ ခံစားချက်ကို ရင်းနှီးသောစိတ်ဖြင့် ရိုးသားစွာဖော်ပြခြင်းပါဟု ဆိုပေသည့် ကျော့သီနှောင်းမှာ
mgyoe.com

mgyoe.com
ပူလောင်သောဆရာ့ဘဝ နွေပင်အိုကို မေတ္တာထီးဖြူ အုပ်မိုးပေးချင်လာလေသည်။

လောကဥ္ဇ သူ့ရဲကောင်းကြီးဖြစ်ပါစေ၊ ပညာရှိကြီးဖြစ်ပါစေ၊ အဖော်မွန်အိမ်သူကောင်းကို မတွဲရပါက အလဟဿတည်းဟု ကျော့သီနှောင်း ကြားနာရဖူး၏။ ဆရာ့ဘဝသည်လည်း အဖော်ကောင်းလိုနေပြီ။ ဆရာ၏ တောင့်တသောလိုအင်ကို ကူညီဖြည့်ဖွက်သော် ဆရာ့ဘဝသာယာလျှင် မိမိဘဝမှာလည်း ပန်းများခင်း၍၊ တေးများသီ၍၊ စမ်းများစိမ့်၍၊ ချိုငြိမ့်သာယာမည်မှာမလွဲဟု တွက်ဆရသည်။

ကျော့သီနှောင်း၏ စေတနာသည် ဖြူစင်၏။ စာရေးဆရာ့မယားဖြစ်ချင်၍ မဟုတ်။ မိမိကြည်ညိုလေးစားသော စာရေးဆရာတစ်ယောက်၏ဘဝ သာယာရေးကို ပါရမီဖြည့်ခြင်းသာဖြစ်သဖြင့် စာရေးလိုက်ပြန်သည်။ စာတွင် ဆရာ့အားကြင်နာကြောင်း၊ သနားကြောင်းစသည်များ။

ဆရာ့ထံမှ တတိယစာသည် လှပန္တံ့နှောင်းလာချေ၏။ စာနု၊ စကားနုဖြင့် မေတ္တာစကားကိုဆိုလာသည်။ သစ္စာတရားကို တင်ပြလာသည်။

ယခု စတုတ္ထစာတွင်ကား မည်သို့နည်း။

ကျော့သီနှောင်းသည် တဆတ်ဆတ်တုန်နေသောလက် ဣန္ဒြေဆည်နိုင်စိမ့်ငှာ စာအိတ်ဝါဝါကိုရင်မှာကပ်၍ မဖွင့်ရသေးသည့် စာအိတ်ထဲမှ ဆရာ့စာကို ခန့်မှန်းရင်တုန်ရလေသည်။

"ကိုယ်တို့ လက်ထပ်ကြပါစို့လို့တော့ဖြတ်ရင် ဘယ့်နှယ့်လုပ်ရပါ့"

ကိုယ့်ဘာသာကိုယ် မေးခွန်းထုတ်ပြီး ကိုယ့်ဘာသာကိုယ် မျက်လုံးပြူးရသည်။

ကျော့သီနှောင်းသည် စာအိတ်ကလေးဝါဝါလွင်ကို ငေးစိုက်ကြည့်သေး၏။ တဖြည်းဖြည်း မပွင့်တပွင့်ပြောသည်။

"ဆရာ့ပါရမီကိုဖြည့်မယ့် နှောင်းပါ ဆရာရယ်"

ပြောပြီးလျှင်ပြီးချင်း ကျော့သီနှောင်းလန့်သွား၏။

"ဒီလို ကန္တံ့ကလျပြောတာကို ဆရာကြိုက်မှ ကြိုက်ပါ့မလားမသိဘူး"

ကျော့သီနှောင်း၏ ချိုညက်သော ရယ်မောသံလွင့်ဝဲသွားစဉ် မတုန်တော့သော လက်ချောင်းကလေးသည် စာအိတ်ကို စတင်ဖွင့်လေ၏။

* * *

## (၂)

ဆရာ့ကို ချစ်သည်ဆိုလျှင် ဆရာချစ်သောအရက်ကို ကျော့သီနှောင်း ချစ်ရပါ

mgyoe.com

mgyoe.com
လိမ့်မည်။ သို့ပေမဲ့ ကျော့သီနှောင်းမှာ အရက်ကို ချစ်၍မရပါ။ အရက်ကို မချစ်သည့်တိုင်အောင် အရက်ကို သူစိမ်းပြင်ပြင်မမုန်းတီးရန် ကျော့သီနှောင်း ကြိုးစားရမည်။ လင်ခန်းမယားခန်းဟူသည် သင်းပျံ့စမြဲ။ ထုံရစ်စမြဲဟု ဆရာရေးသောစာများမှာ ကျက်စားသော ကျော့သီနှောင်း နားလည်ခဲ့၏။ မိမိနှင့်ဆရာ၏ လင်ခန်း မယားခန်းမှာမူ စူးရိုင်းသောအရက်နံ့။

"ဆရာ့ကိုချစ်ရင် ဆရာချစ်တဲ့ အရက်ကလေးကိုလည်း သနားပါ ကြင်နာပါ ကျော့ရယ်"ဟု ဆရာသည် မူးယစ်လေးတွဲ့စွာ တောင်းပန်၏။

အရက်ကို ကျော့သီနှောင်း မချစ်နိုင်ပါ။ သနားလည်း မသနား၊ ကြင်လည်း မကြင်နာနိုင်ပါ။

"ဟင့်အင်း ဆရာ၊ အရက်ကိုမမုန်းဖို့ ကျော့ ကြိုးစားပါ့မယ် ဆရာ။ သနားတော့ မသနားပါရစေနဲ့ ကြင်လည်းမကြင်နာပါရစေနဲ့ ဆရာရယ်"

"ဆရာချစ်တဲ့အရက်ကို မချစ်နိုင်၊ မသနားနိုင်တာဟာ ဆရာ့ကိုမချစ်တဲ့ မသနားတဲ့သဘောပေါ့နော်"

ကျော့သီနှောင်း ရင်ဝယ်ထိတ်ရပါသည်။ "ဒီလိုမဟုတ်ပါဘူး ဆရာရယ်။ ဆရာချစ်တဲ့အရက်ကို ကျော့မမုန်းမိအောင် ကြိုးစားပါ့မယ်"ဟူ၍ ကပျာကသီ ရှင်းလင်းတောင်းပန်ရသည်အထိ အရက်ပြဿနာဖြစ်လာ၏။

"အို မဟုတ်ဘူး"

ဆရာသည် ကျော့သီနှောင်းကို တွန်းမပစ်စေကာမူ တွန်းပစ်သည် ထင်ရစေသည်။ ရမ္မက်ဖြင့် ဆွဲဖက်ထားရာက အရှိန်ကို လျှော့လွှတ်လိုက်ရာ တွန်းပစ်သည်ပဲ ထင်စရာရှိ၏။ ဆရာသည် အမူးကို မထိန်းနိုင်၍ ငိုင်နေသော်လည်း ကျော့သီနှောင်းကမူ ဆရာ့စိတ်မှာ ထိခိုက်သွား၍သာဟု ထင်သည်။

"ကျော့ ပြောပါရစေ ဆရာ"

"ပြောဖို့လိုသေးလား ကျော့ရယ်။ မ,ကိုချစ်မှ ဥကိုချစ်ဆိုတာလို ဘယ်လိုမှ ခွဲခွာမရတဲ့ ဆရာနဲ့အရက် ဒွန်တွဲနေတာမှာ အရက်ကိုမချစ်ဘူး ဆရာကိုသာချစ်တယ်ဆိုတာ ရယ်စရာပါကျော့ရယ်"

ကျော့သီနှောင်းအသည်းတွင် ပူပြင်းသောဝေဒနာဖြစ်လာတော့၏။ ဆရာအထင်လွဲပြီဟု ဝမ်းနည်းသောစိတ်သည် တလှိုက်လှိုက်တက်ပွက်လာသည်။

"ဆရာ ဒီလိုစွဲစွဲမြဲမြဲ ရှိမယ်မထင်လို့ ပြောမိတာပါ ဆရာရယ်။ ဆရာ့ကို ချစ်သလို အရက်ကိုလည်းချစ်နိုင်အောင် ကြိုးစားပါ့မယ်နော်"
mgyoe.com

mgyoe.com

"တော်ပြီ ကျော့၊ စင်စစ်တော့ မိန်းမဟာ မိန်းမပါပဲကလား။ စာရေးဆရာကြီးဟဲ ဟဲ၊ နိုင်ငံကျော်စာရေးဆရာကြီးဆိုတဲ့ဂုဏ်ကို ချစ်တာ မက်မောတာပါ ကျော့ရယ်။ လင်ရယ် မယားရယ်ဖြစ်လာပြီးမှ ဟန်ဆောင်မနေပါနဲ့တော့။ ကို့ရဲ့ကျော်ကြားမှုကို မက်မောတယ်၊ ကျော်ကြားမှုကြောင့်ရလာတဲ့ငွေတွေကို ခင်တွယ်တယ်။ ဒါဟာ မင်းရဲ့မှုသားအချစ်ပဲ"

"ဆရာ ကျော့ကို အထင်မမှားပါနဲ့ ဆရာ။ ကျော့ဟာ ဆရာ့အတွက်ပါ၊ ဆရာချစ်တာ မှန်သမျှကို ချစ်ဖို့ဝန်မလေးပါဘူး"

"ကိုင်းပင်က ကြံပင်ဖြစ်ရိုးမရှိတာကို ကိုက စိတ်ကူးယဉ်မိတယ်ကျော့။ မင်းဟာ တကယ်တော့ ကိုင်းပင်ပါပဲ။ တော်ပါတော့။ ကဲ ကဲ အိပ်တော့ မင်းမနှစ်သက်တဲ့အရက်နံ့နဲ့ မင်းကို မနှောင့်ယှက်ချင်ပါဘူး"

ဆရာ့အသံသည် ဒေါသမပါပေ။ အေးဆေးစွာပြော၍ ကျော့သီနှောင်းအပါးမှဖဲ၏။

"ကို ချစ်တဲ့အရက်ကတော့ အဝတ်အစားမပါဘဲ သွားသောက်လည်း လက်ခံတာပဲ။ တောက်တောက်ပြောင်ပြောင် ဝတ်စားပြီးသွားလည်း မငြင်းဘူး။ အရင်းရှင်ရယ် အလုပ်သမားရယ်လို့လည်း အရက်က မခွဲခြားဘူး။ ကိုလေ အခု အဲဒီအရက်ဆီကိုပဲ သွားမယ်"

အေးဆေးငြိမ်သက်သော ဆရာ့စကားလုံးများသည် ဝါရင့်နေသော လူသတ်သမားကြီးတစ်ယောက် အေးဆေးစွာ လူသတ်သလို ကျော့သီနှောင်းအား ဒေါသသံမပါဘဲ နှိပ်စက်၏။ စိတ်ဆိုးဟန်မပြဘဲ ရင်ကိုခွဲသည်။

ဆရာ့စာများသည် နုဖပ်၏။

ဆရာကား စာနှင့်ကွာပါဘိတောင်း၊ ခြားပါဘိတောင်း။

ဆရာ့စာများသည် ကြင်နာခြင်းဖြင့် ပြည့်လျှမ်းသော်လည်း ဆရာမူ သွေးအေးအေးဖြင့် ရက်စက်သောအလုပ်ကို ကျင့်သားရနေပါတကား။

ဆရာသည် မေတ္တာရေကြည်အိုင်ဟု ထင်စဖွယ်ဖြစ်ခဲ့၏။ လက်တွေ့တွင်ကား ဆရာသည် ဒေါသအာဃာတရေတံခွန်ပါတကား။

သို့လျှင် သုံးသပ်မိသည့်အဆုံး၌ ကျော့သီနှောင်းက အဖော်မဲ့သော စက်မွေ့ရာထက်တွင် မျက်ရည်ကိုအဖော်ပြုရလေသည်။

သစ်လွင်သော အိပ်ရာပေါ်သို့ ကျော့သီနှောင်း၏ပူနွေးသော မျက်ရည်ပေါက်များစီးကျနေ၏။ ညစ်ပေသောခွက်ထဲသို့ အရက်သွန်ထည့်နေသော စာရေးဆရာ့ကမူ

mgyoe.com

mgyoe.com
"မိန်းမတွေဟာ အလကားပဲ။ အသုံးမကျရာမှာ အတူတူပဲ။ ကောက်ကျစ်ရာမှာ တိုင်ပင်မထားဘဲနဲ့ ထပ်တူဖြစ်နေတယ်"ဟူ၍ မှတ်ချက်ချလျက်ရှိ၏။

သို့သော် ကရုဏာ၏မိခင်ပျို့ဖြစ်ချင်သော ကျော့သီနှောင်းမှာမူ စက္ကူပေါ်မှ ဆရာ့စကားလုံး လှလှပပကလေးများကို အလွတ်ရနေဆဲ၊ ရွတ်ဆိုနေဆဲပါတကား။

* * *

## (၃)

"ကနေ့ မနက်စာချက်ဖို့ ဆန်တောင်မရှိတော့ဘူး ဆရာ"

ကျော့သီနှောင်းသည် ဆရာ့အပါးသို့ မဝံ့မရဲတိုးကပ်လာရင်း ပြောလေသည်။ ဆရာသည် အိပ်ရာမှထလျှင် လုပ်နေကျအတိုင်း အရက်ပုလင်းကို အပြေးအလွှား ရှာဖွေမော့၏။ အရက်တစ်ငုံမျှသည် ဆရာ၏ရင်ကို မအေးစေနိုင်။

ဤအခိုက်ဝယ် ကျော့သီနှောင်းက ညင်သာစွာပြောလိုက်ခြင်းဖြစ်ရာ ဆရာက လှည့်မကြည့်ဘဲ မေး၏။

"ဆန်မရှိဘူး ဟုတ်လား"

"ဟုတ်ကဲ့"

"ဒီတော့ ငါက ဘာလုပ်ရမှာလဲ။ ဆန်စက်ထဲသွားပြီး ထမ်းခဲ့ရမှာလား"

ကျော့သီနှောင်းမှာ သက်မကို ဆရာမသိအောင်ချရသည်။ စကားကောင်းကောင်း ပြောရန် အချိန်သည်မရှိသလောက် ဖြစ်နေပါပကော။ သို့သော် ထားတော့၊ ချစ်မိလျှင် မိမိက စွန့်လွှတ်ရပေလိမ့်မည်။

"အိမ်တစ်အိမ်မှာ မရှိရင် မဖြစ်တဲ့ ဆန်ကိုတောင် ပြတ်အောင်ထားရတာဟာ အိမ်သုံးပိုက်ဆံပြတ်နေတဲ့အကြောင်းကို ပြောတာပါဆရာ"

"အိမ်မှာသုံးဖို့ ပိုက်ဆံမရှိရင်လည်း မရှိတော့ဘူးလို့ ရှင်းရှင်းပြောပါတော့လားကွ"

"ဟုတ်ပါတယ် ဆရာ၊ ဘာကိုပဲပြောပြော အကောင်းမထင်တော့ မပြောတတ်တော့ဘူး၊ ပြောလည်း မပြောရဲတော့ဘူး ဆရာ"

ဆရာသည် ပုလင်းကို ဆောင့်ချပြီး ကျော့သီနှောင်းအား လှည့်ကြည့်သည်။ အိပ်ရေးမဝသော မျက်နှာတွင် ရွတ်ချသောအကြည့်ကို ကျော့သီနှောင်းတွေ့ရ၏။ ဒါသည် ချစ်သူတို့၏အကြည့်လား။ ကျော့သီနှောင်း ခံပြင်းလိုက်တာ။

"ဟေ့ ဒီမှာ၊ မင်းသိထားဖို့က အနုပညာသည်ဟာ ငွေရဖို့ အသက်ရှင်နေတာ မဟုတ်ဘူး။ နားလည်လား။ မင်းလက်ဖြန့်တောင်းတိုင်းပေးဖို့ ငါ့ပညာကို နွေ့နဲ့

mgyoe.com

mgyoe.com
မရောင်းနိုင်ဘူး"

"ဆန်မရှိလို့ ဆန်ဖိုးတောင်းတာနဲ့ ဘယ်လိုမှမပတ်သက်တဲ့ စကားကိုမပြောပါနဲ့ဆရာ"

"အေး ဒါပဲ၊ မင်းတို့မိန်းမတွေမှာ ဒါပဲ တတ်တယ်။ ဟော့ ပိုက်ဆံမရှိလို့ လဲပြီးသေနေ၊ ငါ ဘာမှမတတ်နိုင်ဘူး။ စာရေးဆရာမယားတိုင်းဟာ ဒီလိုပဲ ခံစားရမှာပဲ"

"ဆရာ မနေ့က ဦးကြည်အေးတို့ တိုက်က ငွေငါးရာရလာတယ် ကြားပါတယ်။ ဘယ်ရောက်ကုန်ပြီလဲ"

"ဘယ်မှမရောက်ဘူး၊ ရှိသားပဲ"

"တစ်ရာပေးခဲ့ရင် ကျော့နဲ့ အိမ်သုံးစရိတ် တစ်ပတ်ကျော်ကျော်လုံလောက်ပါတယ် ဆရာ"

ဆရာသည် အပေါ်အင်္ကျီကိုမွှေနှောက်ပြီး ငွေစက္ကူများကို ဖရိုဖရဲဆွဲထုတ်သည်။ ရေတွက်ကြည့်သည်။ ကျော့သီနှောင်းလည်း လှမ်းကြည့်ရင်း ဆရာနှင့်ရောနှောကာ စိတ်ထဲမှရေတွက်ကြည့်ရာ သုံးရာနီးပါးကျန်သေး၏။

"သုံးရာဆိုရင် တစ်ရာတော့ ရကောင်းရဲ့"ဟု တွေးတောမျှော်လင့်သော်လည်း ဆရာသည် ငါးကျပ်တန် တစ်ရွက်သာလျှင်ပစ်ပေးသည်။

"ဒါနဲ့ပဲ လောက်အောင်သုံး"

"အိမ်လခလည်း မပေးရသေးဘူး ဆရာရယ်။ တစ်ရာတော့ပေးပါ၊ ငါးကျပ်နဲ့ ဘာ သုံးလောက်မလဲ ဆရာ"

ဆရာသည်နှုတ်ဖြင့်မဆို၊ ကျော့သီနှောင်းကိုသာ လျော့ရဲရဲစိုက်ကြည့်နေသည်။

"ရေထမ်းသမားကို ပေးရမယ့် ကြွေးကိုက ခုနစ်ကျပ်ပါ ဆရာရယ်။ ကျော့ဝတ်ဖို့ စားဖို့ တောင်းတာမဟုတ်ပါဘူး။ ပြီးတော့ မီးဖွားတဲ့အခါမှာ အားရှိအောင် ဆေးဝယ်သောက်ဖို့လည်းရှိ . . ."

ကျော့သီနှောင်း ဆုံးအောင်မပြောရပါ။ ဆရာသည် အိမ်ပေါ်မှ အလျင်အမြန် ဆင်းသွား၏။ ကျော့သီနှောင်းသည် ဆရာ့ကျောပြင်ကို ဆို့နင့်စွာ ငေးကြည့်လျက် ကျန်ရစ်သည်။

ဆရာ့စာထဲက မေတ္တာတရားများသည် စက္ကူပေါ်မှာသာ ရှိသယောင်။

ဆရာ့ကြင်နာမှုများသည် ရင်တွင်းမှာမရှိ။ ကလောင်ဖျားမှာသာ ရှိသယောင်၊ ကျော့သီနှောင်း တမြည့်မြည့်ခံစားသိမြင်လာရပေပြီ။

* * *

mgyoe.com

mgyoe.com

(၄)

စာရေးဆရာ ရွှေကြိုးကြာသည် အရက်စွတ်စိုသောနှုတ်ခမ်းအစုံကို လက်ဝါး ဖြင့်ပွတ်သပ်ရင်း မိမိအား ကြည်ညိုစွာကြည့်နေကြသော ကလောင်သစ်ကလေးများ အား စူးစူးရဲရဲကြည့်လိုက်သည်။

ကလောင်သစ်ကလေး မောင်ကြည်ကြည်မှာ စူးစူးရဲရဲအကြည့်ခံရသဖြင့် မျက်နှာ လွှဲရင်း အဖော်ဖြစ်သူ မောင်ရီရီအား ကြည့်၏။ မောင်ရီရီသည်လည်း မောင်ကြည် ကြည်၏ အခက်ကိုမကူညီနိုင်၍ မျက်နှာလွှဲထားရသည်။ သို့ဖြင့် မောင်ကြည်ကြည် မှာ တုန်တုန်ယင်ယင် စကားစရ၏။

"ကျောက်တံတားရဲစခန်းရှေ့ရှိတဲ့ တယ်လီဖုန်းကနေပြီး ဆရာကတော်ဖုန်းဆက် တယ်ဆရာ"

"အိပ်ရာထဲ လဲနေတဲ့သူက ဖုန်းဆက်နိုင်မလား မောင်ကြည်ကြည်ရဲ့။ မပတ်စမ်း ပါနဲ့"

ရွှေကြိုးကြာသည် ရယ်ကျဲကျဲလုပ်သည်။

"ဆရာ့ကတော်ကိုယ်စား လူတစ်ယောက်က ဖုန်းဆက်တာပါ ဆရာ။ ဆရာ ကတော် ဗိုက်နာနေလို့တဲ့"

"ဗိုက်နာရင် ဂျင်မခါနာကို သွားလို့မပြောလိုက်ဘူးလား"

"ဒီလိုပါ ဆရာ။ အရပ်ကဝိုင်းပြီး ဂျင်မခါနာကိုပို့ဖို့အလုပ်မှာ ဆရာလိုက်မပို့ ရင် မသွားဘူးတဲ့ ဆရာ။ နေရာတင် အသေခံမယ်တဲ့၊ အဲဒါကြောင့် ဆရာ အမြန်ပြန် ခဲ့ပါတဲ့"

ရွှေကြိုးကြာသည် ဆေးလိပ်ကို အေးဆေးစွာ ဖွာရှိုက်လိုက်ပြီးနောက် အရက် ခွက်ကိုမော့၏။ အာလူးကြော်ကို အရသာခံ၍ ဝါး၏။

"ဆရာကတော်ကို သနားပါတယ် ဆရာ။ သွားလိုက်ဖို့ကောင်းပါတယ်။ အခု ကိစ္စမှာတော့ မီးဖွားမယ့်ဥစ္စာဆိုတော့ ပိုပြီးယုယသင့်ပါတယ် ဆရာ"

မောင်ရီရီက မရဲတရဲပြောရာ ရွှေကြိုးကြာသည် မောင်ရီရီအား ရယ်ကျဲကျဲနှင့် စိုက်ကြည့်နေတော့သည်။

မောင်ရီရီ မျက်နှာလွှဲလိုက်လျှင် ရွှေကြိုးကြာက ပြော၏။

"အရင်းရှင်အိမ်ထောင်ရေးမှာ ဒါမျိုးတွေ့ရမှာပဲကွ၊ ဒီလိုဖြစ်တာဟာလည်း မဆန်း ပါဘူး"

"ဟာ ဆရာ့ဥစ္စာက လက်တွေ့ကျင့်သုံးရမယ့်အခါမှာ အာရိုက်နေလို့ဖြစ်မလား

mgyoe.com

mgyoe.com

ဆရာရဲ့။ ဆရာကတော်ဟာ ဆရာ့ကို ကြည်ညိုရာက အိမ်ထောင်ဖက်ပြုတယ်။ ဆရာ့ကို သနားလို့ ဆရာ့အချစ်ကို လက်ခံတယ်။ ဒါတွေကို ထောက်ထားသင့်ပါတယ် ဆရာရယ်"

မောင်ကြည်ကြည်သည် မျက်နှာလွှဲလျက် တင်းတင်းမာမာပြောသည်။ ရွှေကြိုးကြာက အရက်ခွက်ကို တင်းတင်းဆုပ်ကိုင်ရင်း ကြမ်းပြင်ကို စိုက်ကြည့်နေ၏။

"သွားလိုက်ပါ ဆရာရယ်"ဟု မောင်ရီရီကလည်း ဝင်ပြောသည်။ ရွှေကြိုးကြာက မလှုပ်ရှား။

"စာရေးဆရာရွှေကြိုးကြာ ရှိလားဟေ့" ဟူ၍ သံကုန်ဟစ်ရင်း လူတစ်ယောက် တိုက်ထဲသို့ ဝင်လာသဖြင့် မောင်ရီရီက လှမ်း၍အသံပြုသည်။ ထိုသူက စားပွဲနားကပ်လာကာ မောကြီးပန်းကြီးဖြင့်ပြော၏။

"မင့်မိန်းမ ကျော့သီနှောင်းတော့ ဘယ်လိုမှပြောမရတာနဲ့ အိမ်မှာပဲ မီးဖွားလိုက်ရတယ်။ ဒါပေမဲ့ မီးမဖွားနိုင်လို့ ဆုံးရှာပြီ။ ခများမှာ အသက်သာထွက်သွားရော မင်းကို တမ်းတသွားရှာတယ်"

ရွှေကြိုးကြာသည် အရက်ခွက်ကို အသာချ၍ အာလူးကြော်ကို အရသာခံကာ ဝါးနေလေ၏။

**မိုးဝေမဂ္ဂဇင်း**
**ဇန်နဝါရီလ၊ ၁၉၆၉ ခုနှစ်။**

◆

mgyoe.com

mgyoe.com

# ပိုက်ဆံငါးပြား

## (၁)

အမေ့ဘေးတွင် အဖေရှိနေခဲ့သော်လည်း မောင်ကျော်အေးသည် အမေ့ကို စိတ်မချပေ။ အမေသည် အိပ်ရာထဲတွင်လဲနေ၍ အဖေသည်ကား အမေနှင့် စာပါမှ နေကောင်းသူဟု ခေါ်နိုင်သော ခပ်နုံ့နုံ့ အဖိုးကြီးဖြစ်သည့်ပြင် နဂိုက စိတ်ခပ်ဆတ်ဆတ်တွင် မကျန်းမာသောကြောင့် တိုနေသည်။ မတော်တဆ လူနာကိုကိုင်ဆောင့်နေမှဖြင့်။

သို့သော် သူသည် အမေ့ကို ခဏထားခဲ့ရ၏။ စိတ်မချဘဲနှင့် ထားခဲ့ရ၏။

သူသည် သူ့အား လူ့ဘဝသို့ ပို့ဆောင်ပေး၍ သူ့အား လူဖြစ်လာအောင် ကျွေးမွေးပြုစုခဲ့သော အမေသည် သူ့အတွက် အရေးကြီးသလို အရီသည်လည်း သူ့အတွက် အရေးပါသည်။

အရီသည် သူ၏ချစ်သူဖြစ်၏။ အရီသည် ကားမောင်းအလုပ်သမား ကိုထွေးမှတစ်ဆင့် သူ့ထံသို့ စာပေးလိုက်သည်။ "အရေးကြီးလို့ ချက်ချင်းသွားပေးပါမှာ လိုက်တာနဲ့ လာပေးရတာဗျား။ ကားကို လမ်းထိပ်မှာရပ်ထားခဲ့ရတယ်" ဆိုကာ ကိုထွေးက စာပေးသွား၏။

အရီ၏စာထဲတွင် အကျိုးအကြောင်းမပါချေ။ နေ့လယ်တစ်နာရီတိတိတွင် ပန်းဆိုးတန်းနှင့် ဗိုလ်ချုပ်လမ်းထောင့်မှ စောင့်မည်။ တစ်နာရီခွဲအထိ စောင့်မည်ဟူ၍သာပါရှိသည်။

mgyoe.com

mgyoe.com

ကိုထွေးမှတစ်ဆင့် မိမိက စတင်ချိန်းထားသည့်အတွက် မောင်ကျော်အေး ဖင့်နွဲ့မနေအားဘဲ ဆယ့်နှစ်နာရီတွင် အိမ်မှထွက်လာခဲ့၏။ လမ်းထိပ်ကုန်စုံကွမ်းယာဆိုင်တွင် ငါးပြားတန်စက္ကူဆေးလိပ်တစ်လိပ် ဝယ်သောက်သည်။ ဆေးလိပ်တစ်ဝက်ကျမှ ဘတ်စ်ကားမှတ်တိုင်သို့ရောက်ကာ ဆေးလိပ်ကုန်ခါနီးမှ ကားစီးခွင့်ရ၏။

မောင်ကျော်အေးသည် ဆေးလိပ်တိုကို လွှင့်ပစ်ခဲ့သည်။ ကားဆီသို့ အတင်းပြေးလာ၏။ ကားသည် မှတ်တိုင်မရောက်မီ ကြိုရပ်သလို မည်သူမျှ မတက်နိုင်စေရန်လည်း အတင်းမောင်းထွက်သည်။ မောင်ကျော်အေးကတော့ ဘီးလိုမ့်စတွင် အတင်းခုန်တက်လိုက်သည်။

ကားခပေးရန် အိတ်ထဲနှိုက်ရာ ပိုက်ဆံဆယ့်ငါးပြားသာ ထွက်လာသည်။ ထောင့်တွင် ကပ်နေလိုနေငြား ထပ်မံစမ်းသပ်၏။ အမှုန် အမှိုက်များမှတစ်ပါး ဘာမျှ မရှိ။

"ဘယ်သွားမလို့လဲ လက်မှတ်ဆုတ်ပါ"

အတင်းမောင်းထွက်ပါလျက်နှင့် မီဖြစ်အောင် မီကာ တက်ဖြစ်အောင် တက်၍လိုက်ပါလာသူမို့ မောင်ကျော်အေးမှာ မာရေကျောရေ အပြောခံရသည်။ သူသည်ဆက်လက် စမ်းသပ်မနေနိုင်တော့ဘဲ စပယ်ယာထံ ဆယ့်ငါးပြားကမ်းပေးလိုက်ရ၏။

ထို့နောက် အိတ်ထဲထပ်မံနှိုက်၏။ ပိုက်ဆံမရှိတော့ချေ။ သူက တွက်ကြည့်၏။ အိမ်မှ ပိုက်ဆံနှစ်ဆယ့်ငါးပြားထည့်လာသည်။ ဆေးလိပ်ငါးပြားဖိုးသောက်သည်။ ပြားနှစ်ဆယ်ကျန်သည်။

သို့ဖြစ်လျှင် ငါးပြားဘယ်ရောက်ပါသနည်း။

ပိုက်ဆံငါးပြားသည် မှတ်တိုင်မှ ကားဆီသို့အပြေး၌ ကျပျောက်ခြင်းဖြစ်ပေမည်။

"အေးလေ ကိစ္စမရှိပါဘူး"

သူသည် ကားဖြတ်သန်းသွားသည့်လမ်းတစ်လျှောက် မြင်ရသောတဲအိမ်များ ကွက်လပ်များကို ငေးမောလိုက်ပါလာစဉ် လာရင်းလူကို သတိရ၏။

"သူတော့ မျှော်နေရှာရော့မယ်"

* * *

## (၂)

အရီသည် မောင်ကျော်အေးတို့ ဆိပ်ကမ်းဂိတ်မှ ကွမ်းယာသည်မကလေးဖြစ်၏။ အဖေက သမီးနောက်မှ လိုက်လံထိန်းကြပ်ရ၏။ အမိကား မရှိပြီ။

အရီသည် ကျောင်းဆရာမအလုပ်ဖြင့် မိဘကိုလုပ်ကျွေးရန် ရည်ရွယ်ထားသော်

mgyoe.com

mgyoe.com
လည်း ခုနစ်တန်းအရောက်၌ လုည့်တတ်ပတ်တတ် ရာဖွေတတ်သော မိခင်ကြီး ဆုံးပါးသွားသဖြင့် ရည်မှန်းချက်မရောက်မီ ကျောင်းမှထွက်ကာ အဖကျင်လည်ခဲ့ရာ နေရာဟောင်းတွင် ကွမ်းယာနှင့်ဆေးလိပ်စုံ လာရောက်ရောင်းချနေရသည်။

အရီနှင့် မေတ္တာမျှပြီး မကြာမီပင် မောင်ကျော်အေးသည် အရီ၏ဘဝကို စုံစုံ စေ့စေ့သိခဲ့ရ၏။

အရီသည် စာအသင့်အတင့်တတ်သည်နှင့်အမျှ ဆက်ဆံရေးအဆင့်အတန်းမြင့် သည်။ ကွမ်းယာကို ဖြစ်ကတတ်ဆန်း ယာမပေး။ ဝယ်ယူသူ၏စိတ်ကြိုက်ဖြစ် အောင် လုပ်ပေးလေ့ရှိ၏။ ကွမ်းယာဖိုး၊ ဆေးလိပ်ဖိုးကို ဆယ်ပြားတစ်မတ် အကြွေး ပေးသော်လည်း ငွေရှင်းသည်အထိကား မစောင့်။ တစ်ရက်နှစ်ရက်သာ စောင့်သည်။ အကယ်၍ ထိုအကြွေးယူသူ အလုပ်သမားက ကတိအတိုင်း ထိုနေ့ ထိုရက်တွင် မပေးပါက ကြွေးကိုမူ ရအောင်တောင်း၏။ သို့သော် ထိုသူအား ငြူစူဟန်မပြ။ ကြွေး လည်း ထိုသူအား မပေးတော့ချေ။

မောင်ကျော်အေးနှင့် အရီသည် ပါးချင်းအပ်ကာ လက်ချင်းဆက်၍ ဆိတ်ငြိမ် ရာ၌ မဆုံးစတမ်း ချစ်စကားများ ပြောနိုင်ခွင့်ရသော ချစ်သူများမဟုတ်ကြပေ။ အဖိုး ကြီးနှင့် လူသူလေးပါးလစ်လျှင် ချစ်ခင်မြတ်နိုးသောအကြည့်ချင်း ဖလှယ်နိုင်ကြ သည်။ သည့်ထက် အခွင့်သာလျှင် စကားသုံးလေးခွန်းကို အပြေးအလွှား ပြောရ သည်။

အရီသည် မောင်ကျော်အေးအား တစ်လလျှင် နှစ်ကြိမ်မျှ ပိုက်ဆံပေးရလေ့ရှိ သည်။ များများတော့မဟုတ် ငါးမူးတစ်ကျပ်မျှသာ။ မောင်ကျော်အေးက ချေးသော် လည်း အရီက မချေးပေ။

တစ်ကြိမ်တွင်မူ မောင်ကျော်အေးသည် အရီ့ထံမှ ငွေငါးကျပ်ချေးဖူး၏။

"မရှိဘူး အစ်ကိုရဲ့။ မနေ့က မူစကီးနဲ့ ကွမ်းသီးရလို့ ဝယ်ထားလိုက်ရလို့ပါ"

"အစ်ကိုတို့ သုံးဖို့ စားဖို့မဟုတ်ပါဘူး အရီရယ်။ အမေ့ဖို့ ဆေးဝယ်ချင်လို့ပါ"

နာရေးဖျားရေးဆိုသောအခါ အရီမှာ မနေသာတော့ပေ။ ငွေငါးကျပ်ထုတ်ပေး ရသည်။

"အရီမှာ မရှိဘူးနော်အစ်ကို။ တစ်ရက်နှစ်ရက်အတွင်း ရအောင်ရှာပေးပါ။ မရှိ လို့ပြောတာ စိတ်မဆိုးနဲ့နော် အစ်ကို"

"စိတ်ချ စိတ်ချ"

"ပေါ့ပေါ့ပြောလို့ မဖြစ်ဘူးနော် အစ်ကို။ မရရင် ရအောင်ရှာပေးနော်။ မရှိလို့
mgyoe.com

mgyee.com
ပြောတာပါ"

"စိတ်ချ စိတ်ချ"

ထိုသို့ချေးယူခဲ့သော ငွေငါးကျပ်သည် မောင်ကျော်အေးအား မကြာမီ ပူလောင်စေတော့၏။

အရီ့ထံမှ လွယ်လွယ်ချေးငှား၍ ရခဲ့သော်လည်း အခြားသူများထံမှ ရစရာကိုကား မောင်ကျော်အေး လွယ်လွယ်နှင့် မရပေ။ သို့ဖြင့် ကတိပေးသောနေ့တွင် မဆပ်နိုင်တော့ချေ။

မောင်ကျော်အေး မျက်နှာပူ၏။ အရီကား မူမပျက်ချေ။ အမေနေကောင်းလားစသည်များကိုပင် မေးသေး၏။ မောင်ကျော်အေးသည် ထိုငွေငါးကျပ်ကို ခုနစ်ရက်နောက်ကျပြီး ငွေရှင်းသောနေ့ကျမှ ဆပ်နိုင်ခဲ့သည်။ ထို့နောက်တွင် အရီ့ထံမှ ချေးငှား၍ မရတော့ချေ။ ငါးမူးထက်မနည်း တစ်ကျပ်ထက်မများသောငွေကိုမူ တစ်လလျှင် နှစ်ခါမျှ ပေးကမ်းထောက်ပံ့လေ့ရှိသည်။

* * *

## (၃)

အရီ ထိုသို့ ကတိတစ်လုံးကို တန်ဖိုးထားတတ်ခြင်းကြောင့် မောင်ကျော်အေးသည် ချိန်းချိန်ထက် တစ်နာရီစော၍ အိမ်မှထွက်လာသော်လည်း ကားကျပ်လျှင်ဖြစ်လေ့ရှိသည့်အတိုင်း အဆင်းကြန့်ကြာသဖြင့် ခရီးမတွင်တော့ချေ။ ဤသို့ ခရီးသည်တွေ မဆံ့မပြဲပါလာသောကြောင့်လည်း ကားသည် သာကေတတံတားသစ်ကို မတက်နိုင်ဘဲ နောက်ပြန်လိမ့်ဆင်းသွားရပေသည်။

ကားပေါ်မှလူများဆင်းတွန်း၊ ပြန်တက်နှင့် အချိန်က ထပ်မံဖင့်နွဲ့ရ၏။

ပုဇွန်တောင် ပန်းခြံထောင့်မှတ်တိုင်မှ ထွက်လာ၍ ပန်းခြံထောင့်ကို ကားကွေ့မိလျှင် စပယ်ယာသည် မောင်ကျော်အေးရှေ့မှာ လာရပ်သည်။

"ဆယ့်ငါးပြားလက်မှတ် ပန်းခြံထောင့်မှာ ကုန်ခဲ့ပြီ၊ ထပ်ပြီးလက်မှတ်ဆုတ်ပါ"

ပိုက်ဆံမရှိတော့ဟု သိထားပေမဲ့ မောင်ကျော်အေးသည် အင်္ကျီအိတ်ကို စမ်းမိသေး၏။

"မပါတော့လို့ပါဗျာ"

"ပြီးတာပဲလေ၊ ကျုပ်တို့က နိဗ္ဗာန်ကူးတို့ပို့နေတာ ကျနေတာပဲ"

စပယ်ယာသည် မောင်းမချစေကာမူ မောင်းချသည်ထက် ဆိုးသည်ဟု မောင်ကျော်
mgyee.com

mgyoe.com
အေးထင်၏။ ရှက်သည်။

ရှက်သောကြောင့်လည်း"ကားခကို အပြည့်ထည့်လာပါတယ်ဗျာ။ ကားဆီ ပြေး အလာမှာ ငါးပြားကျကျန်ခဲ့လို့ပါ"ဟု အရှက်ပြေ ပြော၏။

"ဟုတ်ကဲ့ ကိစ္စမရှိပါဘူး၊ ကားကလည်း ဒီတစ်စီးပဲရှိတာကိုးဗျ"

မောင်ကျော်အေး ဆက်မပြောရဲတော့ပေ။ မိမိက အရှက်ပြေပြောတိုင်း စပယ်ယာ က ဆက်လက်အရှက်ခွဲသဖြင့် ပို၍ဆိုးမည်။ ထို့ကြောင့် ပန်းဆိုးတန်းမှတ်တိုင်အထိ အောင့်ခံမည်ဟု စိတ်ကူးကာ ငြိမ်နေလိုက်သည်။

"ကျုပ်တို့ ကားသမားတွေ ဆိုးတယ်ဆိုးတယ်နဲ့ ခရီးသည်တွေဘက်က ဆိုးတာ ကျတော့ မပြောကြဘူး။ လစ်ရင် ပိုက်ဆံမပေးဘဲ စီး၊ မလစ်ရင် ပိုက်ဆံမပါဘူး"

စပယ်ယာသည် နောက်တက်လာသောခရီးသည်များထံ ရွှေ့သွား၏။ ပါးစပ် ကမူ ဆက်၍မြည်မြဲ။

"တစ်မတ်လမ်းကို ဆယ့်ငါးပြားပေးစီးလား စီးရဲ့၊ ပြားနှစ်ဆယ်လမ်းကို ဆယ့် ငါးပြားပေးလားပေးရဲ့"

ပြောသောစကားတိုင်းတွင် မောင်ကျော်အေးနှင့်ပတ်သက်သော ဆယ့်ငါးပြား ချည်း ပါဝင်နေသည်။ မောင်ကျော်အေးမှာ ပန်းဆိုးတန်းမှတ်တိုင်ရောက်အောင် လိုက် နိုင်သော သတ္တိမရှိပြီ။ ကရစ်လမ်းမှတ်တိုင်အရောက်၌ ကုပ်ကုပ်ကလေးဆင်းကာ အမြန်ဆုံးလျှောက်ခဲ့လေ၏။

၄၆ လမ်းထိပ်သို့ရောက်လျှင် ဈေးဒီးဒီးကျကာ ဟိုက်လာသည်။ သို့သော် ထွက် နေကျဈေးသည် အဆန်းမဟုတ်။ အရီနှင့်တွေ့မှ ဖြစ်မည်။ သို့မှသာ ပိုက်ဆံချေးနိုင် မည်။ ချေး၍မရပါက တောင်းမည်။ ငါးမူးတစ်ကျပ်မရပါမူ ခရီးစရိတ်တော့ ရရမည်။ ထို့ကြောင့် မောင်ကျော်အေးသည် မပြေးရုံတမည် သွက်သွက်လျှောက်သည်။

၃၈ လမ်းဈေးအလွန်မှ လှမ်းကြည့်သောအခါ မောင်ကျော်အေး မောသွား၏။ မီးရထားဘူတာနာရီစင်မှ နာရီသည် နှစ်နာရီတိတိကို ပြလျက်ရှိ၏။

"သွားပြီ အရီတော့ ငါ့ကို စိတ်ဆိုးသွားပြီ"

သို့သော် စောင့်ရင်းစောင့်ရင်းဖြင့် နှစ်နာရီထိုးအထိ အရီ ရှိမနေနိုင်ပါသလော။ ထိုသို့တွေးမိကာ မောင်ကျော်အေး ခြေလှမ်းသွက်လာသည်။ ချိန်းထားသောနေရာသို့ အဝေးမှ လှမ်းကြည့်သည်။ အရီနှင့်ယိုးမှားစရာ မိန်းမသော်မျှ မရှိ။

မောင်ကျော်အေးသည် အရီအား နှစ်နာရီခွဲအထိ လိုက်လံကြည့်ရှုပြီးနောက် အရီ၏ကွမ်းယာဆိုင်သို့ လိုက်သည်။ အရီ့အဖေသာ ရှိသည်။

mgyoe.com

mgyoe.com
"အရီ ဘယ်သွားလဲ ဦးလေး"
"အင်းစိန်က သူ့အစ်မဝမ်းကွဲ နေမကောင်းလို့ကွ။ သူ့အဒေါ်နဲ့ လိုက်သွားတယ်"
"တော်တော်ကြာပြီလား ဦးလေး"
"ငါးမိနစ်လောက်ပဲ ရှိဦးမယ်"
ထပ်မံ၍ မောင်ကျော်အေး မေးသွားရပြန်၏။ အဖိုးကြီး မသက်မသာမည်စိုးသဖြင့် ဂိတ်ဘက်သို့ လျှောက်သွားပြီးနောက် ပြန်လှည့်ခဲ့သည်။
"အရီဟာ ခုနကမှ ဆိုင်ကထွက်သွားတယ်ဆိုတော့ ငါနဲ့ ချိန်းထားတဲ့နေရာက ပြန်လာပြီး ဆိုင်မှာ တစ်နာရီနီးပါး ရှိနေသေးတာပဲ"
ထိုသို့တွေးမိသည်နှင့်တစ်ပြိုင်နက် အရီ့ကို မိမိမမီလိုက်သော တရားခံကိုတွေးလိုက်မိသည်။ ပိုက်ဆံငါးပြား။
တရားခံသည် ပိုက်ဆံငါးပြားဖြစ်၏။ ပိုက်ဆံငါးပြားသာ ကျမကျန်ခဲ့လျှင်၊ ပိုက်ဆံငါးပြားကိုသာ အမှတ်မဲ့ဆေးလိပ် ဝယ်မသောက်မိလျှင် မောင်ကျော်အေးသည် ခြေကျင်လျှောက်ရမည်မဟုတ်။ ခြေကျင်သာမလျှောက်ရပါက ချိန်းထားသည့်နေရာတွင် မတွေ့သည့်တိုင်အောင် ဆိုင်တွင်ကား အရီ့ကို မုချတွေ့ရမည်။ ယခုမူ ချေးငှားရန် တောင်းရမ်းရန်ဝေးစွ၊ ခရီးစရိတ်ပင် မရှိပြီ။

* * *

## (၄)

မောင်ကျော်အေးသည် မိတ်ဆွေသူငယ်ချင်း တွေ့လိုတွေ့ငြား ကြည့်သည်။ ဖယ်ရီကား ကြုံလိုကြုံငြား မျှော်၏။
သို့တစေ သူ ကြာကြာအချိန်မဆွဲနိုင်ပါ။ အိမ်၌ အမေ လူမမာနှင့် အဖေအိုကြီးကို ထားခဲ့ရသည်။ အချိန်မီချက်ပြုတ်စားသောက်ပြီး ညလှည့်အလုပ်လည်း ဆင်းရပေဦးမည်။
သည်တော့ သူမတတ်သာ။ ရုံးဆင်းချိန် လူကျပ်ခြင်းကို အခွင့်ကောင်းယူ၍ ပိုက်ဆံမပါဘဲ ဘတ်စ်ကားတက်စီးသည်။ သူက နောက်ပေါက်မှ တွယ်တက်ချိန်တွင် စပယ်ယာက ရှေ့ပိုင်းရောက်နေ၏။ သူသည် အလယ်သို့ရောက်အောင် အတင်းတိုးဝင်သည်။ အဘယ်ကြောင့်ဆိုသော် စပယ်ယာသည် အလယ်မှလူကို သက်သာယနကင်းစွာ ချန်ကျော်သွားလေ့ရှိသောကြောင့်ပင်။
မောင်ကျော်အေးသည် လမ်း ၅၀ အရောက်၌ ထိုင်စရာနေရာရသည်။ သည့်
mgyoe.com

mgyoe.com
အတွက် သင်္ဘောကျင်းမှတ်တိုင်အရောက်၌ ရှေ့လမ်းဆုံတွင် စတော့ဂျက်ဖွင့်ကာ လက်မှတ်စစ်နေသည်ကို မြင်ရ၏။ သူထိုင်သောနေရာမှာ ဘေးစွန်ကဖြစ်ရာ လက်မှတ်စစ်က သေချာပေါက် လက်မှတ်တောင်းတော့မည်။ ယခုမှ အလယ်ဝင်ပြီး ထရပ်လျှင်လည်း ပိုဆိုးမည်။

"ဟာ မဖြစ်ဘူး မဖြစ်ဘူး"

သူသည် ဆင်းသူများ မကုန်မီ အတင်းတိုးဇွတ်ဆင်းလာသည်။ ထို့နောက်တွင် ကား နောက်ကားကို ခိုးစီးရန် မျှော်လင့်ချက်မရှိပြီ။ တက်သူနည်းပါးသွားချိန်တွင် ခိုးစီးခြင်းကား မိုက်မဲလွန်းလှသည်။

မောင်ကျော်အေးသည် သုံးရပ်ကွက်မှ ဖြတ်ချ၏။ ခြေလှမ်းကျဲကျဲလှမ်း၏။ အိမ်သို့ရောက်ချိန်တွင် ငါးနာရီထိုးပြီ။

"အောင်မြိုင်နဲ့ လမ်းထိပ်မှာ မတွေ့လိုက်ဘူးလားဟေ့"

ဖခင်ကြီးက ဆီးမေးသည်။

အောင်မြိုင်ဆိုတော့မှ ယနေ့ညနေ အိမ်ဝင်ပြီး သူ့အကြွေးဆယ့်ငါးကျပ် ဆပ်ပါမည်ဟု အသေအချာ ချိန်းထားသော အောင်မြိုင်၏ကတိကို သတိရကာ "မတွေ့လိုက်ဘူးအဖေ" ဟု ပြန်ဖြေ၏။

"မင်းကို စောင့်နေတာ တစ်နာရီလောက်ကြာတယ်။ အရေးကြီးရင် လိုက်သွားပါလား။ အခုပဲ ထွက်သွားတာ"

မောင်ကျော်အေးသည် ရင်ပူပူနှင့်အပြေးလိုက်လာသည်။ လမ်းထိပ်တွင် မိမိတို့ဂိုဏ်းမှ ဘခင်ကို တွေ့၏။

"အောင်မြိုင်များ မတွေ့ခဲ့ဘူးလား"

"တွေ့ခဲ့တယ် လမ်းကွေ့မှာပဲ ရှိသေးတယ်။ သွား သွား မှတ်တိုင်တောင် မရောက်သေးဘူး"

သူပြေးလာသည်။ အိမ်၌ ပိုက်ဆံမရှိ၊ အရီနှင့်လွဲလျှင် အောင်မြိုင်ကိုကား မိမှ ဖြစ်မည်။

"ဟေး အောင်မြိုင်"

သူသည် အဝေးမှ လှမ်းခေါ်၏။ အနားရောက်အောင် ဆက်လျှောက်နေလျှင် လာနေသောဘတ်စ်ကားနှင့် ပါသွားချေမည်။

"ကွာ မင်းနှယ် စောင့်လိုက်ရတာ"

အောင်မြိုင်က ဆီး၍အပြစ်တင်၏။
mgyoe.com

mgyoe.com
"အခုပဲ ပြန်ရောက်တယ်။ အဖေက ဆီးပြောလို့ ပြေးလိုက်လာရတာကွာ။ ကဲပေးပေး၊ ပိုက်ဆံပါတယ် မဟုတ်လား။ ပြတ်နေတာနဲ့အတော်ပဲ"

"မင်းနဲ့ သန်ဘက်ခါတွေ့မှပေးတော့မယ်ဆိုပြီး ဘခင်ကို ချေးလိုက်ရတယ်ကွ"။

"အဖေ့ ပေးထားခဲ့ ပြီးရောကွာ"

"ဖြစ်မလားကွ လူကြီးတွေ အသိခံချင်တဲ့ ပိုက်ဆံလား အသိမခံချင်တဲ့ ပိုက်ဆံလားမှ မသိတာ။ ကဲပါကွာ ငါ့မလည်း ကားခပဲရှိတော့တယ်။ သွားမယ်ဟေ့"

အောင်မြင့်သည် ထိုးရပ်လာသော ဘတ်စ်တစ်စီးပေါ်သို့ ပြောပြောဆိုဆို ပြေးတက်သွား၏။

မောင်ကျော်အေးသည် ယခုမှ မောရမှန်းသိသည်။ အိမ်ဘက်သို့ ဦးလှည့်လာသော သူ၏ခြေထောက်များသည် မသွက်ချေ။

"ပိုက်ဆံငါးပြားကြောင့် အရိုနဲ့မတွေ့တာ၊ အရိုနဲ့မတွေ့လို့ အောင်မြင့်နဲ့ တွေ့ပြီး လွဲတာ"

သူသည် ဤနှယ်သာ ကွင်းဆက်များဆက်၍ စိတ်ထဲမှ မှတ်ချက်ချနေမိတော့သည်။

**မိုးဝေမဂ္ဂဇင်း**

◆

mgyoe.com

mgyoe.com

# ဝါးတားကွပ်အရေးတော်ပုံ

## (၁)

သည်လင်းဇင်းမြောင်းကြောင့်သာ သူ သည်လိုဖြစ်ရသည် အတွေးပေါက်ကာ ကိုသာဖန်သည် လင်းဇင်းမြောင်းကို မုန်းတီးနေတော့သည်။

လင်းဇင်းမြောင်းသည် ချောင်းကို ကျော်၏။ တောကိုဖြတ်၏။ စလင်းချောင်းမှ ရေကို လယ်သမားတို့၏လယ်ကွင်းတွင်းသို့အရောက် ဆောင်ကြဉ်းပေး၏။ လယ်သမားတို့၏မိတ်ဆွေဖြစ်သော လင်းဇင်းမြောင်းကို လယ်သမားကြီး ကိုသာဖန်ကိုက အဘယ်ကြောင့် မုန်းတီးနေရပါသနည်း။

ကိုသာဖန်၏ လင်းဇင်းမြောင်းမုန်းရောဂါသည် ကိုသာဖန်ကျောပေါ်က အစင်းကြောင်းကြီးတွင် ဇာတ်လမ်းတည်ပေသည်။ သပိတ်တမျှ မဟုတ်စေကာမူ အသွေးအရောင် ကြောင်သော၊ သပိတ်အရောင်နီးပါး မည်းနက်နေသော ကျောပြင်ကြီးတွင် ထုံးဖြင့် ရေးခြယ်ထားသည့်နှယ် ဖြူဖွေးသော အစင်းကြောင်းကြီးတစ်ခု ရှိသည်။ ကိုသာဖန်က ဤအစင်းကြောင်းကြီးကို လက်ညှိုးထိုး၍ထိုး၍ ပြလေ့ရှိပါသည်။

"သောက်ပါကရိုးတဲ့ လင်းဇင်းနှိပ်စက်တာပေါ့ကွ"

အကြောင်းမသိသူများကမူ လင်းဇင်းမြောင်းနှင့်သည်အစင်း၊ သည်အစင်းနှင့် လင်းဇင်းဆည်ကို ပတ်သက်ဖွယ်မရှိထင်ကြ၏။ ငုပ်လျှိုးသောအဓိပ္ပာယ်ကို မဖော်တတ်ကြ။ သို့ရာတွင် အတွင်းသိ အကြောင်းသိများကမူ ခိုးခိုးခွိခွိ ရယ်မောကြသည်။ ပြုံးကြသည်။

mgyoe.com

mgyoe.com
နောင်တွင် ကိုသာဖန် မရှိသောအခါ ကိုသာဖန်၏ အပေါင်းအသင်းရောင်းရင်းများမှာ မြောင်းအင်စပတ်တော် ဦးခင်မောင်အေးကိုကြည့်ကာ ကြည့်ကာ ကိုသာဖန် အလွမ်းပြေ ကျိတ်ပြုံးကြရတော့သည်။

ကိုသာဖန် လင်းဇင်းမြောင်းကို မုန်းရခြင်းမှာ အရင်းခံလက်သည်ကို မမုန်းရဲတိုင်း အသက်မရှိသော ရေစီးကြောင်းကို မုန်းနေခြင်းဖြစ်၏။ ဖြစ်ရပုံမှာ ဤသို့တည်း။

လင်းဇင်းမြောင်းသည် သူ့ဘာသာ သူနေစဉ်ကတော့ စလင်းချောင်းဖွဲ့ရာသို့ မြောင်းမကြာခဏပါသွားလေ့ရှိသော ဒုက္ခတစ်ခုနှင့် လယ်တွေရေမဝခြင်းသာ ရှိသည်။ မုန်းမြောင်းဆိုသော မြောင်းသစ်တစ်ခု လင်းဇင်းမြောင်းနှင့် စင်ပြိုင်ပေါ်လာသောအခါ ပြဿနာတွေတစ်ခုပြီးတစ်ခု တက်လာခဲ့လေ၏။ မုန်းမြောင်းသည် လင်းဇင်းကိုဖိလာပြု၏။ ကန့်လန့်ခံ၏။ ထိုအခါ လင်းဇင်းမြောင်းကလေးတွေ ခါးပြတ်ကုန်တော့၏။ အချို့သောနေရာတွင် လင်းဇင်းမြောင်းသောက် လယ်တွေရေငတ်မည့်ဘေးနှင့်ရင်ဆိုင်ရသည့်နည်းတူ အချို့နေရာ၌ ရေနစ်မည့်အန္တရာယ်ကို ရင်ဆိုင်ကြရလေသည်။

ရေငတ်မည့်လယ်များမှာ မုန်းမြောင်းရေမဝင်နိုင်အောင် မြင့်သောလယ်များဖြစ်ရာ မုန်းမြောင်းကို သံရေတံလျှောက်များ ဖြတ်ကျော်လျက် ရေသွယ်ယူကြရလေသည်။ သို့သော် ရေမမှန်သောမြောင်း ရေလာပြန်တော့ ဖိတ်စဉ်ထက်ဝက်နှင့်မို့ ရေမဝ။

ရေနစ်မည့် လယ်များခက်ပုံမှာ တစ်မျိုးဖြစ်သည်။

လူတို့သည် မလိုသောအရာကို စွန့်ပစ်ကြသည်။ မလိုသောအရာကို စွန့်ပစ်မရလျှင် ဒုက္ခဖြစ်လေ့ရှိသည်။

ထို့နည်းတူ လယ်များကမလိုတော့သော ရေများကို စွန့်ထုတ်ပစ်ရန် မြောင်းများသည် လင်းဇင်းမြောင်းဖျားသောက် လယ်များ၌ ရှိခဲ့၏။ မုန်းမြောင်းကန့်လန့် ဖြတ်လိုက်သောအခါ ရေထုတ်မြောင်းတွေလည်း ရေသွားစရာလမ်း ပိတ်ကုန်တော့၏။

ဤရေထုတ်မြောင်းများကို မုန်းမြောင်းပေါ်မှ သံရေတံလျှောက်ဖြင့် ကျော်ဖြတ်၍မရ။ မည်သို့ ကြံမည်နည်း။

လိုလျှင်ကြံဆသည်။ ကြံဆလျှင် နည်းလမ်းရသည်။

ထို့ကြောင့် မုန်းမြောင်းပေါ်က မဖြတ်နိုင်သောရေများကို မုန်းမြောင်းငုံ့လျှိုးကာ ပြွန်ဖြင့် ထွက်သွားခိုင်းသည်။ ဤအရာသည် ဝါးတားကွပ် ကိုသာဖန်တို့အပေါ် ဝါးတားကွတ်ပေတည်း။

ဝါတာကွတ်ရေထုတ်ပြွန်သည် လုံးဝမရှိခြင်းနှင့် နှိုင်းယှဉ်လျှင် တော်သည်ဆိုနိုင်
mgyoe.com

mgyoe.com
ပြား အဆင်တော့ မပြေလှပေ။ ကိုသာဖန်တို့ လင်းဇင်းမြောင်းသွယ်သောက် လယ်အားလုံးမှ ရေပိုရေလျှံများသည် သည်ဝါတာကွတ်၌ လာ၍စုသည်။ ရေကိုဖြောင့်ဖြောင့်တန်းတန်း တိုးလျှိုပေါက်အသွားမခိုင်းဘဲ မြေကြီးထဲငုပ်ဦး၊ ပေါ်ဦး အလုပ်ခိုင်းထားသဖြင့် အိနေတော့သည်။ အိရေတွေ များလာသော် အနားက ကိုသာဖန့်လယ်ရေနစ်တော့သည်။

လယ်သမားတွေး တွေးလျှင်တော့ ဒီရေတွေကို ခက်ခက်ခဲခဲဝါတာကွတ် လုပ်ပြီး ထုတ်ပစ်နေမယ့်အစား မုန်းမြောင်းထဲ ဖောက်ချလိုက်ရင်ပြီးရော၊ အခုလို အိမနေဘူး၊ ဝပ်မနေဘူးဟူ၍ ဖြစ်၏။

လယ်သမားတွေးတွေးတော့ ရှင်း၏။ လွယ်၏။ ပြတ်၏။

ဆည်မြောင်းဥပဒေကမူ ဤနှယ်မဟုတ်။ လင်းဇင်းရေကို မုန်းမြောင်းထဲမပို့ရ။ ပို့လျှင် သေတတ်သလား။ ကိုသာဖန်တို့ မေးချင်၏။ မမေးရဲ။ သည်လိုဖြင့် ကိုသာဖန့်လယ် နှစ်စဉ်ရေနစ်လေတော့သည်။

ဝါတာကွတ် သည်ဘက်ထိပ်နှင့် ဟိုဘက်ထိပ်တွင် ပို့ပို့နေသော နုံးတွေကို တူးတူးပစ်ရသည်မှာလည်း အမော။ သို့ပေမင့် ကိုသာဖန့်လယ်မှာကား နှစ်စဉ်ရေနစ်မြဲသာ။

မြောင်းခေါင်းထံ ကိုသာဖန် အပူကပ်ရသည်။ "လုပ်ပါဦးဗျာ တစ်နှစ်လည်း မဟုတ် နှစ်နှစ်လည်း မဟုတ်နဲ့ ကြာရင် ခက်ရချေရဲ့ဗျာ၊ ဝါတာကွတ်ပြွန်ကို ချပေးဖို့ လျှောက်ထားပေးကြပါဦး" စသည်ဖြင့်။

မြောင်းခေါင်းဆိုသည်မှာ စင်စစ်အားဖြင့် ဆယ်အိမ်ခေါင်းတစ်မျိုးသာ ဖြစ်သည်။ ဆယ်အိမ်ခေါင်းက အိမ်ထောင်စုတွေကို အုပ်ချုပ်သည်။ မြောင်းခေါင်းက လယ်တွေထဲ ရေဝင်သည့်မြောင်းကို အုပ်ချုပ်၍ လယ်သမားတွေကို မြောင်းနှင့်စပ်လျဉ်းသော အမိန့်သြဇာပေးသည်။

မြောင်းခေါင်းအာဏာ ဤမျှသာဖြစ်ပြား ကိုသာဖန်မှာ မြောင်းခေါင်းကို ကိုပိန့်ထန်းရေတဲတွင် သုံးခါတိတိ သရက်သီးပိုးတီ အမြည်းပြုသော ထန်းရည်တိုက်လိုက်ရ၏။ ထိုအခါကျမှ မြောင်းခေါင်းကြီးက ပြော၏။ စိတ်ချကွာ ငါ သူကြီးကို ပြောပေးမယ်။

သို့ရာတွင် သူကြီးသည် မြောင်းခေါင်းပြောကာမျှဖြင့် လှုပ်ရှားမည်မဟုတ်ပါ။ ထို့ကြောင့် ကိုသာဖန်မှာ သူကြီးအဆဲပက်စက်မှန်း သိလျက်နှင့် မကြာခဏ အဝင်အထွက် ပြုရသည်။ ရတတ်သမျှ လက်ဆောင်ကလေးတွေနှင့် မျက်နှာလုပ်ရသည်။
mgyoe.com

mgyoe.com

ကိုသာဖန့်လက်ဆောင် အတော်များများ သူကြီးအိမ်ထဲရောက်သွားပြီးသည့် နေ့တစ်နေ့တွင် သူကြီးမင်း ကိုယ်စိတ်ရွှင်လန်းချိန်နှင့် ကိုသာဖန် ရောက်ချိန်တို့ တိုက်ဆိုင်နေလေ၏။ သည်အခါ သူကြီးမင်းသည် ဇူဇကာဝမ်းဗိုက်ကြီးကို လှုပ်ကာ လှုပ်ကာ မေးမြန်း၏။ လယ်ကောင်းရဲ့လား၊ ရေမိုးမှန်ရဲ့လား အဓိပ္ပာယ်ရှိသောအမေး။

ဤမေးခွန်းအမေးခံရရန် အချိန်ကောင်းကို ကမ္ဘာဦးသူတို့ နေလကို မျှော်တသည့်နှယ် စောင့်စားနေခဲ့သော ကိုသာဖန်ကလည်း မဆိုင်းမတွ ဖြေသည်။ လယ်ကတော့ ကောင်းချင်ပါတယ် သူကြီးမင်းရယ်။ ဝါတာကွတ် နှိပ်စက်လို့ ရေနစ်တာ နှစ်တိုင်းပဲ။ အဲဒါ ပြွန်ချဲ့ပေးရင် သိပ်ကောင်းမှာပဲဟူ၍ လိုရင်းကို ကွတ်တိပြောချလိုက်လေ၏။

သူကြီးမင်း အင်းမလုပ် အဲမလုပ်သောအခါ ကိုသာဖန်အနား ချဉ်းကပ်ကာ သူကြီး ထံခွင့်ပန်ပြီး အနှိပ်တော် ဆက်သမိလေသည်။

သူကြီးမင်း၏ ပေါင်လုံးတစ်လုံးတစ်လုံးသည် ကိုသာဖန်၏ကိုယ်လုံးထက် ကြီး ထွားသေး၏။ နှိပ်ရသည်မှာ အရသာရှိပါဘိ။ အိအိစက်စက်ကြီးတွေ။ ယင်းသို့ အနှိပ် တော်ဆက်ရသဖြင့် ကိုသာဖန် အကျိုးမယုတ်ပေ။ သူကြီးမင်းအနှိပ်ခံရင်း အိပ်ပျော်သွား ခဲ့၏။ အိပ်ရာမှနိုးလတ်သော် "အေးကွာ အင်စပတ်တော်မင်းကို ပင့်ပေးရမှာပေါ့" ဟူ၍ ဝမ်းသာစရာစကားကို ဆိုလိုက်လေ၏။

လင်းဇင်းမြောင်း အင်စပတ်တော်ကြီး ကြွလာမည့်ရက်တွင် ဝါတာကွတ်၌ ရေတွေ ပေါင်းလန်နေပါစေ။ ကိုသာဖန် ဆုတောင်းရှာသည်။ ကိုသာဖန် ကံဆိုးချင်တော့ ဝါတာကွတ်၌ ရေစပ်စပ်မျှသာ ရှိချိန်ကျမှ အင်စပတ်တော်မင်း ကြွလာလေသည်။

သို့သော် ကိုသာဖန် အားမလျှော့ပါ။

"ပြွန်ပေါက်သေးတော့ ရေအိုင်ကြီးဖြစ်ပြီး ဝဲလှည့်နေပါတယ် အင်စပတ်တော် မင်းရယ်။ ကိုရင်လေးတစ်ပါး ရေဆင်းချိုးတာ ဝဲထဲနစ်သွားပြီး ပြွန်ထဲမှာ ခေါင်း စိုက်ပြီးပျံလွန်သွားပါတယ်"

သာမဏေကလေး ပျံလွန်သည်ဆိုကာမျှဖြင့် အင်စပတ်တော်မင်း လှုပ်လှုပ်ရှား ရှားဖြစ်မလာချေ။

"မယုံရင် အင်စပတ်တော်မင်း ဆင်းပြီး ရှုစားတော်မူပါ။ ပြွန်ပေါက်က သိပ်ကျဉ်း နေပါတယ်။ ဒီနားက လယ်တွေ နှစ်တိုင်းရေနစ်တာ သနားသောအားဖြင့် ကျွန်တော် မျိုးရဲ့ ကျောပြင်ကို ဝေါယာဉ်အဖြစ် အသုံးချတော်မူပါ"

ခါးလောက်ရှိသော ဗွက်ကြီးကို အင်စပတ်တာကြီး ငုံ့ငုံ့ကြည့်နေသဖြင့် မြောင်း ခေါင်းက ကိုသာဖန်၏ နားနားကပ်ကာ သညာပေး၏။ ထိုသညာပေးချက်အတိုင်း

mgyoe.com

mgyoe.com
ခါးကုန်းပေးတော့မှ အင်စပတ်တော်မင်းသည် ကိုသာဖန့်ကျောပေါ် တက်ခွပေး၏။

ကိုသာဖန်မှာ ပြွန်ပေါက်ကို အင်စပတ်တော်မင်း မျက်ဝါးထင်ထင် ရှုမြင်နိုင်ရေးအတွက် အမဲတံစို့ဆူး၊ လှည်းပုံတောင်းဆူးနှင့် ခရာဆူးအပြင် ကင်မွန်းခါးဆူးပါစရနယ်သော ဗွက်ထဲ တအင်းအင်း တအဲအဲဖြင့်ရုန်းလျက် အင်စပတ်တော်ကြီးကို ကျောပိုးကာပို့ရင်း စဉ်းစားမိ၏။ နွားတွေကို တမန်းပြင်ထဲမှာ အရုန်းခိုင်းတဲ့အတွက် ငါဝဋ်လိုက်တာပဲ။

လျှာတစ်တောင်လောက်ထွက်အောင် ရုန်းပြီး သယ်ပိုရငြားကိုသာဖန် မျက်နှာကောင်းမရရှာပါ။

ပို့နေသော နုံးတွေကို အင်စပတ်တော်မင်း လက်ညှိုးညွှန်၏။ မောင်မင်းတို့သောက်ပျင်းထူလို့ နုံးတွေပို့နေတာ၊ နုံးတွေပို့နေလို့ ရေထွက်မကောင်းတာ။ ဒီပြွန်ပေါက်နဲ့ ဘာဆိုင်သလဲဆို၏။

"နုံး နုံးတွေက ရေနဲ့အတူ ပါ ပါလာတာပါ ဘုရား"

"သောက်စကား မများနဲ့ ဘလယ်ဒီဖူး"

ဘလယ်ဒီဖူးဟူသည်ကို နားမလည်သဖြင့် ကိုသာဖန် မြောင်းပေါင်ပေါ် ပြန်ပြေးခဲ့ရသည်။ မြောင်းပေါင်ပေါ် ရောက်သည့်အခါ အင်စပတ်တော်မင်းက ကိုသာဖန့်ကျောပေါ်မှ လျှောချလိုက်ရာ အင်စပတ်တော်မင်း၏ လက်ဝါးခန့်ရှိသော ခါးပတ်ခေါင်းမှ သံချောင်းကြီး ကိုသာဖန့်ကျောပြင်ကို ဆွဲခြစ်သွားလေသည်။ သွေးစိမ်းရှင်ရှင်ထွက်ကာ သေရာပါသော မုန့်ဝက်သခေါက်အလယ်သားနှယ် အဖြူစင်းကြီးကို ရရှိပိုင်ဆိုင်သည့် နေ့မှစ၍ ကိုသာဖန်သည် ဗြိတိသျှကိုမမုန်း။ အင်စပတ်တော်ကို မမုန်း။ လူလုပ်သလို လှုပ်ရှားကပြနေရရှာသော လင်းဇင်းမြောင်းကိုသာ မုန်းတော့သည်။

* * *

## (၂)

ကိုသာဖန်၏ လင်းဇင်းမြောင်း အမုန်းသံသရာကား ဆက်လက်လည်ပတ်မြဲလည်ပတ်နေခဲ့ပေ၏။ ကောက်ပင်တွေ ဖွံ့ဖွံ့ထွားထွား စွင့်စွင့်ကားကား ရှိပြီလားဆိုမှဖြင့် ဝါတာကွတ်က ရေတွေ ကိုသာဖန့်လယ်ကို ဖုံးတော့၏။ ကိုသာဖန့်လယ်က ဝါတာကွတ်နှင့် အနီးဆုံးမို့ အင်စပတ်တော်မင်း ကြွလာလျှင် ကိုသာဖန်သာလျှင် ကုန်းပိုး ပို့ရ၏။

ကုန်းပိုး ပို့ပေးပြီးနောက် ကိုသာဖန်နှင့် လယ်နီးချင်းများသည် အင်စပတ်တော်
mgyoe.com

mgyoe.com
မင်းအား ကျွေးမွေးရသေးသည်။ လက်ဆောင်တွေပေးရသေးသည်။ ဝါတာကွတ်ပြွန်ကား အဝကျယ်မလာပေ။ ကိုသာဖန်နှင့် အပေါင်းပါများ၏ လယ်တွေမှု ရေနစ်မြဲသာ။

ယင်းသို့ဖြင့် ကိုသာဖန်တို့ လယ်တွေရေနစ်လိုက်၊ အင်စပတ်တော်မင်း ကြွလာလိုက်၊ ကိုသာဖန်က ကျောပြင်ကို ဝေါယာဉ်အဖြစ် ဆက်သလိုက်၊ ဝိုင်းဝန်းကျွေးမွေးကာ လက်ဆောင်ပေးလိုက်၊ လယ်ရာသီကုန်ဆုံးသွားလိုက်၊ သီတင်းကျွတ် တန်ဆောင်မုန်းတွင် ကိုသာဖန်တို့ လယ်တွေရေနစ်လိုက် အင်စပတ်တော်မင်း ကြွလာလိုက်၊ ခြားရဟတ်ကြီး လည်နေခဲ့ရာ ကိုသာဖန် စိတ်ကုန်လာသည်။ တစ်နှစ်သော်ပြင်ပေးနိုး မျှော်ကိုး၍လည်းမနေချင်။ အင်စပတ်တော်ကြီးကိုလည်း ကုန်း မပိုးချင်တော့ပေ။ သို့တစေ ကုန်းပိုး မပို့ပါရစေနှင့်ဟူ၍လည်း မလျှောက်ထားဝံ့။

ကိုသာဖန်ကသာ လင်းဇင်းမြောင်းကို မုန်းတီးနေငြား လင်းဇင်းမြောင်းကတော့ သကြ်န်လွန်သည်နှင့် "နှမ်းကြဲရေ" လွှတ်ပေးလေသည်။ ကိုသာဖန်တို့ နှမ်းကြဲကြ၊ ရိတ်သိမ်းကြ၊ စပါးစိုက်ကြနှင့် ဝါတာကွတ်တွင်လည်း ရေတွေ အီသည်ထက် အီလာပြီ။ အင်စပတ်တော်မင်း ကြွလာမည့်ရက်ကို ကိုသာဖန် တထိတ်ထိတ် စောင့်နေဆဲ။ အင်စပတ်တော်မင်း ကြွလာပြီ။

"အင်သပိတ်မကလို့ ကြေးသပိတ် ကြွလာတော့ကော ဘာထူးမှာလဲ"

သည်အသိဖြင့် ကိုသာဖန် မသိကျိုးကျွန် ပြုနေသည်။ ရှားပင်ရိပ်တွင် ပြောင်းဖူးဖက်ဆေးလိပ်ဖွာရင်း လှဲနေသည်။

မြောင်းခေါင်းက တကျော်ကျော်ခေါ်သည်။ ကိုသာဖန် အိပ်ချင်ယောင်ဆောင်နေ၏။ မြောင်းခေါင်းမောလောက်လျှင် သူကြီးက အာလုတ်သံကြီးဖြင့် တနင့်တပိုးခေါ်၏။

"ဟေ့ မောင်သာဖန်"

သူကြီးအသံတွင် မာန်ပါ၏။ ရာဇသံပါ၏။ လူကို မမြင်ရစေကာမူ ကိုသာဖန် မနေရဲ။ မြောင်းပေါင်ပေါ် ပြေးတက်သွားရ၏။ ဘာမျှ အကျိုးထူးဖွယ်မရှိသော ကျောပြင်ကို ဝေါအသွင်ဆက်သရသောအလုပ်ကို လုပ်ရပြန်၏။

ဤနှစ်တွင် အင်စပတ်တော်မင်းကို ပိုးရသည်မှာ နှစ်တိုင်းထက် လေးလံလာ ရော့သလား ကိုသာဖန်တွေး၏။ ကိုသာဖန်သည်ပင် တစ်နှစ်ထက်တစ်နှစ် အားအင်ကုန်ခန်းလာ၍လော။ အင်စပတ်တော်ပင်လျှင် တစ်နှစ်ထက်တစ်နှစ် အဆီအသား တိုးလာ၍လော။ နှစ်ခုလုံးအနက် တစ်ခုပင်လော။ နှစ်ခုအနက် တစ်ခုပင်ဖြစ်ပျက်နေ၍လော ဆိုသည်ကိုကား ကိုသာဖန် မတွေးမိ။
mgyoe.com

mgyoe.com

ဝါတာကွတ်ပြွန်ဝသို့ ချဉ်းကပ်သော နံ့ဗွက်ထဲသို့ အခွံခွာထားသော ဘဲဥပြုတ်ကြီးကို ကျောပေါ်တင်လျက် ငါးရံ့တစ်ကောင် ဆင်းလာသည့်အလား အင်စပတ်တော်မင်းကို ကုန်းပိုးလျက် ကိုသာဖန်ဆင်းလာသည်။ နံ့ဗွက်က ကိုသာဖန့် ပေါင်ရင်းအထိ နက်သည်။ အင်စပတ်တော်မင်းက ရှေ့တိုးပါဦးဆို၍ တိုးလိုက်ရာ ဖွက်ခနဲ ကိုသာဖန့်ခါးအထိ နစ်သွားလေ၏။

အင်စပတ်တော်မင်းခြေထောက် ရွှံ့ပေသည်။ ထပ်မံ၍ ရွှံ့မပေစေရန် ကိုသာဖန်၏ လည်ပင်းကို အားပြု၍ ကုပ်ပေါ်အထိ ထိုးတက်လိုက်ရာ ခါးပတ်ခေါင်းက သံချောင်းကြီးသည် ကျောကို ထိုးဆွခြစ်ဆွဲလိုက်လေ၏။

"အမယ်လေး သေပါပြီဗျ" တစ်ချက်အော်ရင်း ကိုသာဖန် ခါးကိုတွန့်လိုက်ရာ အင်စပတ်တော်မင်း ဗွက်ထဲ ပက်လက်လန်ကျသွားလေ၏။ အင်စပတ်တော်မင်း ခြေကလန် လက်ကလန်ဖြင့် နံ့ဗွက်ထဲမြုပ်ဝင်သွားသည်ကို နားထင်နားရင်းတွေပူ မျက်လုံးတွေပြာနေသော ကိုသာဖန်က တစ်ချက်သာ သိလိုက်မြင်လိုက်ပြီး ရာဇဝတ်အိုးတုတ်ဖြင့်ထိုးမိပါပေါ့လားဆိုသည့်အသိဖြင့် တစ်ချိုးတည်း ထွက်ပြေးသွားလေတော့၏။

* * *

## (၃)

သရက်ခုံကျေးရွာတွင် ရေဒီယိုတစ်လုံးကျ၊ ဘိုင်စကယ်တစ်စီးကျပိုင်သော အိမ်ထောင်စုသုံးစုရှိသည်။ ထိုအိမ်ထောင်စုပိုင် အိမ်များသာ ဟန်ဟန်ပန်ပန်ရှိသည်။ ကျန်အိမ်များကား ထန်းရွက်မိုး ထန်းရွက်ကာနှင့် သက်ငယ်မိုး သက်ငယ်ကာ အိမ်များသာ ဖြစ်သည်။

သို့ဖြစ်ငြား ရွာလယ်စာကြည့်တိုက်မူ ကောင်းမွန်လှ၏။ ပျဉ်ကာသွပ်မိုးနှင့် ခမ်းနားသလောက် သပ်ရပ်၏။ လှလည်းလှပ၏။ စာကြည့်တိုက်အမည်မှာ ဦးဝက်ကြီး စာကြည့်တိုက်ဟူ၏။

စာရေးသူတို့ သူငယ်ချင်းတစ်စုသည် ရွာ၏အခြေအနေနှင့် စာကြည့်တိုက် ကွာခြားပုံတို့ကြောင့် စာကြည့်တိုက်ကို စိတ်ဝင်စားသည်။ စာကြည့်သင်းဥက္ကဋ္ဌနှင့်အဖွဲ့က စာကြည့်တိုက်ကို ဖွင့်လှစ်ပြသပြီးနောက် စာကြည့်တိုက်အကြောင်းကို သမိုင်းနှင့်ချီ၍ လှန်လေသည်။ သို့ရာတွင် စာကြည့်တိုက်အမည်စွဲဖြစ်သော ဦးဝက်ကြီး အကြောင်း လုံးဝမပါရှိပေ။

ကြာလာတော့ စာရေးသူမချင့်မရဲ ဖြစ်လာ၏။

mgyoe.com

mgyoe.com

"စိတ်တော့မရှိနဲ့ ဥက္ကဋ္ဌကြီး၊ အခု ရှင်းပြနေတာက ဦးဝက်ကြီး စာကြည့်တိုက်ရဲ့ ရာဇဝင်၊ ဒါပေမဲ့ ကျွန်တော်တို့ နားနဲ့ဆတ်ဆတ်ကြားနေရတာကတော့ ကိုသာဖန်ရဲ့အကြောင်း အဲဒီတော့"

ကျွန်တော် စကားမဆက်နိုင်ဘဲရှိစဉ် စာကြည့်တိုက်အတွင်းရေးမှူးက တောင်းပန်စကားဆိုပေ၏။

"အလျဉ်းသင့်တဲ့အခါ ရောက်လာပါလိမ့်မယ်ဗျာ။ အခုတော့ ဦးသာဖန်အကြောင်း ဆက်ကြပါဦးစို့။ ဟုတ်ကဲ့ ဦးသာဖန်ဟာ"

ဇာတ်ကြောင်းပြန်ပြောသူနေရာတွင် အတွင်းရေးမှူးရောက်လာခြင်းသာ ခြားနား၏။ ဦးဝက်ကြီးအကြောင်းကား တစ်လုံးတစ်ပါဒမျှ မပါပေ။ ဦးသာဖန် ဉာဉ်ခေါင်းထဲဝင်ပုန်းနေသည့်အကြောင်း။ သူကြီးနှင့်နောက်လိုက်များက ရှာဖွေဖမ်းဆီးကာ ထိပ်တုံးခတ်ပြီး နှိပ်စက်သည့်အကြောင်း။

ကိုသာဖန် နှိပ်စက်ခံရသည့်နေရာအရောက်တွင် ကျွန်တော့်မှာ ဦးဝက်ကြီးကို မေ့လျော့သွားရပြန်၏။

သူကြီးသည် ကိုသာဖန်ပေးခဲ့သည့်လက်ဆောင်များကို မေ့ပြီ။ ကိုသာဖန်၏ထိသော ပေါက်သောအနှိပ်ကိုလည်း သတိမရပြီ။ ရေမိုးချိုးပြီး စောင်ကြီးခြုံနေသော အင်စပတ်တော်မင်း ကျေနပ်စေရန် ကိုသာဖန်အား ပါးရိုက်သည်။ ဖနောင့်နှင့်ပေါက်သည်။ ဝါးလုံးဖြင့်ရိုက်သည်။

အင်စပတ်တော်မင်းမှာ သူ၏စီးတော်လူသားဖွတ်ဖွတ်ညက်ညက် ကြေအောင်အနှိပ်စက်ခံနေရပါလျက် တစ်ခွန်းတစ်ဝါကျမျှ ဝင်မတား။ အစင်းသားကြည့်နေ၏။

သူကြီးမှာလည်း အင်စပတ်တော်မင်းက တော်ပါတော့ဆိုမှ တော်ချင်၏။ ထို့ကြောင့် ကိုသာဖန်ကို ထိပ်တုံးမှချွတ်ကာ သစ်တုံးကြီးထမ်းလျက် ခြေတစ်ဖက်တည်းဖြင့် အရပ်ခိုင်းသည်။ အခါတစ်ရာပြည့်အောင် ကျွမ်းအထိုးခိုင်းသည်။ နောက်တစ်ခါ ကျောက်ပြားကြီးရွက်လျက် ဒူးထောက်အထိုင်ခိုင်းပြန်သည်။ သရက်ခုံရွာသားများမှာ မတရားနှိပ်စက်နေသောသူကြီးကို ကွယ်ရာမှ ကျိန်ဆဲနေ၏။ ကိုသာဖန်အတွက် ဝမ်းနည်းနေကြ၏။

သူကြီးသည် ကိုသာဖန်၏ ကိုယ်ကာယကို နှိပ်စက်နေရုံဖြင့် အားမရသေး။ စိတ်ကိုနှိပ်စက်ရန် အကြံထုတ်၏။ ဒူးထောက်လျက် ကျောက်ပြားကြီးရွက်နေသော ကိုသာဖန်ကို စေ့စေ့ကြည့်ကာ မင်းကိုလူခွန်တော် သနားလို့ လွှတ်ခဲ့တာ။ အခုတော့ မရတော့ဘူးဟေ့။ မင်းတို့လင်မယား လူခွန်တော်ငါးကျပ် ၇ ရက်အတွင်း ဆောင်ရ

mgyoe.com

မယ်" ဟု ပြောလိုက်၏။

ကိုသာဖန် မျက်လုံးပြူးကာ တုန်ယင်လာသည်။ သူကြီးနှင့်နောက်လိုက်များ မထင်မှတ်ချိန်တွင် တအားထိုးရပ်လိုက်သည်။ ကျောက်ပြင်ကြီးကို သူကြီးမျက်နှာဆီ ပစ်ထည့်ကာ သုတ်ခနဲ ထွက်ပြေးသွားလေ၏။

ကိုသာဖန်သည် သူကြီးအိမ်မှသာ ထွက်ပြေးသွားခြင်းမဟုတ်။ သရက်ခုံရွာမှပါ ထွက်ပြေးသွားခြင်း ဖြစ်ပေသည်။

အတွင်းရေးမှူး၏ဇာတ်ကြောင်းပြန် ပြီးဆုံးသောအခါ ကျွန်တော်၏ဝေဒနာသည် ထိုးကျင့်လာပြန်၏။

"ဟုတ်ကဲ့ ခင်ဗျာ၊ အတိတ်ရဲ့နာကြည်းဖွယ်ရာ ကိုလိုနီခေတ်ရဲ့ ဇာတ်လမ်းတစ်ပုဒ်ကို သိရလို့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဦးဝက်ကြီး"

"ဒါက ဒီလိုပါခင်ဗျာ၊ ကိုသာဖန် လက်ချက်ကြောင့် သူကြီးသေသွားပါတယ်။ သူကြီးရဲ့သား သမီးတွေကလည်း သိပ်ပြီးငယ်နေပါသေးတယ်။ ဒါကြောင့် သူကြီးအရာကို ဆက်မခံနိုင်သေးတဲ့အတွက် တိုက်နယ်လူထုမဲဆန္ဒနဲ့ သူကြီးရွေးရပါတယ်။ သူကြီးသာ သက်တမ်းစေ့အောင်နေရရင် သူကြီးမျိုးဆက်ဟာ ပြတ်မှာ မဟုတ်ပါဘူး။ ဦးသာဖန်ကြောင့် သူကြီးမျိုးဆက်ပြတ်သွားတဲ့အတွက် ဦးသာဖန်ကို ဂုဏ်ပြုတဲ့အနေနဲ့ . . . "

"ဦးသာဖန် စာကြည့်တိုက်ဆိုပြီး လုပ်လိုက်ကြတယ်ဆိုပါတော့"

"မှန်ပါတယ်ခင်ဗျာ မှန်ပါတယ်"

"ဒါဖြင့် ဦးသာဖန် စာကြည့်တိုက်ဘဝက ဘယ်လိုစုတေစိတ်ကျပြီး ဦးဝက်ကြီးစာကြည့်တိုက် ဖြစ်သွားရတယ်ဆိုတဲ့အကြောင်းကလေးကို တစ်ဆိတ်လောက်"

စာကြည့်တိုက်အမှုဆောင်များသည် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို စိုးရိမ်ကြီးစွာကြည့်နေကြသည်။ ဥက္ကဋ္ဌသည် လမ်းမသို့မျှော်ကြည့်ရင်း ထရပ်သည်။

"ဟော ဧည့်သည်တွေ မလာနိုင်လို့ ကားသမားတောင် လိုက်လာပြီ။ ကားက ရန်ကုန်လိုပေါတာမဟုတ်ဘူး။ တစ်နေ့မှ တစ်စီးရှိတာ"

ဘတ်စ်ကား စပယ်ယာနှင့် တူသူသည် မောကြီးပန်းကြီးပြေးလွှားကာ စာကြည့်တိုက် တံခါးဝသို့ ရောက်လာသည်။ "ခင်ဗျားတို့အတွက် ချန်ထားတဲ့နေရာကို အတင်းဝင်ထိုင်မယ် လုပ်နေကြပြီ။ မြန်မြန်လာကြဗျို့" ဟုဆိုလိုက်သောအခါ ကျွန်တော်တို့ အာရုံသည် ကားပေါ်တွင် ထိုင်စရာ ရရေးတစ်ခုတည်းသို့သာ ရောက်ရှိသွားလေတော့သည်။

mgyoe.com

mgyoe.com

စာကြည့်တိုက် အမှုဆောင်များသည် ကျွန်တော်တို့၏ပစ္စည်းများကို ကားပေါ် အရောက်ပို့ဆောင်ပေးကြသည်။ ကျွန်တော်တို့မှာ ခရီးရှည်အတွက် ထိုင်စရာ ရရှိတော့မှသာ ဦးဝက်ကြီးနှင့် ကိုသာဖန်တို့၏ မရှင်းသောကိစ္စကို သတိရသည်။ သတိရချိန်တွင် ဘတ်စ်ကားသည် သရက်ခုံရွာနှင့် အတော်ဝေးလာခဲ့ပြီ။

ကိုသာဖန် အထိမ်းအမှတ် စာကြည့်တိုက်သည် ဘယ်အတွက်ကြောင့် ဦးဝက်ကြီးစာကြည့်တိုက် ဖြစ်နေရသနည်း။ ကိုသာဖန်၏ အခြားနာမည်တစ်ခုသည်ပင် ဦးဝက်ကြီးဖြစ်ချေသလော။ စာကြည့်တိုက်အဆောက်အဦ ဆောက်လုပ်ရာတွင် ငွေကြေးကုန်ကျခံသော ဒါယကာသည်ပင် ကိုဝက်ကြီးပေလော။

ထိုခရီးမှ ပြန်ရောက်ပြီးနောက် ကျွန်တော့်မှာ ဝမ်းကိုက်ရောဂါဖြစ်ပွားသည်။ ခုနစ်ရက်ခန့် လှိမ့်ခံရသည်။ ဝမ်းကိုက်စဉ်ကရော ဝမ်းကိုက်ရောဂါပျောက်ကင်းပြီးနောက်တွင်ပါ သာမက ယခုအထိ ကျွန်တော်အဖြေရှာနေမိသည်။ ကြိုးစားတွေးတောနေမိသည်။

ဦးဝက်ကြီးဆိုတာ ကိုသာဖန့်သားလား။ စာကြည့်တိုက်ဆောက်လုပ်သော လက်သမားလား။

**မိုးဝေစာပေမဂ္ဂဇင်း**
**ဇွန်လ၊ ၁၉၇၄ ခုနှစ်။**

◆

mgyoe.com

mgyoe.com

# စိန်ကြယ်ပွင့်ကို ပန်ချင်တယ်

## (၁)

စိန်ကြယ်ပွင့်များ၏ အလှအပ၊ အရွှန်းအရွဲ၊ အလင်းအလက်၊ အတောက်အကြွား ကို ညအခါမှာသာ မြင်ရခြင်း။

သို့သော် ညညီလာခံကျင်းပနေသော ရန်ကုန်မြို့၏ ညမင်းသည်မှု ကြယ်လှလင်းကို အလျှင်းမမြင်ချေ။ ရန်ကုန်၏ ညသဘင်သည် ပန်းအစုံစုံ အလှအလှများကို စိုက်ပျိုးယုယထားသော ဥယျာဉ်ကြီးနှင့် တူပေသည်။

နီသည်လည်း တစ်နည်း။

ပတ္တမြားရည်သည် အရဏ်အပျို့ဝယ် စီးကျံသည့်ပမာ နီပြို့ရဲရွဲနေလေ၏။

အနီဝယ် ဖက်ရောသည်ကား နီလာသား။

နီလာသည်လည်း တစ်ဆန်း။

အပြာအဆန်း အနှမ်းရောထွေ၍ ကြည်လင်စေ၊ မိန်းမူးစေသော နီလာသွေး။ ညမှူးရန်ကုန်၏ အလှတွင် သူလည်းတစ်ထောင့်တစ်မျက်နှာ နေရာယူထား၏။ လှပပါချေသော အပြာအနှမ်း။

စိမ်းမြရောင်က တစ်ခန်း။

သာယာရွှန်းကြည်သော အဆင်းလျှင် ရင်မှာပါ အေးငြိမ်းစေ၏။ မြစိမ်းရောင်

mgyoe.com

mgyoe.com

သည် သာယာသောသဘောကို ဆောင်သည်။ ဝပြောစည်ပင်သည့် အတိတ်ကို လည်း ပေး၏။ မြင်သူ အေးချမ်းစေသော မြမြစိမ်း။

ပြီးတော့ အဝါ။

ဝါရွှေသည်လည်း တစ်ထွေ။

သာသနာရောင်ဝါ နေသို့လင်းလေပြီ။ သာသနာရောင်လျှံလင်းမှုဖြင့် စာရိတ္တ ယဉ်ကျေးမှု စသည်တို့လည်း တောက်လင်းဖြိုးခိုင်သည့်သဘော။

သြော် အရောင်သဘောကဖြင့် ပြေချောပါပေ့ ညမင်းရန်ကုန်။ ရဲရင့်ရသည်နှင့် သာယာရသည်နှင့်၊ စိုပြည်ယဉ်ကျေးရသည်နှင့်၊ စိန်ကြယ်ပွင့်ကိုပင် မမြင်နိုင် လောက်အောင် ဝင်းလွန်း လင်းလွန်းလှတကား။

မဟူရာသွေး စက်တပ်ယာဉ်များ ရှောခနဲ ရှောခနဲ မောင်းသွားကြ၏။ မှန်ရောင် က ဖိတ်ခနဲ လက်ခနဲ။ စက်တပ်ယာဉ်ထဲမှ လူတို့၏ ရယ်မောသံလည်း ကြည် ကြည်လွင်လွင်။ ညမြတ် ရန်ကုန်၏ ဆည်းလည်းသံလေလား။

ယဉ်မြယောင် စက်တပ်ယာဉ်များ၊ ချိတ်သွေးအိအိ စက်တပ်ယာဉ်များ၊ ရေညှိဖတ် ဖတ်စိုသလိုလှသည့် စက်တပ်ယာဉ်များ။ ဤသို့ဤသို့ ပေါထွေသော စက်တပ်ယာဉ် များမှ မှန်ရောင်များသည် ည၏ဟိုအဝေးက ငေးမောနေသော စိန်ကြယ်ပွင့်ကို လှောင် သလိုရှိလေသည်။

စက်ယာဉ်သာများထဲ၌ ပါသွားသူတို့၏ အသံက သာယာငြိမ့်ညောင်း၏။ အမွှေး အပျံ့က မဥ္ဇူသကနတ်ပန်းတို့ ကြွေလင့်လာသည့်နှယ်။ ဝတ်ဆင်တန်ဆာများက ခြောက်ဘုံနတ်ရွာက နတ်သား၊ နတ်သမီးကလေးတွေ အလား။

ပြည့်တန်ဆာမက လေးယောက်။

အသက် ဆယ့်ရှစ်နှစ်ထက် ကြီးရင့်ဦးမည် မထင်။ ချိုင့်ရှိုင်းသော်ငြား တောက်ပ သေးသော မျက်လုံး။ ခြောက်သွေ့ချင်ပေသည့် လုပန္ဒယ်ဝဲဆဲ လည်ဝဲဆံကေ။ ကိုး ထောင်ကွက် မီးခိုးရောင်အင်္ကျီလက်တိုနှင့် နိုင်ငံခြားဖြစ်ပါတိတ်အစစ်ကို ဆင်ထား၏။

ထိုပြည့်တန်ဆာမကလေးသည် ပန်းဆိုးတန်းကို ကျောဘက်မှာထား၍ အနော်ရထာ လမ်းအတိုင်း လာလေသည်။ အားငယ်သော အမှောင်ရိပ်များက သူ့အား မကြို့ဆိုလေ။

သူသည် ပြည်သူ့ဆိုင်တစ်ခုကို မော့ကြည့်သည်။ ဆိုင်းဘုတ်က မှောင်မည်းနေ ၏။ အပြင်ထုတ်ထားသော ရှိုးကေ့စ်မှာ ပျဉ်ပြားဖုံးထား၏။

“ရှိုးကေ့စ်ကို အလှမပြတာ ကြာပါပြီလေ”

သူက ပြုံး၍ဆိုသည်။ စီးကရက်ကို အရသာခံ၍ ရှိုက်ဖွာ၏။ ဈေးဝယ်ကို ရှာ

mgyoe.com
ဖွေသော ညဈေးသည်အချို့ကလွဲ၍ လမ်းမှာမစည်ပင်။

ဆူးလေ ဘုရားလမ်းနှင့် ဆုံသောနေရာသို့ ရောက်လာပါပြီ။

သူသည် ကြည်ညိုစရာကောင်းသည့် ဆူးလေစေတီတော်မြတ်ကို လှမ်းမကြည့်မိ။ သို့သော် ရွှေစေတီမှာလည်း ရွှေများအဝါမွဲနှင့် အမွဲကွက်နှင့် မသပ္ပာယ်။ ညမှုူး ရန်ကုန်နှင့် အမှန်လိုက်ဖက်တာက မီးသတ်နားက အဆောက်အဦလှလှပါ။

အဆောက်အဦလှလှ။ ခင်းကျင်းပြသရာ အခန်းကလည်း နှစ်သက်စဖွယ်ပင်။ စိမ်းသည် အခါပေါင်းများစွာ အထဲဝင်ချင်စိတ် ပေါ်ဖူး၏။ အဝရှိဆိုင်းဘုတ်ကို ကြောက်၍ ပြန်ပြန်လှည့်ခဲ့ရသည်။ အကောင်းတွေချည်း ရှိမှာပဲ။ တွေးနေကျစိမ်း ယခုလည်း မျှော်ကြည့်ရပြန်၏။

စိမ်း လမ်းကို ဖြတ်ကူးဆဲ။ အစိမ်းနုရောင် မာဇဒါကားကလေးတစ်စီး သူ့အားမှာ ထိုးရပ်သည်။ နေရာက လမ်းလယ်။ ထို့ပြင် မီးပွိုင့်။

သို့တစေ ကားက အေးဆေးစွာ ထိုးရပ်၍ ကားထဲမှလှမ်းမေးသည်။

"လိုက်မလား"

"ဘယ်ကိုလဲ"

"ဒီလိုပေါ့"

"ဘယ်နှယောက်လဲ ဘယ်လောက်ပေးမှာလဲ" မေးရင်း ကားနားသို့ စိမ်းကပ်သွား၏။ ကားတံခါး အလိုက်သင့် ပွင့်လာစဉ် စိမ်းနောက်ကို ဆုတ်သည်။

"အို ဘယ်လိုဖြစ်သွားတာလဲ"

စိမ်းမဖြေ။ ပလက်ဖောင်းပေါ် ရောက်လာ၏။ လှည့်မကြည့်။ မွန်ရည်လှပသော ကားကလေးက စိတ်ဆိုးစွာ ဆဲရေးသွားသည်။

အသွင်နှင့် အသံမတူတန်စွာ ဆဲရေးခြင်းသည် လက်တစ်ဖက်ဖြစ်မည်ဆိုလျှင် စိမ်း၏အတိတ်ဘဝသည်လည်း ပင့်ကူအိမ်ယှက်မြွေး ဖုန်ဖွေးဖွေးနှင့် တံခါးတစ်ချပ် ဖြစ်မည်။

စိမ်းက နားကိုပိတ်၍ ရှေ့ဆောင်ရုံဆီ လျှောက်လိုက်သည်။ ကားကလေးက မကျေချမ်းသေး။ ဆူးလေဘုရားလမ်းကို ဖြတ်ကွေ့ကာ မြေအောက်အိမ်သာနားမှ ထိုးဝင်လာ၏။ ထပ်မံဆဲရေးပြန်လေသည်။

စိမ်း နားကိုပိတ်၍ပြေး၏။ ရုပ်ရှင်ရုံထဲမှ လူအုပ်ကြီးအန်ကျလာသည်။ သဲပွင့်ကလေးလှိုင်းလုံးနှင့် မျောပါသွားလေ၏။ လှိုင်းလုံးအမြိတ် အနားစပ်တွင် နားတန့်ရာရ၍ စိမ်းသည် ရဲရင့်ရုံရှေ့တွင် စီးကရက် မီးညှိသည်။ စီးကရက်မှာ တဆက်

mgyoe.com

mgyoe.com
ဆတ်တုန်လျက်။

မီးညှိမရအောင် စီးကရက်ဆတ်ဆတ်တုန်နေသလို သူ့အသည်းသည်လည်း ရုတ်ခြည်းဖျတ်ဖျတ်တုန်ခဲ့ရသည်မှာ မဖွင့်သင့်သော တံခါးနောက်မှ အတိတ်ကြောင်းကြောင့် စင်စစ်ဖြစ်သည်။

* * *

(၂)

စိမ်း၏ချစ်သူအမည်မှာ သတ္တိထွန်းဟူ၏။

စိမ်းက ဖူးပရစ်စည်ဝေသလို တစ်နေ့တခြား ဖြိုးတင့်လာသည့် ကိုယ်အလှကို အလှယ်လှယ် အဆန်းဆန်းပစ္စည်းများဖြင့် မွမ်းမံရကောင်းမှန်း သိတတ်ခါစ မိန်းကလေး။ ဤသည်ကမဆန်းချေ။

ချစ်သူသတ္တိထွန်းဟူသည်ကလည်း စိမ်းနှင့်အသက်ချင်း မတိမ်းမယိမ်း။ ပိုးမျှင်အိမ်တွင် သက်တံဗိမာန်ဆောက်မည်။ အချစ်ဆိုတာ သက်တံထက် အရောင်ပိုသလား၊ အိမ်ဇာပါးထက် လှပချောသည်လား။ ထူးလျှင် ဝတ်ချင် ငမ်းငမ်းနှင့်။ ဆန်းလျှင် လိုချင်ငမ်းငမ်းနှင့်။ စားမည်၊ အိပ်မည် ဤနှစ်လီသာသိသော သည်အရွယ်။

သည်အရွယ်၏ သည်အသိ သည်အမြင် သည်မျှရှိသည်မှာလည်း မထူးဆန်း။ ရေသာများ၍ ငါးမတွေ့သော နေရာများ၍ ခြားမစေ့သော အတတ်ပညာထွန်းကားသည့် ပဥ္စလက်ပွဲတွင် သူ့မိ သူ့ဖများပါဝင်နေ၍ ဖြစ်၏။

ကျောင်းဆိုသည်မှာ ထိန်းကျောင်းခြင်းအနက် ထင်၍ စားကျက်တွင် လွှတ်ထားသည့် သဘောမရောက်ပေ။

သို့ဖြစ်ငြား သတ္တိထွန်းတို့၏ ကျောင်းမှု စားကျက်တွင် လွှတ်လပ်စွာမြူးထူးရန် လွှတ်ပေးခြင်းအနက် ကောက်ယူကာ တစ်စုံတစ်ရာ ပြုပြင်သွန်သင်မှုမပြုနိုင်ဘဲ အသိတိမ်သောအမြင်၊ ပေါ့တန်သော လူငယ်အဖြစ် ပေါ်ပေါက်စေခဲ့ပြီ။

အနာဂတ်ကို သူတို့ဆုပ်ကိုင်သောနေ့တွင် မည်သို့ဖြစ်မည်ဆိုသည်ကို အသာထား၊ ယနေ့တွင်မူ သတ္တိထွန်းတို့ လူတစ်စုကြောင့် ရပ်ရွာချောက်ချားရလေသည်။

အခြားတစ်ပါးသော မိန်းကလေးတို့မှာ သတ္တိထွန်းတို့ ကျက်စားသောလမ်းကို ရှောင်၍ရ၏။ ရွှေကို မဆင်လိုက စိန်ကို ဆင်နိုင်ဘိသို့ သည်လမ်းမြေမနင်းလိုသော် ထိုလမ်းသို့ ရွှေ့လျှောက်နိုင်ကြသည်။ စိမ်းမူ သည်နှယ်မဖြစ်။ သည်နှယ် မရှောင်သာ။
mgyoe.com

mgyoe.com
နေ့တွင် အကြော်ရောင်း၍ ညမှာသာ စာသင်ကြားနိုင်သော ဆင်းရဲသူမကလေးပါ။ ဗန်းထဲက အကြော်ကုန်မှ ဆန်ဝယ်နိုင်မည့်စိမ်းပါ။

ဆန်ဝယ်နိုင်ရေးသည် အဓိက၊ သတ္တိထွန်းတို့၏ စားကျက်လမ်းဖြစ်သည် မဖြစ်သည်က သာမည။

"အကြော်သည် နေပါဦးဗျ"

စိမ်း၏ရင်ထဲ တုန်လှုပ်သွားခဲ့ရသော သတ္တိထွန်းနှင့် ဦးစွာရင်ဆိုင်ခဲ့ရသည့် ထိုနေ့သည် ဆန်းဆန်းကလေး။

ဗရုတ်ကောင်တွေ အရေးစိုက်မနေနိုင်ပါဘူးဆိုပေမဲ့ ထိပ်တိုက်တိုးလာတော့ စိမ်းပြေးပေါက် ရှာမိသည်။ ရှာရပေမည်။ သူတို့မှာ စည်းဆိုသည် လုံးဝမဲ့သည် မဟုတ်လား။

စိမ်း ပြေးပေါက်မဲ့လေပြီ။ သတ္တိထွန်းတို့က လူဆယ်ယောက်။ စိမ်းကို လခြမ်းပုံရံလျက် ချဉ်းကပ်လာကြသည်။

"ချစမ်းပါဦးဗျာ"

ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် စိမ်း၏အကြော်ဗန်းကလေးက မြေပေါ်ရောက်ရသည်။

"အလကား စားသွားကြရင်တော့ ဒုက္ခပဲ။ တစ်ယောက်တစ်ခုဆိုရင်တောင် မနည်းဘူး"

ကယ်သူကင်းစဉ်တွင် ဒုက္ခကို ကြုံရလေပြီဖြစ်သော မျက်လုံး။

သည်မျက်လုံးအစုံနှင့် သတ္တိထွန်း၏မျက်လုံးတို့ တွေ့ဆုံကြသည်။ အသနားခံသော မျက်လုံးများ။ ပြက်ရယ် ပေါ့တန်သောမျက်လုံးများ။

"အဖေအိုကြီးနဲ့ အမေအိုကြီးကို လုပ်ကိုင်ကျွေးနေရတာပါရှင်။ အလကား စားသွားကြရင်တော့ ကျွန်မတို့သားအမိ သားအဖ ငတ်ပါလိမ့်မယ်ရှင်"

ရှေ့ဆုံးက ရယ်မောသူက သတ္တိထွန်း။

"အစ်ကိုတို့ကို အထင်သေးလှချည်လား ညီမရယ်။ ကဲ ဒီထဲမှာ အကြော် ဘယ်လောက်ဖိုးပါသလဲ"

အကြောက်တရားက စိမ်းကို မိုးနေ၏။ စိုးရိမ်ခြင်းက စိမ်းကို ဆွဲ့အစေ၏။

"ဟင် ညီမ နှစ်ဆယ်လား၊ အစိတ်လား"

သတ္တိထွန်း ထပ်ဆင့်မေးသောအခါ စိမ်းလှုပ်ရှားမျက်တောင်ခတ်ရဲပြီ။ အသက်ရှူရဲပြီ။
mgyoe.com

mgyoe.com
"သုံးဆယ်ပါရှင်"

"သုံးဆယ်ဆိုတော့ တစ်ခု ဆယ်ပြား။ သုံးကျပ်ဖိုးဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်ရှင်"

"ရော့ ပိုက်ဆံ၊ ဟော့ကောင်တွေ ယူကြကွာ။ ကြိုက်သလောက် ယူကြစမ်း"

သတ္တိထွန်းကား ငါးကျပ်တန် အမျိုးအစားသစ်တစ်ရွက် ထုတ်ပေးလိုက်ပုံမှာ ပင်အိုထက်မှ ရွက်ဝါလျှောကျလာသလို စိမ်း၏ လင်ဗန်းထဲသို့ လျှောခနဲ ကျသွား၏။ သူငယ်ချင်းများသည် အကြော်စုံတွေကို တပျော်တပါး လုကြသည်။ ငါးခုရသူက ရ၊ နှစ်ခုရသူကရ၊ တစ်ခုသာရသူကရ။

ဟေးလားဝါးလား သံသေးသံကြောင် ရယ်ညှစ်သံများ လမ်းကိုဖုံးသွားသည်။ ပုံးကြီးတစ်ပုံးကို ဘေးမှာလွယ်ထားသော ရေခဲချောင်းသည်ပင် ခြေလှမ်းတန့်သွားသည်။ အရိပ်အခြည် အကဲခတ်သလို ဆုတ်ဆိုင်းဆုတ်ဆိုင်းနှင့်။

စိမ်းသည် ငါးကျပ်တန်အတွက် ပြန်လှန်အမ်းရန် အကြွေတွေကို ရေတွက်၏။ ယခုမှ ဒုတိယအခေါက် ထွက်လာခြင်းဖြစ်၍

"နှစ်ကျပ် မပြည့်ဘူးရှင့်။ သုံးမတ်ပဲ ရသေးတယ်"

"အို ကိစ္စမရှိဘူး။ ဒါပဲပေးခဲ့။ နောက်နောင်လည်း ကျန်တဲ့ငွေ အမ်းဖို့စိတ်မကူးနဲ့"

"ရှင်"

စိမ်း၏မျက်လုံးကလေးတွေ ပြူးကြောင်နေသည်။ ရှဲ့စရာဟု အများကသိကြသော သည်လူများထဲမှ တစ်ယောက်ဖြစ်သူ၏စကားက များသောအားဖြင့် ယုံသင့်ယုံရာမဟုတ်။

"သုံးမတ်ပဲ ရှိရင် သုံးမတ်ပဲ အမ်းပေါ့ညီမရယ်။ ကျန်တာကိုလည်း ဘယ်တော့မှ မအမ်းနဲ့တော့"

"အိုမဟုတ်တာရှင်"

"ဟဲ့ မိစိမ်း ကနေ့ကုန်တာ စောလှချည့်လား"

ရေခဲချောင်းသည်ကြီး ရောက်လာပြီး ပြောရင်း သတ္တိထွန်းတို့လူ၏လက်ထဲတွင် အကြော်တွေကိုမြင်သည်။

"ဟုတ်ကဲ့ ဦးလေး"

သည်အခါ၌ စိမ်း၏အသံ မှန်လာရုံမက ရင်လည်းချောင်လာရလေ၏။

"နာမည်က မိစိမ်းတဲ့လား။ အစ်ကိုကတော့ စိမ်းလို့ ခေါ်ပါရစေနော်။ စိတ်မဆိုးဘူး မဟုတ်လား"
mgyoe.com

mgyoe.com
စိမ်း လက်သင့်ခံရန်မလွယ်သော စကားကို သတ္တိထွန်း ရုတ်ခြည်းစတင်လာပြီဆိုတော့ စိမ်းမျက်နှာပူရှိန်းလေသည်။ ရေခဲချောင်းသည်ကြီးကို ရှက်ရှက်ဖြင့် လှမ်းကြည့်၏။ လူကြီးကတော့ မကြားယောင်ဆောင်သွားသည်။ ကြားမှာပါပဲလေ။

"ဘာလဲ စိတ်ဆိုးသွားသလား။ ကဲ ကဲ နေပူနေပြီ သွားတော့"

သတ္တိထွန်းကသာ သွားမိန့်မပေးလျှင် စိမ်းဘာဆက်လုပ်ရမည်မသိ။ ဒူးထောက်ထိုင်ကာ ကြောက်ရွံ့စိတ်၊ ရှက်ရွံ့စိတ်နှင့် ကြောင်စီစီဖြစ်နေရမည် မုချ။ ယခုတော့ သတ္တိထွန်းကိုပင် ကျေးဇူးတင်ရမလိုပင်။

"နက်ဖြန်ခါလည်း ရောင်းလို့မကုန်ရင် ဒီကိုလာခဲ့နော် ညီမ"

သူတို့က သတိတရမှာလိုက်ငြား စိမ်းက ထိုလမ်းသို့ ခြေဦးမလှည့်တော့ချေ။

စိမ်းလည်း များစွာထုံနသော မိန်းကလေးမဟုတ်။ သတ္တိထွန်းတို့၏ အသွင်ကိုမြင်သည်။ ယင်းတို့အပေါ် အများသူတကာ၏ သဘောထားကိုလည်းကြားရသည်။ သို့ဖြစ်သဖြင့် ပန်းဟောဝန်မဆုံးမီ ယမုံနာပတ်ပျိုးကိုတီး၍ ငိုချင်းဆိုင်းမဆုံးမီ ဘီလူးကကမည့် သည်လူစားများထံသို့ အမိုက်ခံ၊ အရှက်ခံ၍ မသွားခြင်းဖြစ်သည်ဆိုရမည်။

* * *

(၃)

ယေဘုယျအားဖြင့် ဖြူသောပုလဲသည်ပင် အလုံးဆယ်သန်း၌ တစ်လုံးနက်သေး၏ ။

ဖူးစာဟု ပြောကြမည်လား။

ဖြစ်တတ်သည့်အကြောင်းပေလား။

မကြုံမဆုံအောင် သူတို့အား ရှောင်ကွင်းသော စိမ်း။ အနားမရှိ အလယ်သား၊ အိပ်စားကာမ ဤသုံးဝကိုသာ သိသောလူစုထဲက သတ္တိထွန်း။

သူတို့ ချစ်ကြလေပြီ။ ကြိုက်ကြလေပြီ။ မြတ်နိုးခင်မင်ကြလေပြီ။

ခြောက်တန် နတ်ရွာဘုံက လာသောနတ်သားကလေး၏အချစ်ကို အကြော်သည် ညကျောင်းသူမကလေးက ယုံယုံကြည်ကြည်လက်ခံခြင်းမှာ မိုက်သည်ဆိုမလား။ မှားသည် ပြောမလား။

သတ္တိထွန်း၏ မျက်လုံးများက စဉ်းလဲမှုကင်းလေသောအခါ ကောက်ကျစ်ရိပ်မသန်းသောအခါ

နှုတ်ထွက်စကားက မပြက်ချော်။ မရန့်ကြမ်း။ သကာလူးသော ပန်းနှယ် ချိုမွှေး

mgyoe.com

mgyoe.com
လေသောအခါ

သတိကြီးသောစိမ်းသည်ပင် ချစ်လာခဲ့ရ၏။

လှချင်ပချင်သော အရွယ် ဝတ်ချင်စားချင်သောအရွယ်။ သည်အရွယ်တို့ မက်မောတတ်သည့် အဝတ်အထည်နှင့် အလှပြင်ပစ္စည်းများ။

တစ်ကြိမ်မှာတော့ စိမ်း ငြင်းသည်။

"စိမ်းနဲ့မတန်တဲ့ ပစ္စည်းကို စိမ်းမလိုချင်ဘူး အစ်ကို။ စိမ်းဟာ လူကိုသာချစ်တာပါ"

နှစ်ကြိမ်မှာတော့ သတ္တိထွန်းက စတင်၍ စကားနာထိုးသည်။

"ချစ်တယ်ဆိုတာဟာ ယုံလို့ချစ်တာ စိမ်း။ ဒါပေမဲ့ စိမ်းမှာ သံသယက ကုန်းချောနေပြီ။ ဘာလဲ အစ်ကို့ကို စိမ်းချစ်လည်းမချစ်၊ ယုံလည်းမယုံလို့ အစ်ကို့ လက်ဆောင်ကို လက်မခံတာလား"

စိမ်း အကျပ်ကိုင်ခံရခြင်း။

"လူ့အသုံးအဆောင်ပစ္စည်းတွေဟာ လူတွေ သုံးစွဲဖို့ပါစိမ်း။ စိမ်းဟာ လူပဲ။ ဒူးနေရာဒူး တော်နေရာတော်။ ဘယ်လူတန်းစားက ဘာကိုဝတ်ရမယ်ဆိုတဲ့ခေတ်မဟုတ်တော့ဘူး။ အစ်ကိုလေ စိမ်းကို လှစေချင်တယ်။ စိမ်းကို လှလှကလေး မြင်ချင်တယ်"

သတ္တိထွန်းတို့အား အခြားသော မိန်းကလေးတို့ ဝေးဝေးကရှောင်သည်။ ဤအထဲက သတ္တိထွန်း။

သူ၏မေတ္တာကိုလက်ခံသလို သူ့လက်ဆောင်ကို စိမ်းယူသည်။ သည်ပစ္စည်းတွေက မိခင်အား စိမ်းအကြောင်းကို ပြောလေသည်တွင် မိခင်ရင်မလေ၏။ ဘုရားဘုရား။

သမီးအကြော်ရောင်းသည့်အလုပ်မှာ တစ်နေ့မှ နှစ်ကျပ်ခွဲ သုံးကျပ်သာမြတ်သည်။ တစ်နေ့တွက် သားအမိ သားအဖ သုံးယောက်စားအပြီး၌ အမြတ်ကုန်လေပြီ။ သည်လိုဆိုက ဤမည်သော ထိုမည်သော ပစ္စည်းတွေကို သမီး ဘယ်ပုံရပါလိမ့်။

သမီးပြန်မလာမချင်း ငယ်ထိပ်မှာ မျက်လုံးကပ်နေခဲ့ရသော အမိ။ အသက်ရှူမဝ ရင်ကိုမ,ထားရသော အမိ။ သမီး၏ရှိးသားစွာ ဝန်ခံချက်ကို ကြားရမှ သက်ပြင်းရှိုက်သာသည်။

"တော်ပါသေးရဲ့ သမီးရယ်။ ဒါပေမဲ့ စဉ်းစားပါကွယ်။ သမီးနဲ့တော်တာက အနားပြာပေါ်ပလင်ပါ သမီးရယ်။ သမီးလိမ်းသင့်တာက သနပ်ခါးနဲ့ သင်းကြူကြူ
mgyoe.com

mgyoe.com
ပေါင်ဒါပါ”

အမိစကားသည် ဆုံးမစကားပီသ၏။ လိုက်နာချင့်စဖွယ် ချိုသာညက်ညော၏။

သို့စဉ် အဖေကြားသည်။ မစူးစမ်း မဆင်ခြင်။ ရှုးခနဲ ပါးပျဉ်းထောင်တတ်ခြင်းမှာ အဖေ့ဝသီ။ သမီးရည်းစားထားတာ ရာဇဝတ်မှုမဟုတ်ပါဘဲကို တုတ်ဆွဲ၍ ဝင်လာ၏ ။

အသက် ၆၀ ကျော် အဖေက စတင်မှားယွင်းသည်။ အမှားတရားသည် စိမ်းကိုပါ ကူးစက်၏။ နက်ရှိုင်းသောအမှား၊ မည်းမှောင်သောအမှား။ တောအုပ်အဝဌ် သတ္တိထွန်း။

“စိမ်းရဲ့ အသားကလေးတွေကိုရိုက်တာ အစ်ကို အသည်းဆတ်ဆတ် နာတယ် ညီမရယ်။ အစ်ကို့အသည်းဆက်ပြီး မကွဲပါရစေနဲ့တော့။ အစ်ကိုနဲ့သာ လိုက်ခဲ့ပါညီမ နော်။ အစ်ကိုလေ ညီမကိုရိုက်ဖို့ထား စကားမာမာ မပြောပါဘူး”

ပျားထက် ဆားက တကယ်ချိုပါမည်လား။ စိမ်း ဤသည်ကို မစဉ်းစား။ လတ်တလောနာကျင်ခြင်းကို အကြောင်းပြု၍ ထိုနေ့ညဌ် သတ္တိထွန်း၏နောက်သို့ လိုက်လေ၏ ။

ချစ်သူနောက်သို့ မိဘမသိအောင် လိုက်ပြေးခြင်းသည် ရင်တဖိုဖိုပင်။ ကောင်းသော ရင်ဖိုခြင်းလား၊ ဆိုးသောရင်ဖိုခြင်းလားဟူသည်ကို မကြာမီ စိမ်းသိရလေ၏။

ခန်းစက်ရာဝယ် မောင်မယ်လည်ယှက် မန္တလိုက်ရ။ မှန်သေတ္တာထဲ ထည့်ပြီး ရောင်းမည်မှန်းသော ရတနာမှာ ခရီးတွင်ပင် ရောင်းချလိုက်ရသည်။

တကယ်တော့ သတ္တိထွန်းနှင့်စိမ်း ခိုးရာလိုက်လာကြပြီ။ ဘယ်ပုံဘယ်နည်း လည်ချင်းယှက်သည်ဆိုခြင်းမှာ အကြောင်းဟုတ်ရာ၊ ဇာချဲ့ရာ မဖြစ်ချေ။ စိမ်းက သည်နှယ်ယူဆ၍ မကန့်ကွက်ခဲ့စေကာမူ သတ္တိထွန်း၏သူငယ်ချင်းဆိုသူများ ဘွားခနဲ ပေါ်လာသောအခါ စိမ်း၏ဝိညာဉ်ချုပ်စဲမတတ် ဖြစ်ခဲ့၏ ။

စိမ်း၏ပါးစပ်ကို ဆို့ကြသည်။ ဓားဖြင့်ထောက်ကြသည်။ သတ္တိထွန်းအလိုတူ၍ ရောင်းပေးသလား၊ အနိုင်ကျင့်ခံရသလား စသည်ဖြင့် စိမ်း မစဉ်းစားနိုင်။ အစ်ကိုရေ ကယ်ပါဦးဟု အော်ချိန်မရခဲ့။ အမှတ်မဲ့ စမ်းသပ်မိသောဓားဖြင့် ပြန်လှန်ခုခံ၏။ လမ်းသရဲများ ဖရိုဖရဲ၊ အတုံးအရုံး။ ရုန့်ရုန့်ကြမ်းကြမ်း ဆဲရေးသံများနှင့် သွေးအလိမ်းလိမ်း။

ဓားက လမ်းသရဲတို့၏ဓား။

သည်ဓားဖြင့် တစ်ယောက် ချက်ချင်းသေသည်။ နှစ်ယောက် ဆေးရုံရောက်မှ
mgyoe.com

mgyoe.com
သေသည်။ နောက်နှစ်ယောက် ဒဏ်ရာရသေးသည်။ သူတို့ကို အရပ်က ရဲလက် အပ်၏။

* * *

(၄)

အတိတ်တံခါး၏နောက်ကွယ်တွင် အတိတ်အကြောင်းများကို စိမ်းပစ်ထားခဲ့သည်။ စိမ်း မကြားချင်၊ မသိချင်၊ မတွေးချင်ပါတော့ပြီ။

ချစ်သူနောက်သို့ ခိုးရာလိုက်လာစဉ် အနိုင်ကျင့်ခံရသည်။ သို့မဟုတ် အော်ဒါ ခေါ်လာသည်။ ဤနှစ်လီအနက် မည်သည်ကို တရားရုံးက လက်ခံဆုံးဖြတ်သည်ဟူ၍ပင် စိမ်းမသိချင်တော့။ ထောင်မှအလွတ်၌ မိဘထံပြန်လာတော့ အမိရော အဖပါ ကွယ်လွန်ခဲ့ပြီ။

အမိ အဘတို့ခေါင်းချသွားသော အိမ်အိုကလေးတွင် နေထိုင်မည်ကြံတော့ အရပ်က သဘောမကျ။ သို့သော် အော်ဒါ လာခေါ်သူမှာ ထိုရပ်ကွက်က လူကြီးပင်။

"မသိဘူး မသိဘူး"

စိမ်းအော်သည်။ လက်နှစ်ဖက်က နားကိုယောင်ယမ်း ပိတ်ဆို့ချင်သောဟန်ရှိသည်။ အရှင်လတ်လတ် ရင်ခွဲ၍ အသည်းထုတ်ခံရခြင်းကို ထပ်မံ မထင်မြင်လို။

"ဘာတွေ မသိတာလဲ။ အရက်နံ့ မနံ့ဘဲနဲ့ မူးနေပုံထောက်တော့ ဟဲ ဟဲ ဂျင်တွေ သောက်လာပြီထင်တယ်"

အနားတွင်ကပ်၍ ရပ်လာသော လူတစ်ယောက်။ သူ့အသံကို ကြားလျှင် လူ့အသည်းကိုရေမဆေးဘဲ သုပ်စားသောအမိုက်ရွာမှ စိမ်း ပြန်ရောက်လာသည်။ ညမင်းရန်ကုန်သို့ ပြန်ရောက်လာလျှင် အရက်နံ့သင်းသော ထိုလူ။

"ရှင်က ဘာလဲ ဘာလိုချင်လို့လဲ"

ထိုလူက အဖြေမပေးသေးဘဲ စီးကရက်ညှိသောက်၏။ သူ့အိတ်ထဲမှ ငွေစက္ကူ။

"ဟဲ ဟဲ မင်းကိုလိုချင်လို့"

"နေရာမရှိဘူး ရှင့်။ ကျွန်မကို မြင်ရုံနဲ့ အပေါစားမဟုတ်ဘူးဆိုတာတော့ ရှင် သိသင့်တယ်"

"သိပါတယ်လေ တစ်နေရာကို ခေါ်မသွားနိုင်ပေမဲ့ ကောင်းကောင်းပေးပါ့မယ် ကဲ လာ"

ငွေလိုသူနှင့် ငွေပေါသူတို့ လက်ချင်းတွဲလိုက်ကြ၏။

mgyoe.com

mgyoe.com

ညည့်ပရိသတ်စဲစ ညမှူးရန်ကုန်၏ ဗိုလ်ချုပ်လမ်းသည် နီလာသွေးဖြင့် လဲ့ရီနေပါ၏။ ကွမ်းခြံဘူတာနှင့် ပန်းဆိုးတန်းလမ်းကို ကူးဆက်ထားသော ပေါင်းကူးတံတားကို မှိန်မှိန်မြင်ရ၏။

တံတားဆောက်သော အင်ဂျင်နီယာတို့သည် အနုပညာမျက်စိဖြင့် သက်တံခုံးသဏ္ဌာန် ပြုလုပ်ခဲ့ကြသည်။

လှပသော ညမင်းရန်ကုန်၏ ရင်ခွင်ဝယ် သည်တံတားမှ သက်တံရောင်များဖြာလေပြီ။ စိမ်းနှင့်စိမ်းတို့သည် သက်တံရောင်များကြားတွင် ဆော့ကစားကြမည်။

မိုးဝေမဂ္ဂဇင်း
မေလ၊ ၁၉၇၀ ပြည့်နှစ်။

◆

mgyoe.com

mgyoe.com

အဖေ

ကိုယ်ရေပြားရောဂါသည်များကို ကျွန်တော် ဝေးဝေးကရှောင်ပါသည်။ ယင်းသို့ ရှောင်ခြင်းမှာ သူတို့ကို မုန်း၍မဟုတ်၊ ကြောက်၍မဟုတ်၊ ရွံ့ရှာ၍လည်း မဟုတ်ပါ။ ကျွန်တော်၏ မခက် မာသော နှလုံးသား၏ခံစားမှုဒဏ်ကို ကြောက်သောကြောင့် ဖြစ်ပါသည်။

ကိုယ်ရေပြားရောဂါသည်တစ်ယောက်ကို မြင်ခဲ့ရပြီးသော ညတွင် ကျွန်တော် အိပ်မပျော်တော့ပါ။ သနားစရာအသံကို ကြား ကြားနေတတ်ပါသည်။ မြင်မကောင်းသော အဆင်းကို မြင်ယောင်ကာ ဝမ်းနည်းနေမိသည်။ သူတို့၏ဘဝကို တသီကြီး တစဉ်ကြီး လျှောက်တွေးရာမှ ရင်နင့်ဝေဒနာကိုခံစားနေရလေ့ရှိပါသည်။

ထို့ကြောင့် ကိုယ်ရေပြားရောဂါသည်များကို ကျွန်တော် ဝေးဝေးကရှောင်သော အကျင့်ရှိပါသည်။ သို့ဖြင့် အလုပ်သွားအလုပ်ပြန်တွင် ကျွန်တော်အသုံးပြုသော လမ်းသည် ကိုယ်ရေပြားရောဂါသည် မရှိသောလမ်းသာလျှင် ဖြစ်ပါတော့သည်။

ထိုနေ့က မမျှော်လင့်ဘဲနှင့် ကိုယ်ရေပြားရောဂါသည်တစ်ယောက်ကို မြင်ရသောအခါ ကျွန်တော်တွန့်သွားပါသည်။ မကြားလို၍မရ၊ မမြင်လို၍ မဖြစ်ပြား။ ကွင်း၍ကွေ့၍ကား သွားနိုင်ပါသေးသည်။

သို့သော် ကျွန်တော် မသွားမိ။ ရောဂါသည် ရှေ့တွင်ခင်းထားသော အဝတ်ပေါ်သို့ ဆယ်ပြားစေ့တစ်စေ့ ပစ်ချပေးခဲ့ရုံသာမက အတော်ကြာအောင် လှည့်ကြည့်လှည့်ကြည့်နှင့် လျှောက်လာမိသည်။

mgyoe.com

mgyoe.com
ကိုယ်ရေပြားရောဂါသည်များကို ဝေးဝေးကရှောင်ကွင်းသော အကျင့်ရှိပါလျက် ယနေ့မှ မကွင်းမဝိုက်ဘဲ အနားကပ်သွားကာ ပိုက်ဆံပေးရုံဖြင့် မပြီးသေးဘဲ လည်ပြန်လှည့်ကြည့်အောင် ကျွန်တော့်အား ဆွဲဆောင်သူမှာ ရောဂါသည်မဟုတ်ပေ။ ရောဂါသည်၏ဘေးက ကလေးလေး ဖြစ်ပါသည်။

လိပ်ကလေးတစ်ကောင်ကို ပက်လက်လှန်ထားသည်သို့ ယက်ကန်ယက်ကန်နေသော ကလေး။ နီမြန်းသောသွားဖုံးကလေးများပေါ်လျက် ပါးကလေးတွေ အက်နေအောင် ကြည်နူးလန်းမြနေသော ကလေး။ သည်ကလေးသည် မန်ကျည်းပင်ရိပ်နှင့် ရေအိုးကို အလှဆင်ထားပါသည်။ ပလူတောင်များလွင့်သည့်နှယ် မန်ကျည်းရွက်ခြောက်များ ပြေးဆော့နေသော သည်အရိပ်ကို ကျက်သရေဖွဲ့ဝေထားသော ကလေးဖြစ်ပေသည်။

ကလေးအဖေမှာ ကျွန်တော့်ထံမှ ပိုက်ဆံမတောင်းဖြစ်ပါ။ ပုဆိုးစုတ်ပေါ်တွင် ရယ်မြူးနေသော သားလှရတနာကို ငုံ့ကြည့်ကာ ခေါင်းဆတ်၍ဆတ်၍ ချော့မြူနေသည်။ သူ့မျက်လုံးတွေကို ကျွန်တော်မမြင်သာပေမဲ့ စမ်းမြငြိမ်အလား ကြည်ရွှန်းနေပေလိမ့်မည်။ သူ့ရင်တွင် ကျွန်တော် ဝင်မကြည့်နိုင်ပြား။ ရေကြည်စမ်းနှယ် ချမ်းမြနေပါလိမ့်မည်။ သူ့အသည်းသည် အမွှေးမြဆုံး ပန်းလှတစ်သောင်း ခညောင်းသော့နှယ် ထုံဆွတ်နေပေလိမ့်မည်။

သူတို့သားအဖ၏ ကြည်နူးချမ်းသာမှုက တစ်မုဟုတ်ချင်း ကျွန်တော်၏ရင်ထဲ ကူးစက်လာပါသည်။ ထို့ကြောင့် ကြည်နူးချမ်းသာမှု အာလျှအမျှင်တန်းကာ လမ်းဖြောင့်ဖြောင့် မလျှောက်နိုင်ခြင်းဖြစ်ပေ၏။

သို့ရာတွင် ကျွန်တော့်ရင်တွင်း၌ အပြောင်းအလဲ မြန်ဆန်လွန်းသည်။ ရောဂါသည် သားအဖကို ပီပီသသကျောခိုင်းမိချိန်တွင် ကျွန်တော့်အတွေးထဲ ဝင်ရောက်လာသော အရာမှာ "ကလေးလေးက ချစ်စရာကလေးပါကလား"ဟူ၍ ဖြစ်သည်။

သည်မှ တစ်ဆင့်တက်၍ "တုတ်တုတ်ခဲခဲနဲ့ သနားစရာကလေးပါကလား" ဆိုသောအတွေးဝင်လာ၏။ ကျွန်တော် ယောင်ယမ်းပြီး ခြေလှမ်းတုံ့ရပ်မိ၏။

"လောကရဲ့ အလှအဖူးကလေး။ နိုင်ငံ့ရဲ့ရတနာကလေး။ ဒါပေမဲ့ သူ့အဖေရဲ့ရောဂါ သူ့အဖေဆီက ရောဂါ"

ကျွန်တော် စိတ်နောက်ကျူရလေပြီ။ စမ်းငြိမ်အေးကို ကြမ်းတမ်းသော သဲမုန်တိုင်းကြီးတစ်ခု ဝင်ရောက် ခလောက်ဆန်လိုက်သည့်အလား ကျွန်တော့်ရင်ထဲ ပူလာရလေသည်။
mgyoe.com

 mgyoe.com 

ချစ်စရာကောင်းသော ပန်းဖူးကလေးသည် မပွင့်လန်းမီ ရန့်မဖြာမီပင် ညှိုးကြွေရမည်မှာ အနေးနှင့်အမြန် ဖြစ်သည်။ အပြစ်ကင်းမဲ့သော ရတနာကလေးကို သူ့အဖေထံမှ ရောဂါကူးစက်တော့မည်။ သို့ဆိုလျှင် ဤကလေးငယ်သည် နစ်မွန်းရတော့မည်။ သူ့အဖေသည် သူ့အတွက် ဦးဆောင်သဖွယ် ဖြစ်နေရာ သူ့အဖေ နည်းတူ အစွန့်အကြဲခံဘဝ ရောက်ရတော့မည်။

အလုပ်ခွင် ရောက်ပြီ။

ကျွန်တော့်စိတ် ပြန်လည်ကြည်လင်မလာတော့ပါ။ ဟယ် သူ့ထိုက်နဲ့ သူ့ကံကမ္မသကာ သဘောထားရန် ကြိုးစားကြည့်၏။ ဆို့နေသောရင်က ပေါ့ပါးမလာပါချေ။ ကိုယ့်သားသမီးအပေါ်တွင် အန္တရာယ်ကြီးတစ်ခု မုချကျရောက်လာတော့မည် သိလျှင် ကျွန်တော် ဥပေက္ခာ ရှုနိုင်လိမ့်မည်မဟုတ်။ အစွမ်းကုန် ကာကွယ်မည်။ အသက်နှင့်ရင်းနှီး၍ ခုခံမည်။

ကျွန်တော် ရင်သွေးချင်း စာနာမိသည်။ သနားနေကာမျှဖြင့် မလုံလောက်။ ရင်နာနေကာမျှဖြင့် မပြီးစီးဟု သဘောရသည်။ ကလေးငယ်၏ အနာဂတ်တံခါးကို မပိတ်ဆို့အောင် ကူညီရပေမည်။

ထိုအခါ လူမှုဝန်ထမ်းဌာနမှ ဒေါ်တင်လှိုင်ကို သတိရသည်။ ဒေါ်တင်လှိုင်ကို အစည်းအဝေးတစ်ခုတွင်သိကာ စကားလက်ဆုံကျခဲ့ရဖူးသည်။ ကလေးသူငယ်များ အရေးဆွေးနွေးကြည့်သောအခါ ဒေါ်တင်လှိုင်မှာ တာဝန်ကိုစိတ်အားထက်သန်စွာ ထမ်းဆောင်နေသူအဖြစ် သိမြင်ရသည်။ သူသည် ဤကိစ္စအတွက် ဆောင်ရွက်ရန် လူဖြစ်လာရသူနှယ် ရှိသည်။ ယင်းနှင့် စပ်လျဉ်းလာလျှင် သူ့တွင် ရုံးချိန်ရုံးပ မရှိ။

ထို့ကြောင့် ကျွန်တော် ဒေါ်တင်လှိုင်နှင့်ဆက်သွယ်ရပါသည်။ လေးစားဖွယ်ကောင်းသော အမျိုးသမီးကြီးထံ ကျွန်တော် ရောက်သွားချိန်မှာ လက်မတင်ကလေးဖြစ်ပေ၏။ သူသည် မန္တလေးသို့ တာဝန်ဖြင့်ပြောင်းရတော့ပြီ။

ဒေါ်တင်လှိုင်က ကလေးကို သူနှင့်အတူ ခေါ်သွားမည်။ ကလေးလိုချင်သူရှိလျှင် တိကျခိုင်လုံသောစည်းကမ်းဖြင့် မွေးစားခွင့်ပေးမည်။ လိုချင်သူမပေါ်လျှင် တစ်သက်လုံး သူတာဝန်ယူမည်။ ကျွန်တော်ဝမ်းသာရပေမည်။

"ကျွန်တော် ခင်ဗျားကို အနှောင့်အယှက်ပေးမယ့်လူ မဟုတ်ပါဘူး။ နောင်ကြီးနာမည်ကလေးတစ်ဆိတ် သိပါရစေ"

"ဖိုးထိန်ပါဆရာ"

ကိုဖိုးထိန်၏ ရောဂါသည် နှာခေါင်းတွင်းဝင်ရောက်ဒုက္ခမပေးသေးသောကြောင့်

mgyoe.com

နာသံမပါသေးပေ။ အသံပီသဆဲရှိသည်။ သူ့ဘေးရှိမြေပြင်ပေါ်တွင် လုံချည်စုတ်ကလေးထွေးလျက် အိပ်ပျော်နေသော သူ့သားရွှေသွေးလူကလေးမှာ ပန်းကလေးတစ်ပွင့် နေခြည်အပျောက်၌ အိပ်ငိုက်နေသည့်နှယ် ကျက်သရေရှိလှပါသည်။

ကိုယ်ရေပြားရောဂါသည်ကို ဝေးဝေးကရှောင်ခဲ့သော ကျွန်တော်၊ ရောဂါသည်ရှေ့ရောက်နေရခြင်းမှာ ဤကလေးကြောင့်ဖြစ်ပေသည်။ ဤကလေးကြောင့် စကားအစပျိုးနေရခြင်းဖြစ်ပါသည်။

ကျွန်တော်က စကားဆက်၏။

"ခင်ဗျားကို အရင်တုန်းက ဒီမြို့မှာ မမြင်ပါကလား ကိုဖိုးထိန်"

"ကျွန်တော် တောင်ပိုးထိုးရွာကပါ ဆရာ။ သူ့အမေမရှိတော့ ကလေးကို ပစ်ထားခဲ့လို့မရတာနဲ့ အခုလို မြို့ပေါ်တက်လာရတာပါ ဆရာ။ ကလေး အမေရှိစဉ်တုန်းက ကျွန်တော် တောထဲမှာ ထင်းခွေပြီး မြို့ပေါ်တက်ရောင်းတဲ့ လူတွေဆီရောင်းပါတယ်"

"ကလေးအမေက ဆုံးသွားတာလား"

ကိုဖိုးထိန် ကျွန်တော့်ကိုမော့ကြည့်သည်။ မျက်ရည်အိုင် မျက်လုံးများဖြင့် ဖြစ်၏။ ခေါင်းငုံ့ကာ သူ့သားကလေးကို စိုက်ကြည့်နေပြီးမှ တစ်ဆို့ထစ်ငေါ့စွာ ပြော၏။

"သေတာထက်ဆိုး ဆိုးပါတယ် ဆရာရယ်။ ကျွန် . . .ကျွန်တော်ထင်းခွေ သွားနေတုန်း လင်ငယ်နဲ့ လိုက်ပြေးသွား သွားတယ်"

ကျွန်တော် သက်ပြင်းရှိုက်မိပေသည်။

ပြောချင်သည့်အချက်သို့ ရောက်အောင် စကားဆက်ရန်ပင် အတော်ခက်သွားပါပြီ။ မယားစွန့်ပစ်ခံရပြီးနောက် သည်သားကလေးအပေါ်တွင် အချစ်ပုံကာ နာသောအသည်းကို ကုစားနေရရှာပေလိမ့်မည်။

သို့သော် ကျွန်တော် ကြိုးစားပြီးပြောသည်။

"စိတ်တော့မရှိနဲ့ ကိုဖိုးထိန်။ ကျွန်တော်ဟာ ခင်ဗျားလိုလူမျိုးကို အဝေးကြီးကရှောင်တဲ့လူပဲ။ ဒါပေမဲ့ ခင်ဗျားသားကလေးကိုမြင်တော့ ကျွန်တော် ရှောင်မနေနိုင်တော့ဘူးဗျ"

ကိုဖိုးထိန် ဝမ်းမြောက်ဂုဏ်တက်သွားဟန်ရှိပါသည်။

"သားလား ဒီကောင်တကယ်တတ်တဲ့ကောင်ဗျာ။ အခါလည်ရုံပဲ ရှိသေးတယ်။ လေးဖက်သွားနေပြီ။ အဖေကိုလည်း ခေါ်နေပြီ မပီသေးဘူး"

"ခင်ဗျားသားကို အသက်ထက်မက ချစ်မယ်ဆိုတာ ယုံကြည်ပါတယ် ကိုဖိုး

mgyoe.com

mgyoe.com
ထိန်၊ ဒီကလေးဟာ ခင်ဗျားနဲ့ ကြာကြာနေရင် ခင်ဗျားရဲ့ရောဂါတွေ ကူးစက်ကုန်မှာ ကိုကော သတိထားမိရဲ့လား"

ကိုဖိုးထိန် တုန်လှုပ်ချောက်ချားစွာ မော်ကြည့်သည်။ မော်ကြည့်နေဆဲ၌ သူ့မျက်အိမ်၌ မျက်ရည်ဝေ့သန်းလာသည်။ သူ့နှုတ်ခမ်းတွေ တုန်ယင်လာသည်။

"သိ . . .သိပါတယ် ဆရာ။ ဒါ . . .ဒါပေမဲ့ ရောဂါသည်ရဲ့ သားသမီးကို ဘယ်သူကလက်ခံချင်မလဲ ဆရာရယ်။ ပြီးတော့ ကျွန်တော့်မှာ ဒီ . . .ဒီသားကလေးကိုပဲ အသက်၊ ဒီသားကလေးကိုပဲ အသည်းနှလုံးသဖွယ် တွယ် . . .တွယ်တာရ . . .မြတ်နိုးနေရ . . .နေရ ဆ . . .ဆရာရယ်"

"ကျွန်တော် ကိုယ်ချင်းစာပါတယ် ကိုဖိုးထိန်။ သိလည်းသိပါတယ်။ သိရက်သားနဲ့ အခုလိုပြောရတာ စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျားသားကလေးရဲ့ တလူလူတက်လာတဲ့ အညွန့်ကလေးမကျိုးစေချင်ရင် လမ်းစရှာဖို့ကောင်းတယ်"

ကိုဖိုးထိန် မော့ကြည့်နေဆဲ ရှိသေးသည်။ မှုန်ဝေသီနေသော မျက်လုံးတွင် မျက်ရည်မအိုင်သေးပါ။ သူ မငိုမိရန် ကြိုးစားနေဟန်တူပါသည်။

"ကျွန်တော် . . .ကျွန်တော် ဘာလုပ်ရမလဲဆရာ"

"ကလေးကို စောင့်ရှောက်ရတဲ့ တာဝန်ကြီးလည်း ခင်ဗျာ့ခေါင်းပေါ်က ကျသွားမယ်။ ကလေးလည်း လူကောင်းသူကောင်းတွေကြားကို ရောက်သွားမယ်။ အဲဒီနည်းတစ်နည်းရှိတယ်ဆိုပါတော့ဗျာ။ ဟင်းရွက် ကန်စွန်းရွက်ပေးသလို ပေးလိုက်ရမှာလည်း မဟုတ်ဘူး။ ဒီမြို့ပေါ်က လူကြီးစုံရာရှေ့မှာ လူမှုဝန်ထမ်းဌာနက စေတနာရှင် အမျိုးသမီးတစ်ယောက် လက်ထဲထည့်လိုက်ရင် သူကြည့်စီစဉ်မှာပဲ"

"အပိုင် . . .အပိုင် ပေးလိုက်ရမှာလား ဆရာ"

ကျွန်တော် ကိုဖိုးထိန်ကို မကြည့်ရက်ပါ။ ရုပ်ပျက်စပြုနေသော သူ့မျက်နှာ တွင် လူကောင်းများထက် ကြေကွဲဖွယ်ကောင်းသော ခံစားမှုများ ထင်ပေါ်နေပါသည်။ အပိုင်ပေးလိုက်ရမှာလားဆိုသော စကားကို နှလုံးကြေမွေစွာ မေးလိုက်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် မျက်နှာလွှဲကာ ဖြေမိသည်။

"စွန့်လွှတ်ခြင်းဆိုတာ ချစ်တာပဲလို့ ဆိုကြတဲ့စကားဟာ သားသမီးနဲ့ အနန္တမေတ္တာရှင်မိဘရဲ့ကြားမှာရှိတယ် ကိုဖိုးထိန်။ ပေါက်လွှတ်ပဲစားအမှုကိစ္စ၊တွေနဲ့ တင်စားနေတာဟာ မှားတယ်"

"ကျွန်တော် . . .ကျွန်တော်"
mgyoe.com

mgyoe.com

"မနက်ဖြန်မှ စကားပြန်ပေါ့ဗျာ"

ဝေဒနာသည်ကြီး၏ဝမ်းပန်းဆို့သိပ်နေသော ကြေကွဲသံကို ကျွန်တော် မကြားရက်တော့ပါ။ အမြန်နှုတ်ဆက်ကာ ခွာလာခဲ့ပါသည်။

ကိုယ့်ဒုက္ခ ကိုယ်ရှာသည်ဟူ၍ကား မထင်မိ။ မွေးကြူလန်းမည့် ပန်းကလေးတစ်ပွင့် ရန့်မခန်းစေရေး စေတနာ လုပ်အားပေးရသည်ပဲ ယုံကြည်ငြား။ ကိုဖိုးထိန်၏ကြေကွဲရုပ်သွင်ကို ညတွင် မြင်နေသည်။ သူနှင့်ထပ်တူမဟုတ်စေကာမူ ကျွန်တော့်ရင်ထဲတွင် နာကျင်ရပါသည်။

နောက်တစ်နေ့တွင် ကိုဖိုးထိန်ကို ကျွန်တော်ထပ်မံ ရင်ဆိုင်ရပြန်၏။ စိတ်ဆင်းရဲခြင်းကို ဖယ်ထားရသည်။ ကိုဖိုးထိန်ကို မကြည့်မိအောင် ကြိုးစားရသည်။

"ဘယ်လိုလဲ ကိုဖိုးထိန်၊ ဆုံးဖြတ်ပြီးပြီလား၊ ဆုံးဖြတ်ပြီးရင် ကျွန်တော်နဲ့လိုက်ခဲ့ပေတော့ သို့မဟုတ် နေခဲ့ပေတော့"

ကိုဖိုးထိန်ထံမှ ရုတ်တရက် အသံထွက်မလာချေ။ သူ့ကို မကြည့်ဘဲနေသောကြောင့် သူ ဘယ်ပုံခံစားနေရသည်၊ မည်ပုံဖြစ်နေသည် မမြင်ရပါ။ မမြင်ရပေမဲ့ ကိုဖိုးထိန် ရင်ပွင့်မတတ် ခံစားနေရမည်ကိုကား မသိဘဲနေ၍ မရပေ။

အတော်ကြာမှ ငိုသံကြီးကို ကြားရ၏။

"ကျွန်တော် . . .ကျွန်တော့်မှာ ဒီသားကလေးပဲ တွယ် . . .တွယ်တာစရာရှိ . . . ရှိပါတယ် ဆရာ၊ သူ့ကို ခွဲ . . .ခွဲလိုက်ရရင်"

ကျွန်တော် ရေအိုးစင်ရိပ်ရှိ ထိုဝေဒနာသည်ကြီးအပါးမှ ခွာခဲ့ပါသည်။ ကိုဖိုးထိန်ကို အပြစ်မတင်ရက်သော စိတ်ဖြင့် ဆုတ်ခွာလာခဲ့ခြင်းဖြစ်ပေသည်။

"ဆရာ . . ဆရာ"

ကိုက်တစ်ရာမျှ ဝေးခဲ့ပြီ။ ကိုဖိုးထိန်၏အသံကို ကြားရသည်။ အဝတ်စုတ်များ ဖရိုဖရဲသိမ်းယူလာကာ သားလုရတနာကိုပွေ့ပြီး ထော့နင်းထော့နင်း လိုက်လာသော ကိုဖိုးထိန်ကို မြင်ရ၏။

ကျွန်တော် ရပ်စောင့်ပြီး ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရုံးသို့ ခေါ်လာခဲ့သည်။ ဒေါ်တင်လှိုင်ကို လူလွှတ်ခေါ်ခိုင်းရာ ချက်ချင်းလိုက်ပါလာသည်။ ဒေါ်တင်လှိုင်မှာ ကလေးကိုမြင်လျှင် မြင်ချင်း ဝမ်းနည်းစွာပြောသည်။

"တစ်တုံးတစ်ခဲနဲ့ ချစ်စရာကလေးပါလားရှင်။ ဒီကလေးရဲ့ဘဝ မနစ်မွန်းအောင်ပေးလိုက်ရပေမဲ့ လူကြီးမင်းအသည်းကို ခွဲထုတ်ပေးလိုက်ရသလိုရှိမယ်ဆိုတာ ကျွန်မစာနာခံစားရပါတယ်"

mgyoe.com

mgyoe.com
ငိုချင်လျက် လက်တို့သော ဒေါ်တင်လှိုင့်ပါးစပ်ကို ကျွန်တော်ဝင်ပိတ်မှ ဖြစ်တော့မည်။

"တိုင်းပြည်အတွက် စွန့်လွှတ်ရတယ်။ နိုင်ငံအတွက် စွန့်လွှတ်ရတယ်လို့ ကိုဖိုးထိန်က ဂုဏ်ယူနေပါတယ် ဒေါ်တင်လှိုင်။ သူ့အသိ သူ့အမြင်ကို မှေးမှိန်အောင် လုပ်မပစ်စေချင်ပါဘူး"

ဒေါ်တင်လှိုင် သက်သာရာရသွားသည်။

"ဟုတ်လား ကျေးဇူးတင်ပါတယ်ရှင်။ ဝမ်းသာပါတယ်။ ဒီကလေးရဲ့ အနာဂတ် ပွင့်လန်းစည်ပင်ရပါစေ့မယ်လို့ ကျွန်မ ကတိပေးပါတယ်ရှင်။ ဝမ်းသာပါတော့"

ကိုဖိုးထိန် မလှမပ အပြုံးဖြင့် ခေါင်းညိတ်ရှာသည်။ မဲ့လျက်က ဖွတ်ပြုံးရသော အပြုံးသည် မည်သို့လှပပါမည်နည်း။

ထို့နောက် ကိုဖိုးထိန်က သူ၏သားလှသည်းချာရတနာကို ဒေါ်တင်လှိုင်အား မွေးစားခွင့်ပေးကြောင်းနှင့် ဒေါ်တင်လှိုင်ကလည်း ဤကလေးအတွက် အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း စသည်တို့ပါဝင်သော စာချုပ်တွင် ဒေါ်တင်လှိုင် က ဦးစွာလက်မှတ်ရေးထိုးသည်။ သက်သေလူကြီးများ လက်မှတ်ထိုးပြီးပြီ။ ကျွန်တော် က ဘောပင်ကို ကိုဖိုးထိန်လက်ဖြင့် ရေးနိုင်အောင် လုပ်ပေးသည်။

ကိုဖိုးထိန် အားတင်းထားသည်။ အပေါ်သွားများက အောက်နှုတ်ခမ်းသားထဲ နစ်ဝင်နေသည်။

အားတင်းကာ ဘောပင်ကိုစာရွက်ပေါ်တင်လိုက်သော်ငြား ဘောပင်မငြိမ်ပေ။ တဆတ်ဆတ်တုန်နေသည်။ စင်စစ် ဘောပင်တုန်ယင်ခြင်းမဟုတ်ဘဲ ကိုဖိုးထိန်၏ အသည်းဆတ်ဆတ်ခါ နာနေခြင်းဖြစ်ရာ ဒေါ်တင်လှိုင်မျက်တောင်ခတ်ကာ မျက်နှာ လွှဲသွား၏။

ကျွန်တော်က အားပေးစကားဆိုရင်း ဘောပင်ကို ထိန်းပေး၏။

"ယောက်ျားပဲဗျာ၊ မှန်တယ် ဆုံးဖြတ်ပြီးသား ကိစ္စတစ်ရပ်ကို နောက်တွန့်မနေပါနဲ့။ မိဘဆိုတာဟာ ပေးအပ်ဖို့ အနစ်နာခံဖို့အတွက် သားသမီးကို မွေးကျွေးထားရတာ ပါဗျ"

ကိုဖိုးထိန် လက်မှတ်ထိုးချလိုက်သည်။ စာရွက်ပေါ်မှ မျက်နှာလွှဲကာ လက်ဝါး အုပ်ထားလိုက်သည်။ မျက်ရည်စက်တွေ လက်ချောင်းကြားက စိမ့်ထွက်လာသည်။ နှလုံးသားငိုကြွေး သင်္ကေတများပါတကား။

အို . . .သို့သော် . . .

mgyoe.com

mgyoe.com
လူကြီးတွေရော ကျွန်တော်ပါ ရုတ်တရက်ထိတ်လန့်သွားကြသည်။ ကိုဖိုးထိန် လက်ချောင်းကြားမှ မျက်ရည်စက်များသည် နီမြန်းလာသည်။ မျက်ရည်ခန်း၍ သွေးတွေကျယို ငိုကြွေးသည်ထင်ကာ လူကြီးတွေ တုန်လှုပ်နေကြခြင်းဖြစ်သည်။

သိပါပြီ။ စောစောက ကိုဖိုးထိန်နှုတ်ခမ်းကိုက်ထားသည်။ နှုတ်ခမ်းပေါက်မတတ် ကိုက်ကာ အားတင်းထားခဲ့သည်။ ယခုသည်နှုတ်ခမ်းမှ သွေးကျသဖြင့် သည်းကြွေမြေ မျက်ရည်နှင့်ပေါင်းဖွဲ့ကြခြင်းဖြစ်ပေမည်။

ကျွန်တော့်ရင်ထဲ ပူလောင်ပြီး မျက်နှာလွှဲထားရပါသည်။ ကိုဖိုးထိန်ကား မည်သည့်ကိုမျှ ပြန်မကြည့်။ မတော်တဆ မြင်ရမည်စိုး၍ မျက်နှာအုပ်လျက် အပြေးထွက်ခွာသွားလေပြီ။

ရေအိုးစင်လေးနှင့် မန်ကျည်းပင်ရိပ်တွင် ကိုဖိုးထိန်ကို မတွေ့ရတော့ပါ။ လမ်းသွားလမ်းလာတို့အတွက် လမ်းသာယာသွားပါပြီ။ အနာကြီးဝေဒနာသည်ကို ကြောက်သော ကျွန်တော့်အတွက်လည်း အလုပ်သွားအလုပ်ပြန်ဖြောင့်ဖြူးစေသော လမ်းတစ်ခုတိုးလာပြီး သာယာသည် ကျွန်တော် မထင်။

မန်ကျည်းပင်ရိပ်နှင့် ရေအိုးစင်လမ်းကို တစ်နေ့ ၂ ခေါက် အသွားအပြန် ဖြတ်သန်းရတိုင်း သန္တာရောင်သွားနီထွေးနှင့် ရယ်ရွှင်ပျနေသော ကလေးကိုမြင်ယောင်သည်။ သည်ကလေး၏ ချိုင်းကြား၊ လည်ပင်းတို့ကို အသာအယာတို့ကစားကာ ကလူမြူနေသော ကိုဖိုးထိန်ကို မြင်ယောင်သည်။ ဤသို့မြင်ယောင်သည်နှင့်အမျှ ကျွန်တော့်စိတ်ထဲ စနောင့်စနင်း ခံစားရ၏။

"ဖအေတစ်ယောက် သားတစ်ယောက် ဒီ၂ ယောက်ပေါင်းမှ ဘဝတစ်ခုပါကလား။ ဘဝတစ်ခုကို တစ်ခြမ်းဖဲ့ပစ်လိုက်ရတယ်ဆိုတော့"

ကိုဖိုးထိန်သည် ရောဂါတစ်ခုအရင်းပြုကာ အချောင်ခို ညာစားသူမဟုတ်။ သားလေးကြောင့် မြို့ပေါ်တက်လာရခြင်းဖြစ်သည်ဆိုထားရာ ကရိကထခံရမည့် သားမရှိသောအခါ ကိုဖိုးထိန် တောင်ပိုးထိုးရွာသို့ ပြန်လိမ့်မည်။ ရှေးမူအတိုင်း လက်ဝေခံ ထင်းခွေသမား လုပ်လျှင်လုပ်၊ သို့မဟုတ် ဥယျာဉ်တောင်ယာ စသည်လုပ်လိမ့်မည်။

ထိုနှယ်ယုံကြည်ပါလျက်နှင့်"လွမ်းဖျားလွမ်းနာများ ကျနေရှာရော့သလား။ လွမ်းဖျားလွမ်းနာကျပြီး အိပ်ရာထဲလဲနေမှဖြင့်" စသော အတွေးတို့ ယောက်ယက်ခတ်သည်။ သောကနွယ်အိမ် ယှက်လိမ်သည်။

သို့ဖြင့် တောင်ပိုးထိုးရွာသို့ တစ်ခါတစ်ခေါက်သွားကြည့်မည် စိတ်ကူးထားသော တနင်္ဂနွေနေ့နံနက်တွင် ကျွန်တော့်အိမ်ဝသို့ ကိုဖိုးထိန်ရောက်လာသည်။ သူ့ကို
mgyoe.com

mgyoe.com
ကျွန်တော်သံယောဇဉ်ငြိချေပြီ။ အနူကြီးတစ်ယောက်ဟု မမြင်ပြီ။ အိမ်ထဲခေါ်သည်။ သူ မဝင်၊ တံခါးဝတွင်ရပ်သည်။

"ဆရာ့ စေတနာမေတ္တာကို ရိုကျိုးပါတယ်ဆရာ။ ကျွန်တော် မဝင်တော့ပါဘူး။ သားကလေး သတင်းများ ကြားရမလားလို့ လာတာပါ"

ကျွန်တော် စဉ်းစားရပါသည်။ ဒေါ်တင်လှိုင်ထံမှလာသော စာပါအကြောင်းအရာကို တစ်ဆင့်ဖောက်သည်ချခြင်းဖြင့် သူ့အသည်းအိမ်ချမ်းငြိမ်မှုပေးလျက် သမုဒယကြိုးမျှင် တငင်ငင်သွယ်ယှက်စေမည်လား။ မီးဝေးချိတ်မာ ဖြစ်စေတော့ သဘောဖြင့် သားလှရတနာ ဖေ့သည်းချာသတင်းကို တင်းတင်းပြတ်ပြတ်မှောင်ချထားရသော် သင့်မည်လား။

စဉ်းစားချိန်ဆရင်း ကိုဖိုးထိန်ကို စိုက်ကြည့်မိသောအခါ ကျွန်တော့်နှလုံးသားမှာ နေထိဖယောင်းနှယ် ပျောင်းအိလာရသည်။

အသားတွေ ပွဖုနေသော ကိုဖိုးထိန့်မျက်နှာသည် သိသာစွာ ပိန်ကျသွား၏။ သူသည် အနာကြီးရောဂါသည်တစ်ယောက် မဟုတ်ပါမူ အဘယ်မျှ ချုံးကျနေမည်နည်း။ အရိုးအပေါ်အရေတင်နှင့် ကမ္ဘာ့ဒွန်းကောင်သာသာမျှ ရှိတော့မည်ဖြစ်ပေသည်။

ထို့ကြောင့် ပျောင်းအိသော နှလုံးသားဖြင့် သတင်းတံခါး ဖွင့်လိုက်ရသည်။

"နာမည်ပေးလိုက်ပြီတဲ့ဗျ။ မောင်မြတ်မင်းတဲ့"

ကိုဖိုးထိန်မျက်နှာ ဝင်းရွှန်းသွားပုံမှာ ဟိုနားနည်းနည်း သည်နားနည်းနည်း ပဲ့နေသော တိမ်ဖြူစုပဝါအိုတွင် ရွှေနေခြည် အနားတင်ထားလိုက်သည့်နှယ် ကြည်လင်တောက်ပနေချေသည်။

"မောင်မြတ်မင်း မောင်မြတ်မင်း"

"ဟုတ်တယ် မောင်မြတ်မင်းတဲ့။ အင်မတန်လည်း သဘောကောင်းသတဲ့ဗျ။ အထိန်းတွေကလည်း သိပ်ချစ်ကြသတဲ့"

"သဘောကောင်းတာတော့ မပြောနဲ့ ဆရာရေ့။ သေးစိုတာတောင် မငိုဘူး။ ခြောက်တဲ့ဘက်ကို လှိမ့်ပြီးအိပ်တယ်။ ဆာရဲ့သားနဲ့ မကျွေးရင်လည်း လက်ကို စုပ်နေတဲ့ကောင်ခင်ဗျာ့"

ကိုဖိုးထိန့်မျက်လုံးတွေ စိန်ကြယ်ပွင့်ညီနောင်အရောင်ဖြူးသည်သို့ တောက်လက်နေ၏။ သူ့ရင်ထဲက ချမ်းသာမှု ကျွန်တော့်ဟဒယအိမ်ကို ကူးစက်လာပေသည်။

သို့ဖြင့် မောင်မြတ်မင်းသတင်းသည် ဆက်လက်ရွှန်းဝေပြန်၏။

"ဒီကောင့်ကို နို့ဘူးတိုက်ချိန်မှာ နို့ဘူးတိုက်ရင် မသောက်ဘူးတဲ့ဗျာ။ ထမင်းပဲ
mgyoe.com

mgyoe.com
အငမ်းမရစားသတဲ့။ အခြားကလေးတွေထက် ၄ ဆလောက်စားဆိုပဲ"

ကိုဖိုးထိန် လေးတွဲ့လေသံဖြင့် ညည်းသည်။

"နို့ဘူးကို သူဘယ်စို့တတ်ပါ့မလဲ ဆရာရယ်။ နို့ဘူးမှ စို့ဖူးတာမဟုတ်ဘဲကိုး။ သူ့အမေ ပစ်ထားခဲ့တော့ ထမင်းရည်လောက်ပဲ သောက်နေရတာပါ။ ကောင်းပါတယ်လေ။ ကောင်းကောင်းနေရ ကောင်းကောင်းစားရနဲ့ မကျန်းမာမှာလည်း မပူရ။ ဩော် လူကလေး လူကလေး"

ကိုဖိုးထိန် မျက်နှာလွှဲလိုက်သည်။ သို့သော် သူ့မျက်အိမ်မှ မျက်ရည်တစ်ပေါက် ကြွေလွင့်သွားသည်ကို ကျွန်တော်မြင်လိုက်ရသည်။ သူ ငိုသည်ကို မမြင်စေချင်၍ ဖြစ်ပေမည်။

ကျွန်တော်က မသိဟန်ဆောင်ပြီးဆက်ပြောသည်။

"ကလေးအတွက်တော့ ခင်ဗျား စိတ်အေးအေးထားလိုက်ပေတော့ ကိုဖိုးထိန်။ သူကတော့ ရှေ့လျှောက် ကောင်းစားတော့မှာပဲ။ ခင်ဗျားသာ ကိုယ့်ရောဂါကို ပျောက်အောင်ကုစမ်းပါ"

ကိုဖိုးထိန် မျက်နှာလွှဲလျက် "ဟုတ်ကဲ့" ဖြေ၏။

"ခင်ဗျား အခု ဘာလုပ်သလဲ"

"ဘာမှ မလုပ်ဖြစ်သေးပါဘူး ဆရာရယ်။ ဘာပဲလုပ်လုပ် ဘယ်ပဲသွားသွား သားကလေးကိုပဲ သတိရနေတော့ တစ်နေ့တစ်နေ့ ထိုင်ပြီး သားအကြောင်းတွေးနေရတာနဲ့ ထမင်းလွတ်တဲ့အခါ လွတ်၊ သားကလေးအကြောင်းတွေးနေဖို့ကလွဲရင် ကျွန်တော် ကျွန်တော် ဘာမှ . . .ဘာမှ"

ကိုဖိုးထိန် ကျွန်တော့်ကို နှုတ်မဆက်နိုင်ရှာပါ။ စကားတစ်ပိုင်းတန်းလန်းဖြင့် ထွက်သွားပါသည်။ သူငိုသည်ကို ကျွန်တော် မမြင်စေချင်ငြား သူ့အသံက တစ်လုံးထက်တစ်လုံး တစ်ပိဒ်ထက်တစ်ပိဒ် အက်ကွဲကာ ငိုညည်းသော စောင်းအိုရှိုက်သံနှယ် ဖော်ပြသွားသည်။ ကျွန်တော် စိတ်မကောင်းမည်စိုး၍ ပြေးထွက်သွားစေကာမူ ဇနီးသည်လာရောက်သတိပေးသည်အထိ ကျောက်ရုပ်ကြီးနှယ် ကျွန်တော် ငိုင်ငေး ကျန်ခဲ့ရပါသည်။

ကိုဖိုးထိန်၏ သားလှသည်းချာရတနာသူ့ဖခင်နှင့်ခွဲခွာသွားသည်မှာ သုံးလ ကျော်လာပါပြီ။ ကလေးကိုလိုချင်သူများ မကြာခဏပေါ်ပေါက်သော်လည်း ဒေါ်တင်လှိုင်က စိစစ်နေဆဲရှိကြောင်း သိရပါသည်။ နေသားတကျရှိနေပြီး ကျန်းမာရေးနှင့် စိတ်ဓာတ်အခြေအနေ အလွန်ကောင်းသည်ဟူ၍လည်း သိရသဖြင့် ဝမ်းသာမိပေ
mgyoe.com

mgyoe.com
သည်။

နေရာသစ်တွင် မောင်မြတ်မင်း အသားကျသွားသည့်နည်းတူ ကိုဖိုးထိန်လည်း သားသည်းအူနှင့်ခွဲခွာရနေသားကျလောက်ပြီ ထင်ပါသည်။ နေသားမကျသေးလျှင်လည်း ကျအောင် ကြိုးစားလိမ့်မည် ယုံကြည်သည်။

မောင်မြတ်မင်းနှင့် ခွဲပြီးနောက် ကျွန်တော့်ထံ ကိုဖိုးထိန် တစ်ခါသာလာသည်။ သည်နောက် မရောက်လာတော့ပြီ။ လာစရာအကြောင်းလည်း ရှိသည်မထင်။ သို့သော် မမျှော်လင့်သော တစ်နံနက်၌ သူ့ကိုအိမ်ခန်းဝ၌ တွေ့ရသည်။

မြင်လျှင်မြင်ချင်း သူက အားနာစကားဆိုသည်။

"စောစောစီးစီး ကျွန်တော့်ကိုမြင်လိုက်ရလို့ စိတ်မဆိုးဖို့ တောင်းပန်ပါတယ် ဆရာ။ ဆရာ့အလုပ်ခွင်ကို မလာရဲတာနဲ့ အခုလို"

"ကိစ္စမရှိပါဘူး ကိုဖိုးထိန်။ ကျွန်တော် ဘာလုပ်ပေးရမလဲ။ နေသားထိုင်သားလည်း ကျသွားပြီမဟုတ်လား"

ကျွန်တော်က မျှော်လင့်တခိုးမေးငြား ကိုဖိုးထိန်အမူအရာကြောင့် စိတ်ထဲနှောင့်ကာထောင့်ရသည်။

"အဲဒါ အဲဒါကြောင့် လာလာခဲ့တာပါ ဆရာ။ ညက ကျွန်တော် အိပ်မက်မက်တယ်။ အိပ်မက်မကောင်းဘူး"

ကျွန်တော် စိတ်နှောင့်သည်မှာ မှန်ပြီ။ သို့သော် သည်အပူကို ကယ်ကူငြိမ်းမှငြိမ်းချေရသည်။

"အိပ်မက်များဗျာ၊ ရောက်တတ်ရာရာတွေ မမက်ဘဲနေပါ့မလား။ ခင်ဗျားကဒါတွေပဲ တွေးနေမှာကိုး"

ကိုဖိုးထိန်သည် အပြစ်ရှိသောကလေးငယ်မျက်လုံးဖြင့် သနားဖွယ်ကြည့်နေ ကာတုန်ယင်စွာ ပြောသည်။

"မတွေးဘူးဆိုပေမဲ့ သားကလေးက အတွေးထဲကို သူ့ဘာသာသူ ရောက် ရောက်လာတာပါဆရာ"

ဟုတ်ပေမည်။ ရင်ထဲကအသည်းကို အခြားတစ်ပါးသို့ မောင်းနှင်ထုတ်ပစ်လျှင်သည်အသည်း ဘယ်မှာခိုနားရာရပါမည်နည်း။

"ဟုတ်ပါပြီလေ။ ကြိုးစားပြီး ဖျောက်ပေါ့ဗျာ။ မီးဝေးရင် ချိတ်ဆိုတာ မာရမှာပေါ့ ဟုတ်ဘူးလား"

ကိုဖိုးထိန် ခေါင်းငုံ့ထားလျက် လေးလေးမှိုင်းမှိုင်းပြောရသည်။

mgyoe.com

mgyoe.com
"ကျွန်တော် . . .ကျွန်တော် စိတ်တွေလေးနေတယ် ဆရာရယ်"

ကျွန်တော် ကြံရာခက်ခက်နှင့် သက်ပြင်းရှိုက်ဆဲ မျက်ရည်ဖွဲ့ထွန်းသော မျက်လုံးများဖြင့် မော့ကြည့်ကာ အသနားခံ၏။

"သားလေးကို မော်တော်ကားကြီး တစ်စင်းထဲမှာ ပက်လက်ကလေး မြင်ရတယ်လို့ အိပ်မက်မက်တယ် ဆရာ။ ကျွန်တော့် ကျွန်တော့်ရင်ထဲမှာ ပူနေပါပြီ။ ကျွန်တော် လိုက်သွား သွားချင် သွားချင်"

"မဖြစ်နိုင်တာပဲဗျာ" ပြောလိုက်ရငြား ကျွန်တော် စိတ်မကောင်းပါ။ သူ့အသည်းသည် ကျွန်တော့်အသည်းနှင့်ထပ်တူ တမ်းတတတ် လွမ်းမောတတ်သည်ပဲ မဟုတ်လား။

"ကျွန်တော် ကျွန်တော့်ရင်ထဲမှာ မီးပုံကြီးဖိုထားသလို ဖြစ် ဖြစ်နေပါပြီ ဆရာ"

သူ့မျက်ရည် ကျွန်တော့်ကို မကူးစက်အောင် ကြိုးစားရင်း ကျွန်တော် ဖျက်မြတိုင်း ဖျက်ပါသည်။

"မန္တလေးဆိုတာ နီးတဲ့ခရီးမဟုတ်ဘူး ကိုဖိုးထိန်။ ခင်ဗျား ရောက်သွားပြီဆိုပါတော့။ မြင်ခွင့်ကလေးတောင် ရမှာမဟုတ်ဘူး"

ကိုဖိုးထိန် ငိုရှိုက်နေပါသည်။

ကျွန်တော် ဆက်ပြောစရာ စကားရှာနေဆဲတွင် ခေါင်းငုံ့လျက် တုံ့နှေးစွာ ထွက်ခွာသွားလေသည်။

ကျွန်တော် အလုပ်ခွင်သို့ ဆင်းလာခဲ့ရပေမဲ့ မရွှင်ပျပါ။ ကိုဖိုးထိန်အတွက် စိတ်မကောင်းဖြစ်နေပါသည်။ သားကလေး ကောင်းစားရေးအတွက် သူကျိတ်မှိတ်စွန့်လွှတ်ခဲ့ပြီးကာမှ မခံနိုင်လွန်း၍ ရောက်လာရဟန်တူပါသည်။ ထို့ကြောင့် ကျွန်တော်ပို၍ စိတ်မကောင်းဖြစ်ရသည်။

ညနေအလုပ်ခွင်မှ ကျွန်တော် ထွက်ခွာလာချိန်တွင် စိတ်လေးနေသည်။ အကြောင်းမရှိ စိတ်လေးနေရသလား။ ကိုယ့်ဘာသာကိုယ် အပြစ်တင်လာခိုက် တူရူမှလာသော ဆိုက်ကားတစ်စီးက ကျွန်တော့်ရှေ့တွင် ထိုးရပ်သည်။

ရ–လ–က အဖွဲ့ဝင်လူကြီးတစ်ဦး ဦးသက်နိုင်ဖြစ်ပါသည်။

"စိတ်မကောင်းစရာပဲဗျို့။ ရေအိုးစင်နားက ဒုက္ခသည်ကြီးလေ ကလေးကို စာချုပ်စာတမ်းနဲ့ ပေးလိုက်တဲ့ ဒုက္ခသည်ကြီး"

ကျိုးကြောင်းရေလည်စွာ မကြားရခင်က ကျွန်တော် အသက်ရှူရပ်ဆိုင်းထားလိုက်မိသည်။
mgyoe.com

mgyoe.com
"သင်္ဘောပေါ်ကို အတင်းတက်တော့ သင်္ဘောသားတွေက လက်မခံဘူး။ ဗွတ်ကပ်နေတော့ ရဲအကူအညီနဲ့ ဆွဲချရတယ်။ အဲဒါ လူတကာလိုက်ပြီး ရှိခိုးနေတယ်ဗျာ။ သူ့သားကလေးရှိတဲ့ မန္တလေးကို သွားချင်လို့ပါဆိုပြီး လိုက်တောင်းပန်နေတယ်"

ကျွန်တော် ထိတ်လန့်မပြောပါ။ စိုးရိမ်စွာသာ နားထောင်နေမိပါသည်။

"အဲဒီတော့ သနားတဲ့ခရီးသည်တစ်ယောက်က သင်္ဘောနဲ့လိုက်လို့တော့ မဖြစ်ဘူး။ မီးရထားနဲ့ လိုက်သွားပါလား။ မီးရထားနဲ့တော့ ဖြစ်တယ် အကြံပေးလိုက်တော့ ၁၂ နာရီ ရထားမီအောင် ပြေးတော့တာကိုးဗျ။ အင်း . . .ကံဆိုးချင်တော့ မီးရထားမမီတမီနဲ့ အတင်းခုန်တက်တော့ ဒုက္ခသည်မဟုတ်လားဗျာ။ တွဲနဲ့ ပလက်ဖောင်းကြားကို ကျသွားရှာတယ်"

ကျွန်တော့်ကိုယ်တွင်းမှ သွေးကြောတွေ တုံ့ရပ်သွားပြီထင်လိုက်ရသည်။ ရင်ထဲတွင်တင်းကျပ်လာပါသည်။

"အနာကြီးရောဂါသည်ဆိုတော့လည်း ကိုင်ချင်သူမရှိဘူးပေါ့ဗျာ။ ကြက်ခြေနီတွေ ရောက်မလာခင်ကြားမှာ သားရေ သားရေနဲ့ အော်နေရှာသတဲ့။ ဒါပေမဲ့ မရပါဘူး။ ဆေးရုံလည်းရောက်ရော ဆုံးရှာတာပါပဲ"

ကျွန်တော် ငေးနေမိသည်။ ဦးသက်နိုင် ရှိသေးသလား၊ ထွက်သွားပြီလား မသိတော့ပါ။ ကျွန်တော် ငိုမိလေသလားလည်း မသိတော့ပါ။

ကျွန်တော်သိသည်မှာ မမြင်ရပေမဲ့ ခိုင်မာသောကြိုးတို့တွင် မြင့်မြတ်လွန်းခိုင်မာလွန်းသော ဖခင့်မေတ္တာကြိုးဖြစ်ပါသည်။ ဤကြိုးကို လွယ်ကူစွာဖြတ်၍ ရမည်မထင်အပ်ဘဲနှင့် ထင်မှတ်ခဲ့သော ကျွန်တော်၏အမှားပင် ဖြစ်ပါတော့သည်။

မြဝတီမဂ္ဂဇင်း
ဇန်နဝါရီလ၊ ၁၉၇၄ ခုနှစ်။

◆

mgyoe.com

mgyoe.com

# ကြာကန်ကြီးရွာက ဝိုင်း

ကြာကန်ကြီးရွာ၏ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းသည် သစ်ပင်ကြီးများ၊ ဝါးပင်ကြီးများနှင့် ငှက်ပျော၊ မာလကာ၊ သရက်၊ ပိန္နဲစသော စားပင်သီးပင်များဖြင့် အေးရိပ်မြိုင်တစ်ခုနှယ် ချမ်းငြိမ်းလှပေ၏။ အညာရပ်၏ တပေါင်း၊ တန်ခူးနွေကာလတွင် ရွာသားများသည် ကျောင်းဝင်းရိပ်သို့ လာရောက်ခိုလှုံရသည်အထိ အေးရိပ်စိမ့်ရိပ် ကောင်းလှချေ၏။

သည်သို့သော အေးရိပ်မြိုင်ကောင်းသည့် ကျောင်းရေတွင်းတွင် လူပြတ်ချိန်ကို ရွေးကာ ချစ်သူနှင့်စကားပြောရသော်ငြား မောင်ရဲအောင်မှာ ကျောင်းဝင်း၏ အေးမြရိပ်ကို မခံစားနိုင်ချေ။ ချစ်သူ၏လှတစ်ရာ လကြာမျက်နှာကိုလည်း အေးချမ်းကြည်နူးသည်ဟု မထင်နိုင်ပေ။ သူသည် သက်မအခါခါချပြီးသည့်နောက် နောက်ဆုံးတစ်ချက်ချအပြီး၌ ညည်းသံပါ ပါလာ၏။

"ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကို ငွေချေးခြင်းက ခွဲတတ်၏တဲ့။ ဆုံးမစာတွေ၊ ဆောင်ပုဒ်တွေလည်း ရှိကြပါရဲ့။ ဒါပေမဲ့ ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကို လောင်းကစားခြင်းက ခွဲတတ်၏လို့တော့ ဘယ်ပညာရှိ ဘယ်ဆောင်ပုဒ်သမားကမှ မရေးခဲ့ကြဘူး အလှရေ့"

လှမြတ်အေး ကြားလိုသောစကားများမှာ ချစ်သည့်အကြောင်း၊ မြတ်နိုးသည့်အကြောင်း။ ယခု မဟုတ်ပေါင်။ သက်မကြီး ချချပြီး ပြောလိုက်သည့်စကားက လောင်းကစားခြင်း၊ ငွေချေးခြင်း။ သို့ကြောင့် ရေတွင်းပေါင်ပေါ်သို့ လက်လှမ်းပြီး

mgyoe.com

mgyoe.com
ခေါင်းခုကို ယူသည်။

“အစ်ကို ပြောချင်တာ ဒါပဲလား၊ အလှ ပြန်တော့မယ်”

မောင်ရဲအောင်က လက်တားလျက် ဟန့်တား၏။ လှမြတ်အေး၏ အသံမာမာ ဆတ်ဆတ်ကလေး ပြောလိုက်ဟန်ကိုလည်း သတိမထားနိုင်။ ကြေးစင်တောင်ဆီသို့သာ ဆက်လက်ငေးမျှော်မပျက် ပြောမြဲပြောနေသည်။

“လာမယ့် အဖိတ်နေ့မှာ ခိုလွှတ်ပွဲလုပ်ကြလိမ့်မယ်”

“အဲဒါ အလှနဲ့ ဘာဆိုင်သလဲ အစ်ကို”

“ဘယ့်နှယ် မဆိုင်ရမှာလဲ အလှရယ်။ လောင်းကြေးပါတော့ ဝိုင်းပြီး လောင်းကြမယ်၊ ရှုံးကြမယ်။ ပြိုင်ကြမယ့်ခိုက တို့အဖေရဲ့ခို မင်္ဂလာနဲ့ မင်းအဖေရဲ့ ခိုဇောတိကတို့ ပြိုင်ကြမှာ”

လှမြတ်အေးသည် ကရုဏာမျက်လုံးများဖြင့် မော့ကြည့်ရင်း “အလှ ဘာလုပ်ပေးရမလဲ  အစ်ကို”ဟု မေးသည်။

“လူအလစ်မှာ ကြိုးဖြုတ်ပြီးလွှတ်ပစ်နိုင်ရင် အကောင်းဆုံးပဲ  အလှ။ ငါလည်း အဖေ့ခိုကို သည်လိုပဲလုပ်ပစ်မယ် စိတ်ကူးတယ်။ ဘယ်လိုလဲ ဖြစ်နိုင်မလား အလှ”

“ဖြစ်အောင် လုပ်ရမှာပေါ့ အစ်ကို”

“ခိုတွေက နာမည်ကြီးခိုတွေဆိုတော့ အလှလည်း အသိ။ အဲသည်တော့ သပိတ်ထုလို့ရတဲ့ ငွေကလေးတွေ၊ ခါးပန်းကြိုး ရက်လို့ရတဲ့ငွေကလေးတွေကို ရှိစုမဲ့စု ပုံအောပြီး လောင်းကြမှာ။ နိုင်တဲ့လူပြုံးပြီး ရှုံးတဲ့လူငိုတာ ဓမ္မတာပေမဲ့ ခွန်အားနဲ့ ရင်းထားရတဲ့ လုပ်စာငွေကလေးတွေ ဆုံးရှုံးမှာတော့ သဘောမကျဘူး”

“အလှ သဘောပေါက်ပါတယ် အစ်ကို”

သည့်နောက်တွင် မောင်ရဲအောင် ဝယ်ပေးထားသော နာမည်ရင်ထိုးကလေးကို ငုံ့နမ်းပြပြီး လှမြတ်အေး ထွက်ခွာသွားသော်ငြား မောင်ရဲအောင်မှာမူ တိမ်ဖြူများ ထီးဆောင်းထားသော ကြေးစင်တောင်ကိုသာ ငေးမြဲငေးလျက် ကျန်ရစ်ခဲ့သည်။

*

ကြာကန်ကြီးရွာတွင် လယ်သမားမရှိမဟုတ်။ ရှိသော်ငြား လောက်လောက်လားလားမဟုတ်ချေ။ မိုးနည်းပါး၍ ဆည်ရေကိုသာ အားထားကြရသဖြင့် သံသပိတ်လုပ်ငန်းကိုသာ အဓိကထားကြ၏။ အလားတူ အဓိကကျသော အခြားလုပ်ငန်းတစ်ခုမှာ သပိတ်လွယ်သည့် အိတ်များနှင့် ခါးပန်းကြိုးရက်လုပ်သောလုပ်ငန်းဖြစ်၏။
mgyoe.com

mgyoe.com
သံသပိတ်လုပ်ငန်းတွင် ကျွမ်းကျင်သော လုပ်သားကြီးများနှင့်အတတ်ပညာရှင်များ ခါးပန်းကြိုးလုပ်သားများမှာ လက်လှုပ်ခိုက်တွင်သာ ပါးစပ်လှုပ်နိုင်ကြ၏။ လက်မလှုပ်နိုင်ချိန်ဝယ် ပါးစပ်လည်း မလှုပ်နိုင်တော့ချေ။ ဤလုပ်ငန်းအတွက် လက်ဝေခံတိုင်းရင်းသား လုပ်ငန်းရှင်ကလေးတွေ ကြာကန်ကြီးရွာနှင့် မြို့ပေါ်တွင်ရှိကြ ငြား အမှန်တကယ် ချုပ်ကိုင်ထားသူများမှာ ရန်ကုန်နှင့် မန္တလေးရှိ နိုင်ငံခြားသားများ သာ ဖြစ်ကြ၏။

မောင်ရဲအောင်ကဲ့သို့သော လူငယ်များက လုပ်သားကြီးများ၏ ဘဝကို သိမြင်ကြ၏။ ယင်းအတွက် သမဝါယမကုန်ထုတ်လုပ်ငန်း ဖွဲ့စည်းရသော် မည်သို့ ရှိမည်နည်း။ လေ့လာဆဲအဆင့်၊ သုံးသပ်နှီးနှောဆဲအဆင့်၊ စည်းရုံးဆဲအဆင့်မှာပင် လှမြတ်အေး၏ဖခင် ဦးလှမောင်သည် နားစွန်နားဖျားကြားဖြင့် အမြင်နောက်ကျို၏။

"ဘာလဲကွ မင်းတို့က ငါတို့ကို မြေမြှုပ်သင်္ဂြိုဟ်ပစ်မလို့ပေါ့လေ"

လူချင်းဆုံလျှင် နောက်သယောင် ပြောင်သယောင်ဖြင့် ငေါ့၏။

"ကတ်သီးကတ်သတ်ဗျာ ဦးလေးကလည်း အလုပ်သမား သက်သာချောင်ချိရေးမှာ ဦးလေးတို့လို လုပ်ငန်းရှင်ကလေးတွေက ခေါင်းဆောင်ရမှာခင်ဗျာ့"

"မသိပါဘူးကွာ၊ အေး ကြည့်လည်း လုပ်တော့။ မင်းအဖေလည်း သည်ထဲမှာ ပါသနော"

ဦးလှမောင် ပြောသည့်အတိုင်းပင်။ မောင်ရဲအောင်ဖခင် ဦးဘချစ်မှာလည်း သံသပိတ်လုပ်ငန်းရှင်ပင် ဖြစ်၏။ သို့တစေ ဦးဘချစ်သည် မောင်ရဲအောင်၏ဆောင်ရွက်မှု များအတွက် ဆိုးသည်ကောင်းသည် မပြောခဲ့။

သို့လျှင် မောင်ရဲအောင်တို့ လူငယ်ကလေးတွေ၊ လုပ်သားပိုင်ကုန်ထုတ် သမဝါယမဖွဲ့စည်းရေးအတွက် လှုပ်ရှားနေကြစဉ် မကောင်းဆိုးရွားသတင်းသည် ကြာကန် ကြီးရွာ၌ ပျံ့လွင့်လာခြင်းဖြစ်၏။

"မင်္ဂလာနဲ့ဇောတိကတို့ ပြိုင်ကြမလို့တဲ့တော့။ လာမယ့်အဖိတ်နေ့၊ မနက် ၉ နာရီမှာတဲ့။

"မင်္ဂလာနဲ့ ဇောတိကဟူသည် ခိုနှစ်ကောင်၏ အမည်များဖြစ်ကြသည်။ မင်္ဂလာမှာ ဦးဘချစ်၏ခိုဖြစ်၍ ဇောတိကမှာ ဦးလှမောင်ပိုင် ခိုဖြစ်သည်။ နှစ်ကောင်လုံးကို ကျကျနန ကျွေးမွေးထား၏။ လေ့ကျင့်သင်ကြားထား၏။

လောင်းကစားနည်း အမျိုးမျိုးရှိကြသည့်အနက် ခါနှင့်ကြက်၊ ချိုးတို့ကို အခွပ် ခိုင်းကြ၏။ ဆိတ်နှင့် ကျွဲ၊ နွားကို အဝေ့ခိုင်းသည်၊ အခတ်ခိုင်းသည်။ မြင်းနှင့်နွား
mgyoe.com

mgyaw.com
လှည်းကိုမှ အပြေးခိုင်းကြသည်။

လူကိုလည်း ချမ်းသာမပေးပါ။

လူကိုမူ လှေလှော်အပြိုင်ခိုင်းသည်။ နပန်းအချခိုင်း၊ လက်ဝှေ့အသတ်ခိုင်းသည်။ သည်အရာများသည် သူ့အတိုင်း တည်ရှိနေခဲ့သော် စွမ်းရည်ပြခြင်း အရည်အသွေးရှာဖွေခြင်းအဖြစ်သာ တည်ရှိမည်။ သို့သော် ယင်းတို့ကို ပိုင်စိုးသော လူသားသည်ပင် မကောင်းသောစိတ်များ ပူးဝင်လာကာ ငွေကြေးဖြင့် လောင်းကစားကြ၏။ ထိုအခါ အကောင်းသည် အဆိုးဖြစ်ပြီး ပျက်စီးရလေ၏။

ကြာကန်ကြီးရွာကိုကြည့်။

ရွာအမည်ကလေး ယဉ်ကျေးခံ့ညားသလောက် လောင်းကစားအမှုအကျင့်ကလည်း တစ်မူထူးခြားသည်။ ခိုပြိုင်လောင်းကစားခြင်း။

တစ်မူထူးခြားသော သည်အကျင့်ကို ကြာကန်ကြီးသို့ မည်သူသည် မည်သည့်ကာလက စတင်ယူဆောင်လာသည်ဟူ၍ မောင်ရဲအောင်တို့ မသိမီတော့ပါ။ မောင်ရဲအောင် သိနားလည်သောအချိန်တွင် အိမ်ခြေတစ်ရာရှိသော ကြာကန်ကြီးရွာ၌ ခိုမွေးသောအိမ် ၂၀ ခန့်ရှိချေပြီ။

ခိုမွေးသူများသည် ခိုကို အလှမွေးခြင်းမဟုတ်။ ဥစားအတွက်၊ အသားစားအတွက်မူ ယောင်၍မျှ စိတ်မကူးကြ။ တိုက်ကြက်ကြီးတွေ မွေးသကဲ့သို့ အစာမှန်၊ အိပ်တန်းမှန် ပြုစုကြ၏။

အိပ်တန်းတက်နေကျနေရာမှ အခြားနေရာသို့ အမြန်ဆုံးသွားပြီး အမြန်ဆုံးပြန်လာတတ်ရန် သင်ကြားထား၏။ ရည်ရွယ်ချက်မှာ ပြိုင်ပွဲဝင်ရန်တည်း။

ပြိုင်ခိုမွေးပြီး လောင်းကစားသောအကျင့်သည် မောင်ရဲအောင် ဆယ်တန်းအောင်သောနှစ်၌ ကြာကန်ကြီးရွာ၏ အိမ်ခြေကိုးဆယ်သို့ ကူးစက်ပြီးခဲ့ချေပြီ။

ခိုမွေးပြီး ကိုယ့်ခိုကိုယ် လောင်းသူရှိ၏။ သူတစ်ပါး၏ခိုကို လောင်းသူလည်းရှိ၏။ မည်သို့ပင်ရှိစေ၊ သည်ခိုပြိုင်လောင်းကစားကြောင့် လှည်းပြုတ်သွားသူတွေနှင့် နွားပြုတ်သွားသူတွေ၊ အိမ်ပြုတ်သွားသူတွေ၊ လင်မယားကွဲသွားသူတွေ မနည်းတော့။ သို့တစေ "မည်သူဖြင့် ခိုနိုင်တာ အိမ်တစ်လုံး ဖြစ်သွားတယ်"လက်ညှိုးထိုးပြစရာမရှိခဲ့။

သည်အထဲကပင် ခိုအပျော်မွေးသော အလုပ်ကို ဦးလှမောင်နှင့် ဦးဘချစ်တို့ သူငယ်ချင်းနှစ်ယောက်လည်း လုပ်လာခဲ့ကြ၏။ သူတို့က ကြာကန်ကြီးရွာတွင် လူချမ်းသာလည်းဖြစ် လူကြီးလည်းဖြစ်သောကြောင့် သူတို့ခိုတွေကို ပြိုင်ပွဲမသွင်းခဲ့။
mgyaw.com

mgyoe.com
ထိုအခါတွင် မရောင်းပါဆိုကာမှ ချိန်သာချိန်ပါဆိုလာဘိသည်သို့ ဦးဘချစ်နှင့် ဦးလှမောင်တို့၏ ခိုများမှာလည်း "ပြိုင်ဖို့ မဟုတ်ပါဘူး" ဆိုကာမှ သတင်းကြီး၍ကြီး၍ လာခဲ့လေတော့၏။

"ဦးဘချစ်ရဲ့ မင်္ဂလာဆိုတဲ့ခိုဟာ ကျောက်ကလပ်နဲ့ ကြာကန်ကြီးကို အသွားအပြန်မှ တစ်နာရီပဲ ကြာသတဲ့"

"ဒါက ဘာဟုတ်သေးတုံး။ ဦးလှမောင်ရဲ့ဇောတိကခိုဟာ မှိုင်းရိုးတောင်နဲ့ ကြာကန်ကြီးကို ၄၅ မိနစ်ပဲ ကြာသတဲ့။ မှိုင်းရိုးတောင်က ကျောက်ကလပ်ထက်ဝေးဝေးမသာ။လျှော့တော့ မလျှော့ဘူး"

အစတွင် ဇောတိကနှင့် မင်္ဂလာတို့၏သတင်းကို မိမိကြားသည့်အတိုင်း ဖောက်သည်ချကြခြင်းဖြစ်ငြား သည်သတင်း ဖလှယ်ခြင်းကပင် ခိုချင်းပြိုင်သည့်အသွင်ဆောင်လာခဲ့၏။ ကြာသော် ကာယကံရှင်သူငယ်ချင်း နှစ်ယောက်ပါ စိတ်လှုပ်ရှားလာရာက ယခုကဲ့သို့ ခိုပြိုင်ပွဲကြီး ပေါ်ပေါက်လာရခြင်းဖြစ်ပေ၏။

*

အဖိတ်နေ့ နံနက်ပေတည်း။

သပိတ်ထုသံများနှင့် ဖိုဆွဲသံများ၊ ရက်ကန်းခတ်သံများ ဆိတ်နေ၏။ အလှူပွဲတစ်ခုခုသို့ ရွာလုံးကျွတ်မီးခိုးတိတ် သွားကြ၍ မဟုတ်ချေ။ မင်္ဂလာနှင့် ဇောတိကတို့၏ပြိုင်ပွဲကို စိတ်စောနေကြသောကြောင့် ဖြစ်၏။

မောင်ရဲအောင်သည် မင်္ဂလာကို လွှတ်ပစ်ရန် သုံးရက်တိတိ ချောင်းခဲ့ရ၏။ သူ့အဖေကလည်း အလွန်အမင်း ဂရုစိုက်၏။ မျက်စိအောက်မှ အပျောက်မခံ။ တော်တော်ကြာ ဘားပလက်နှင့် ဆန်နှင့် ရောပြီးကျွေးလိုက် အတန်ကြာလျှင် ဂလူးကို့စ်တိုက်လိုက်ဖြင့် လွန်စွာအမြင်ကတ်စရာ ကောင်းနေ၏။

ယမန်နေ့ညကမူ မောင်ရဲအောင် အခွင့်သာ၏။ ဧည့်သည်များနှင့် စကားပြောရန် အဖေဆင်းသွားသည်။ မောင်ရဲအောင်လည်း ချောင်းနေရာက ပြေးထွက်လာပြီး မင်္ဂလာကို ကြိုးဖြေလွှတ်လိုက်၏။ ခိုနာကလည်း ပျံပြေးစေချင်ကာမှ မပြေး။ မောင်ရဲအောင် ကန်ကျောက်လွှတ်သည်ကိုပင် ဟိုကပ်သည်ကပ်လုပ်နေသည်။

မောင်ရဲအောင် အကြံရခက်နေဆဲ၌ အိမ်ရှေ့တွင် ခွေးနှစ်ကောင် ကစားနေသည်ကို မြင်ရ၏။ မင်္ဂလာကို ချော့ဖမ်းပြီး ပက်လက်အနေအထားဖြင့် ပစ်ချလိုက်၏။ မင်္ဂလာပျံမတက်နိုင်။ ခွေးနှစ်ကောင်ရှေ့တွင် ညင်သာစွာကျ၏။
mgyoe.com

ခွေးစာဖြစ်ပြီဟု မောင်ရဲအောင် ဝမ်းသာသဖြင့် ခွေးနှစ်ကောင်က နမ်းကြည့်ရှုကြည့်သည်။ မင်္ဂလာ ပျံတက်သောအသံကို ဦးဘချစ်ကြားသည်။

"ဟော အတောင်ပံခတ်သံ ကြားတယ်။ မင်္ဂလာကြိုးများ ပြတ်သွားသလား မသိဘူး"

နားပါးလိုက်ပါဘိ ဦးဘချစ်။ ဧည့်သည်များနှင့် စကားပြောနေရာက အိမ်ပေါ်သို့ ပြေးတက်လာသဖြင့် မောင်ရဲအောင် ကိုယ်ယောင်ဖျောက်လိုက်ရလေ၏။ လောင်းကြေးတစ်သိန်းဝန်းကျင်ရှိသည်ကြားသဖြင့် တလှုပ်လှုပ် တရွရွဖြစ်နေသော လူအုပ်ကိုကြည့်လျက် မောင်ရဲအောင် တောက်ခေါက်မိသည်။

"လှမြတ်အေးကလည်း ငါခိုင်းတာ မလုပ်ဘူးထင်ပါရဲ့။ အေးလေ လုပ်ပေမဲ့ ဇောတိကလည်း မင်္ဂလာလိုဖြစ်နေရင် ဘယ့်နှယ်လုပ်မတုံး။ အင်း ညတုန်းက လွှင့်ပစ်မယ့်အစား လည်ပင်းလိမ်ချိုးလိုက်ရ အကောင်းသား"

မောင်ရဲအောင် အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ်ဖြစ်နေဆဲ၌ ခိုအိမ်နှစ်လုံး ရောက်လာသည်။ တစ်ခုနှင့်တစ်ခု တစ်လန်ကွာတွင် ချထားသည်။ ခိုစွဲများက ခိုများကို ပွတ်သပ်ချော့မော့နေကြသည်။ ခိုများက တညည်းညည်း တညူညူ အသံပြုလျက် တာလွှတ်ချိန်ကို စောင့်နေကြသည်။

၉ နာရီထိုးပြီ။

ဒိုင်၏လက်ထဲမှ ပဝါဖြူလွတ်ကျသွား၏။ ခိုနှစ်ကောင်လည်း တောင်ဟုန်ပေးလျက် ပျံထွက်သွားကြပြီ။

"မင်္ဂလာကွ"

"ဇောတိကကွ"

သူ့ဘက်ကိုယ့်ဘက် လောင်းကြေးထပ်ကြသူများက အော်ဟစ်အားပေးကြသည်။ ပွက်သေးကြမ်းအောင် အားပေးကြသည်။

ခိုနှစ်ကောင်အတွက် ကြားစခန်းမှာ ကျောက်ကလပ်ရွာဖြစ်သည်။ ခိုနှစ်ကောင်လုံး၏ခြေတွင် စာရွက်တစ်ရွက်စီပါသွားသည်။ ကျောက်ကလပ်တွင်လည်း သူ့သက်သေ ကိုယ့်သက်သေများ စောင့်ဆိုင်းနေကြသည်။ ချိတ်ဆွဲပေးလိုက်ရမည့်စာများကို ခိုစွဲများက အသင့်ကိုင်ထားကြသည်။

ဇောတိကသည် ၉ နာရီ မိနစ် ၂၀ တွင် ရောက်လာ၏။ ပျာပျာသလဲ စာလဲသူကလဲ၊ ရေတိုက်သူကတိုက်နှင့် အလုပ်ရှုပ်သွားကြ၏။ သို့ရှိဆဲတွင် မင်္ဂလာရောက်လာ၏။ မင်္ဂလာ တစ်မိနစ်နောက်ကျ၏။ ကျောက်ကလပ်မှ ပြန်အထွက်တွင်ကား

mgyoe.com
မင်္ဂလာမှာ စက္ကန့် ၃၀ သာ နောက်ကျတော့၏။

တစ်မိနစ်စောပြီး ဇောတိက ဝင်လာသည်ကို တွေ့ကြရသောအခါ ကျောက်ကလပ်တွင်လည်း ဇောတိကဘက်မှ ကြေးကြောပေး၍ ခေါ်ကြ၏။ သုံးလေး တစ်လေး။

ကိုးနာရီခွဲ။

ဇောတိကသည် ကြာကန်ကြီးရွာသို့ ဦးတည်ပျံသန်းလာသည်။ မှိုင်းရိုးတောင်လမ်းခွဲရှိ တောအုပ်ကိုဖြတ်ကျော်မိသည်နှင့် တစ်ပြိုင်နက်တည်း တောအုပ်ထဲမှ ကျီးကန်းနှစ်ကောင် ပျံတက်လာကာ ဇောတိကကို ရှေ့နောက်ညှပ်ပြီး ထိုးဆိတ်ကြတော့၏။ ဇောတိကသည် အထက်တက်လိုက် အောက်ဆင်းလိုက် ဟိုထိုးသည်ကွေ့ အခက်ကြုံနေဆဲဝယ် မင်္ဂလာက တောအုပ်ကို ဖြတ်ကျော်ပျံသန်းသွားလေ၏။

သို့ရာတွင် မင်္ဂလာမှာလည်း ကြာကန်ကြီးရွာကို လှမ်းမြင်ရသောနေရာအရောက်တွင် လျှိုရိုးကြားမှ သားရေခွဖြင့် ဆီးကြိုပစ်ခြင်း ခံရ၏။ သူ့ရှောင်တိမ်းသော်ငြား ထိမှန်ခံရ၏။ ၉ နာရီ ၄၅ မိနစ်တွင် သတ်မှတ်နေရာသို့ ရောက်သည်။ သူ့ဘက်က လောင်းသူတွေ ပျော်မဆုံးကြ။ ကခုန်မဆုံးကြငြား မင်္ဂလာမှာ လောက်စာလုံးဒဏ်ကြောင့် မေ့မြောသွားချေ၏။

*

"မောင်ရဲအောင်ပါကလားဟေ့၊ ဘာကိစ္စတုံးကွ"

အခန်းတံခါးကို ဆောင့်ပိတ်လိုက်ကတည်းက အခြေအနေ မကောင်းဟု မောင်ရဲအောင် ရိပ်မိ၏။

"မေးနေတယ်လေကွာ"

"ကိစ္စရယ်လို့ အထူးမရှိပါဘူး ဦးလေး"

"အေး ဟုတ်တယ်၊ ကိစ္စ ရှိရှိ မရှိရှိ ခါတိုင်းလာနေတာပဲ။ ဒါပေမဲ့ ကနေ့က စပြီး ဘာကိစ္စနဲ့မျှ မလာနဲ့တော့ကွာ"

သည်အချိအချပြောသံများကို ကြားလျှင်ကြားချင်း ဦးလှမောင်၏ဇနီးသည် မီးဖိုထဲမှ ပြေးထွက်လာ၏။

"တော် ဘာတွေပြောနေတာတုံး ကိုလှမောင်။ ကလေးတွေ သူတို့ဘာသာ သူတို့နေတာကို သွားပြီး ယမ်းချေး မပန်းပါနဲ့"

ဦးလှမောင်၏လက်ညှိုးသည် ဇနီးသည်၏ မျက်နှာဆီသို့ အဆိပ်ပြင်းသော
mgyoe.com

mgyoe.com
မြွေဦးခေါင်းအလား ပြေးဝင်သွား၏။

"မင်း ဝင်မရှုပ်ပါနဲ့။ မင်း ငါ့စိတ်ကို သိတယ်မဟုတ်လား။ အေး သိရင် ဝင်မရှုပ်ပါနဲ့"

တဒိုင်းဒိုင်း ဆောင့်နင်းသွားသံ ဝေးကွာသွားပြီး မောင်ရဲအောင်၏ ကြုံးဝါးသံက ကျယ်လောင်သည်။

"မမှန်တာကို ခေါင်းငုံ့မခံဘူး။ မှန်တာနဲ့ တိုက်မယ်ဗျို့"

ထိုစကားသည် အမှန်ပင်ဖြစ်၏။ အိုးပြုတ်၊ အိမ်ပြုတ်၊ လှည်းပြုတ်၊ နွားပြုတ် ဖြစ်သူများအတွက် ကာကွယ်မိသဖြင့် အဖေကလည်း မကြည်ဖြူ။ ချစ်သူ၏ဖခင်ကလည်း ရန်လိုသည်။ မောင်ရဲအောင်တို့ ငုံ့ခံမည်လော၊ မခံပါ။

မင်္ဂလာနှင့် ဇောတိကတို့ ဒဏ်ရာများ ပပျောက်ပြီး ပုံမှန်အခြေအနေသို့ ပြန်ရောက်သောနေ့သည် သုံးလကြာသောနေ့ဖြစ်နေ၏။ သည်နေ့တွင် စိတ်မကျေ ပွဲကြီး ဆင်နွှဲကြသည်။

"မင်္ဂလာနဲ့ ဇောတိက ပြိုင်ပွဲစဖို့ ၁၀ မိနစ်ပဲလိုပါတော့တယ်။ နှစ်ဖက်လောင်းကြေး နှစ်သိန်းကျော်တယ်။ မပိတ်ခင် လာနိုင်တယ်နော်"

၈ နာရီ မိနစ် ၅၀ တွင် ဒိုင်လူကြီးက မိုက်ကရိုဖုန်းဖြင့် ကြေညာလိုက်ချိန်ဝယ် ရွာခရီး ချုံစပ်နှင့် ကွင်းလယ်ချုံပုတ်များထဲမှ လူတွေ ထွက်လာကြ၏။ လောင်းကြေး ထပ်မည့်သူများမဟုတ်ပါ။ ရဲတွေနှင့်သက်သေလူကြီးတွေ ဖြစ်၏။

လူအုပ်ကြီးသည် သံကုန်ဟစ်ကာ ခြေဦးတည့်ရာ ပြေးကြသော်ငြား ပြေးပေါက် မရှိပါ။ ဝိုင်းကြီးသည်ဆိုသောကြောင့် အင်အားအလုံအလောက်ဖြင့် အရုဏ်မတက်မီက ရောက်ရှိစောင့်ဆိုင်းနေခဲ့ကြခြင်း ဖြစ်၏။

လောင်းကြေးလက်ခံသော ဒိုင်လူကြီးနှင့် ပြိုင်ခိုနှစ်ကောင်၏ ပိုင်ရှင်များကို လက်ထိတ်ခတ် ဖမ်းဆီးလိုက်၏။ ကြာကန်ကြီးရွာကလေးမှာ လင်မယားရန်ဖြစ်၍ ငိုကြွေးသံများ၊ အိမ်ဆုံး၊ ယာဆုံး၊ လှည်းနွားဆုံးသော အိမ်ရှင်မတို့၏ ငိုကြွေးသံများမှလည်း လွတ်ကင်းခဲ့ပြီ။

ဖေဖော်ဝါရီလ၊ ၂၀၀၇ ခုနှစ်၊

◆

mgyoe.com

mgyoe.com

# နမ်းတစ်ညတာ

## (၁)

ကျွန်တော် အိပ်ရာမှ လန့်နိုးလာချိန်၌ တစ်အိမ်လုံးမှာ တိတ်ဆိတ်နေပေသည်။ လရောင်သည် ကြည်လင်အေးမြစွာဖြင့် ထိုးဝင်ကျဆင်းနေ၏။ တစ်ခါတစ်ရံ သနပ်ခါး တောဆီမှ ခွေးဟောင်သံများ ထွက်ပေါ်လာတတ်ကာ လိပ်တောင်ပေါ်ရှိ ဘုန်းကြီး ကျောင်းမှ ရဟန်းတော်များ စာပြန်သံကို လွှမ်းမိုးသွားလေသည်။ ခွေးဟောင်သံများ ရပ်စဲသွားလျှင် ကျွန်တော့်ဘေးရှိ မိခိုင်၏အသက်ရှူသံ မှန်မှန်ကိုသာ ကြားနေရလေ၏ ။

ကျွန်တော်က လက်ဝဲဘက်သို့ စောင်းလိုက်သည်။ မိခိုင်မှာ ကျွန်တော့်ဘက်သို့ ခွေစောင်းလျက် အိပ်မောကျနေ၏။ မောပန်းနွမ်းနယ်ခြင်းကြောင့် နှစ်နှစ်ခြိုက်ခြိုက် ကြီးအိပ်ပျော်နေဟန် တူပေသည်။ လရောင်သည် သူ့မျက်နှာပေါ်သို့ တစ်ဝက်ကျ လင်းနေသဖြင့် နွမ်းမောခြင်း၏ လက္ခဏာကိုလည်း ကျွန်တော် အလွယ်တကူ တွေ့မြင်နိုင်ခြင်း ဖြစ်၏။ မျက်နှာပေါ်သို့ တစ်ပင်တလေ ပြန့်လွှားနေသည့် ဆံနွယ် ကလေးများက သူ၏ထွက်သက်ဝယ် မြူးကြွနေကြသည်။

မှုန်နံ့သာများ ကွက်ပြောက်နေသော မျက်နှာပြင်ကို ကျွန်တော်က စူးစိုက်ကြည့် နေမိ၏။ မိခိုင်၏ မျက်နှာမှာ ကလေးငယ်တစ်ယောက်၏အပြစ်စင်သောအသွင်၊ ကြည်လင်သော သဘောများက သနားစဖွယ် ပေါ်လွင်နေသည်။ ဘာမျှ မည်မည် ရရ မရှိသော သူပုန်လူထွက်တစ်ဦးကို အဘယ်မျှ ခင်တွယ်မြတ်နိုးကြောင်းကိုလည်း

mgyoe.com

mgyoe.com
ဖော်ပြနေ၏။ ပညာဟူ၍ မည်မည်ရရ မတတ်ပွန်၊ မိဘရိုးရာ လယ်ယာအလုပ်ကို လည်း ဟုတ်တိပတ်တိ မလုပ်၊ ထောင်ထဲသို့ မြန်မြန်ရောက်မည့်စကားလုံးများဖြင့်သာ အစိုးရကို ပုတ်ခတ်ဆဲရေးနေသူ ထောင်စာတစ်ယောက်အဖြစ် မိခိုင်၏မိဘ ဆွေမျိုးများ က မြင်ကြ၏။ သူတို့ ချစ်သမီးငယ်ကို သည်လိုထောင်သား အလောင်းအလျာ တစ်ယောက်နှင့် မေတ္တာ ကူးလူးနေသည်ကို လျစ်လျူရှုမထားနိုင်သည့် အလျောက် မြို့ပေါ်ရှိ မိခိုင်၏အဒေါ်များထံသို့ ပို့ထားခဲ့ကြသည်။

မိခိုင် မိဘသားချင်းများမှာ ရိုးသားသူများ၊ အေးဆေး၍ စိတ်ကောင်းနှလုံး ကောင်းရှိကြသူများ ဖြစ်၏။ သို့ကြောင့်လည်း ရွာသစ်ရွာမှနေပြီး တစ်မိုင်သာသာ ခန့်သာဝေးကွာသော ဆင်ဖြူကျွန်းမြို့ပေါ်သို့ မိခိုင်ကို ပို့ထားလျှင် ကျွန်တော်နှင့် ဝေးပြီ။ ကျွန်တော် မလိုက်နိုင်တော့ဟု ယူဆကြခြင်း ဖြစ်ပေမည်။ မိခိုင်၏အဒေါ် များဆိုသည်မှာလည်း အရေးရှိလျှင် မိခိုင်၏မိဘများကို ခေါ်ငင်ခိုင်းစေရသောကြောင့် လည်းကောင်း၊ တစ်နှစ်တစ်ခါဆိုသလို ကောက်ညှင်းဆန်ကလေး နှမ်းကလေး စသည် ဖြင့် လာပို့ဖော်ရကာ ပြောင်းဖူးချိန် ပြောင်းဖူး၊ မြေပဲချိန်မြေပဲ၊ နွားအားချိန်တွင် ထင်းခုတ် ပေးတတ်သောကြောင့်လည်းကောင်း ဆွေမျိုးအဖြစ် အသိအမှတ် မပြုချင်ပြုချင်နှင့် ပြုနေရကြောင်းကို သူတို့တိုက်သို့ရောက်လာသော မိခိုင်အား နေရာချထားပုံက သက်သေခံနေ၏။

မိခိုင်မှာ ကျွန်တော့်ရန်ကြောင့် မြို့ပေါ်သို့ တိမ်းရှောင်ပြေးကာမှ အိမ်ကြီးကျွန် ဖြစ်နေရတော့သည်။ ထမင်းချက်ရသည်၊ ရေခပ်ရသည်၊ ထမင်းချက်၊ အဝတ်လျှော်၊ ဈေးကူရောင်းရ၏။ ရွာမှ မိခိုင်ပျောက်သွားပြီး တစ်လခန့်ကြာမှ မိခိုင်နှင့် ကျွန်တော် မျက်နှာချင်းဆိုင်ရသောအခါတွင် မိခိုင်မှာ မြို့ပေါ်ရောက်၍ မြို့ဆိမြို့သွေး တက် ကာ အလှတိုးနေရော့မည်ဟု ထင်မှတ်ထားသော ကျွန်တော်၏အတွေးမှာ ပြယ်စင် သွားချေသည်။ မိခိုင်မှာ ယခင်ကထက် ချောင်ကျသွား၍ အသားပင်ပိုမည်းလာသည် ထင်ရ၏။

ကျွန်တော် ရောက်သွားချိန်၌ မိခိုင်တို့ အထည်ဆိုင်တွင် မိခိုင်တစ်ယောက်တည်း သာရှိသည်။

"ပျော်ရဲ့လားဟေ့"

ကျွန်တော်က ထိုင်ခုံအစွန်းတွင် မရဲတရဲဝင်ထိုင်ရင်း မေး၏။

"နေနိုင်လိုက်တာ အစ်ကိုရယ်၊ အခုမှ လာရသလား"

အသံမှာ အပြစ်တင်သံဖြစ်ပေမဲ့ သူ့မျက်လုံးအစုံက ဝင်းလက်နေ၏။

mgyoe.com

mgyoe.com
"မိခိုင်ကို ဘယ်လိုထားသလဲ၊ တင်းတင်းကျပ်ကျပ်ပဲလားဆိုတာ အကဲခတ်ရသေးတာပေါ့ကွယ်။ ကဲပါလေ အစ်ကိုမေးတာကိုပဲ ဖြေစမ်းပါဦး"

"ဘယ်မှာပျော်ပါ့မလဲ အစ်ကိုရယ်" မိခိုင်က ဝမ်းနည်းသံဖြင့် ခပ်တိုးတိုးဖြေ၏။

"မိဘကို လွမ်းလို့လား"

"မိဘကိုရော ရွာကိုရော အစ်ကို့ကိုရောပေါ့ အစ်ကိုရယ်။ မေးနေရသေးသလား၊ ရွာမှာဆိုတော့ လူချင်းမတွေ့ရတောင် တစ်နေ့တစ်ခါလောက်တော့ အနည်းဆုံး အစ်ကို့မျက်နှာကို မြင်ရသေးတယ် မဟုတ်လား"

တစ်စုံတစ်ခုဖြင့် ထိခတ်မိလျှင် ညှိုးဝပ်သွားသော ထိကရုံးဆိုတာ ဒါပေပဲလားဟု မိခိုင်ကိုကြည့်ကာ ကျွန်တော်က တွေးမိသည်။ ကျွန်တော် ရောက်စက ဝင်းပြခဲ့သော သူ့မျက်နှာမှာ မိုးသားပြာစင်ကို တိမ်ခြည်ယှက်သလို တစ်စတစ်စလျော့ပါးသွားခဲ့သည်။ ယခုမူ လုံးဝညှိုးမှိန်ကာ မျက်လုံးအိမ်၌ မျက်ရည်စိမ့်စိမ့်လာနေ၏။

"အစ်ကိုလည်း မိခိုင်လိုပါပဲကွာ။ မိခိုင်ပျောက်သွားစတုန်းကများ ဘယ်နှညမအိပ်ဘဲနေမိမှန်း မသိဘူး"

"ကြားတယ် အစ်ကို မသန်းတို့ မစံရီတို့ လာတုန်းက ပြောသွားကြတယ်။ သူတို့အရဏ်တက်မှာ စလင်းသွားဖို့ထွက်လာတိုင်း ရွာထိပ်က ရေတွင်းပျက်နဲ့ သဖန်းပင်ကြီးအောက်မှာ ထိုင်ထိုင်နေတာကို တွေ့တယ်တဲ့" မိခိုင်၏အသံမှာ တိမ်ဝင်သွားသည်။ မျက်ရည်ပေါက်ကြီးများသည် ပါးပြင်ပေါ်သို့ ရေစီးကြောင်းသဖွယ် လိမ့်ဆင်းလာသည်။

"မငိုပါနဲ့ကွယ်။ သူများတွေ မြင်ကုန်ပါလိမ့်မယ်"

"မြင်ပါစေ မရှက်ပါဘူး။ အဲဒီတုန်းကများ ကျိတ်ကျိတ်ပြီး ငိုနေရတာပဲ။ မိခိုင်မှာတော့ မိန်းမသားမို့ ငိုရုံပဲတတ်နိုင်တယ် အစ်ကို။ ယောက်ျားသားဖြစ်တဲ့ အစ်ကိုက မိခိုင်ဆီကို လာမှပဲ တွေ့ရတော့တာပဲ။ မိခိုင်ကို ချစ်ရင် နေ့တိုင်းလာပါ အစ်ကိုရယ်"

"လာမယ် မိခိုင်၊ အစ်ကို လာမယ်။ မျက်ရည်တွေ သုတ်ပစ်လိုက်ပါဦး"

ကျွန်တော်က အိတ်ထဲမှ လက်ကိုင်ပဝါညစ်ထပ်ထပ်ကို ထုတ်ပေး၏။ မျက်ရည်သုတ်ပြီး ကျွန်တော့်ကို မော့ကြည့်လိုက်သောအခါ၌ မိခိုင်၏မျက်လုံးများမှာ ရဲ၍မို့နေသည်။ သူ မျက်လွှာပြန်မချမီ ကျွန်တော်က ပြုံးပြလိုက်ရ၏။ သို့သော် မျက်နှာပြင်၌ အပြုံးရိပ်ပဲ ပေါ်လာသလား။ မဲ့သည့်ပုံပဲ ထင်လေသလားတော့ မသိလိုက်နိုင်။

"အခုလို အရိပ်ထဲမှာ ထိုင်နေရတာ ရွာမှာထက် သက်သာတာပေါ့"
mgyoe.com

mgyoe.com
ကျွန်တော်က စကားကိုလွှဲပြောကာမှ မိခိုင်မှာ ထပ်မံငိုနေပြန်လေသည်။

"ဒါက အစ်ကိုမြင်တာကိုး အစ်ကိုရဲ့။ သူတို့အိမ်ပြန်ပြီး အိပ်တုန်းမှာ ဆိုင်လာစောင့်ရတာပဲ။ တစ်အိမ်လုံးရှိသမျှ အဝတ်တွေကို မိခိုင်လျှော်၊ တစ်အိမ်လုံးချိုးဖို့သုံးဖို့ရေကို မိခိုင်ပဲခပ်၊ ကလေးတွေထိန်း၊ ထမင်းချက်ရနဲ့ ကျွန်လုံးလုံးပါပဲ အစ်ကိုရဲ့"

သည်အခါကျမှလည်း ကျွန်တော်က မိခိုင်၏အလုပ်ယွင်းပါးချက်ကို ကျွန်တော်က လက်ခံယုံကြည်လိုက်ရ၏။

"ဒါတွေကို ထားပါတော့၊ သူ့အိမ်မှာနေတုန်း လုပ်ရတာ မိခိုင်လုပ်နိုင်ပါတယ်။ အခုတော့ အဒေါ်တူဆိုလား မောင်ဆိုလား ယောက်ျားဘက်က ဘခန့်ဆိုတဲ့အကောင်က ထိကပါးရိကပါး လာလုပ်တာကို မိခိုင်နည်းနည်းမှ မခံချင်ဘူးအစ်ကို"

"ဘာ ဘခန့်ဟုတ်လား"

"အင်း . . ."

မိခိုင်၏စကားများအနက် သည်အကြောင်းသည် ကျွန်တော့်ကို ကိုင်အလှုပ်နိုင်ဆုံးဖြစ်၏။ ဘခန့်ကို ကျွန်တော် ကောင်းကောင်းကြီးသိသည်။ အကြိမ်ပေါင်းမရေတွက်နိုင်အောင် ဖာကျိုးထားသဖြင့် ပုညက်နေသော ဘခန့်။ အရက်မူးပြီး ရမ်းမှုဖြင့် မကြာခဏကြိမ်ရိုက်ခံရသော ဘခန့်။ နွယ်တမယ်ရွာမှ ဟင်းသီးဟင်းရွက်လာရောင်းသော မိန်းမပျိုတစ်ယောက်ကို လိုက်ပြီး လက်ဆွဲသည့်အတွက် ကျွန်တော်ကိုယ်တိုင်ဖမ်းဆီးခဲ့ရသော ဘခန့်၏အသံကို ကြားရုံနှင့် ကျွန်တော်က တုန်လှုပ်ရခြင်းမှာ လူကိုကြောက်၍ကားမဟုတ်။ အကျင့်ကိုကြောက်၍သာ ဖြစ်ပါသည်။

"ဒါဖြင့် အစ်ကို တစ်ခုပြောမယ်။ မိခိုင် လိုက်နာမလား"

ကျွန်တော်က စိုးရိမ်သောမျက်နှာဖြင့် အရေးတကြီးမေးမိ၏။

"ဘာများလဲ အစ်ကို"

"မိခိုင် အစ်ကိုနဲ့လိုက်ခဲ့ပေတော့"

မိခိုင်က ဈေးရုံလမ်းတစ်လျှောက် လည်ဆန့်၍ ကြည့်လိုက်ပြီးမှ စကားပြန်သည်။

"အခုလား"

"အခုတော့ မဟုတ်ဘူး။ ခရီးစရိတ်တောင်မှ မရှိသေးတဲ့ဥစ္စာ၊ ရွာရဦးမှာပေါ့"

"ဟောဒီသေတ္တာထဲမှာ ငွေတစ်ရာကျော်ရှိတယ်လေ။ အဲဒါကို ယူခဲ့မယ်"

"ဟာကွာ မလုပ်ပါနဲ့။ လူက နဂိုကမှ နာမည်ပျက်နေရတဲ့အထဲမှာ"

mgyoe.com

mgyoe.com
ကျွန်တော်က မိခိုင်၏အကြံအစည်ကို ကန့်ကွက်ငြင်းဆန်လိုက်သည့်တိုင်အောင် ခေါင်းထဲ၌ မည်သို့သောအစီအစဉ်မျှ မရှိသေးပေ။ သို့ရာတွင် မိခိုင်ကမူ အစီအစဉ်သစ်တစ်ရပ်ကို ချက်ချင်းတင်ပြလာနိုင်ချေသည်။

"ဒါဖြင့် ဒီလိုလုပ်အစ်ကို။ မိခိုင်နက်ဖြန်ကျရင် ရွာကိုပြန်ခဲ့ပြီးတော့ မိခိုင့်အဝတ်အစားတွေ မသန်းကိုပေးပစ်ခဲ့မယ်။ အစ်ကိုက အဝတ်အစားတွေယူပြီး အသင့်လုပ်ထား။ ဖိန်းနွဲမနက် အရဏ်တက်လောက်မှာ မိခိုင်တို့တိုက်နားက လာစောင့်နေ။ မိခိုင် ထွက်လာခဲ့မယ်"

ဖိန်းနွဲခါဆိုသည်မှာ ကျွန်တော့်အတွက် ကြံချိန်ဖန်ချိန် နည်းပါးလှ၏။ သို့ပေမဲ့ ဘခန့်၏အန္တရာယ်ကြောင့်ပင် မိခိုင်၏အစီအမံကို ခေါင်းညိတ်လိုက်ရသည်။

* * *

## (၂)

မိခိုင်မှာ အရပ်အမောင်းအားဖြင့် ကျွန်တော့်ထက် လေးလက်မခန့်သာ နိမ့်မည်ထင်ရ၏။ မိခိုင်တို့ ညီအစ်မသုံးယောက်အနက် မိခိုင်တစ်ယောက်သာ ငါးပေနီးပါးမြင့်သော်လည်း ကျန်နှစ်ယောက်မှာ ပုပျပ်၍ မိခိုင်လောက်လည်း အသားမလတ်ပေ။ မိခိုင်၏မျက်လုံးမှာ ဝန်းရီ၍ ညို့အားသန်လှ၏။ ဒါသည်ပင် မိခိုင်၏အလှအားတစ်ရပ်ပါဟု ဆိုပြန်ချေသော် မိမိ၏နှလုံးသားကို မိမိတင်စားကြသည်မှာ ဓမ္မတာသာဟု ဆိုကြပေမည်။

ဆင်ဖြူကျွန်းမှ ရောက်တောသို့ မြင်းလှည်းဖြင့် တောက်လျှောက်လာခဲ့ကြပြီး ရောက်တောကမှ မင်းဘူးသို့ ဘတ်စ်ကားစီးပြီး လာခဲ့ကြသည်။ လမ်းတစ်လျှောက်လုံး "အစ်ကို ဘယ်သွားမှာလဲ" ဟု မိခိုင်သည် မမေး။ လိပ်တောင်အနီးရှိ ကျွန်တော့်အဘွားအိမ်သို့ ကျွန်တော်တို့ရောက်သွားချိန်၌ မွန်းလွဲ ၂ နာရီထိုးပေပြီ။

ကျွန်တော့်အဘွားကား ကျွန်တော့်အမေဘက်မှ နွယ်စပ်သူဖြစ်သော်လည်း သောင်းကျန်းသူတစ်ယောက်ကို သားမြေးအဖြစ် အသိအမှတ်မပြုလိုလှပေ။ မကောင်းတတ်လွန်းသည့်အတွက် လက်ခံရကြောင်းကို ခပ်ပြောင်ပြောင်ပင် ဖွင့်ပြောလေသည်။

"အလကားပါ မိခိုင်ရာ၊ အဘွားကြီးက ဘဝင်မြင့်ပြီး တွေ့ကရာတွေ လျှောက်ပြောနေတာ"

ကျွန်တော်က အဘွားကိုအရှုးလုပ်၍ မိခိုင်အား နှစ်သိမ့်လိုက်သည်။ မိခိုင်က

mgyoe.com

mgyoe.com
လည်း အဘွား၏စကားကို နားထဲမထည့်ဘိသို့ရှိ၏။ သူ့မျက်နှာထားမှာ ဘာကိုမျှ မမှု။ ကျွန်တော်ပါလျှင် ဘာကြီးနဲ့တွေ့တွေ့ ဘယ်ကိုပဲသွားရသွားရ။

ခေတ္တနားနေပြီးနောက် ရေမိုးချိုးကာ ညစာကို ဆိုင်တစ်ဆိုင်မှာ သွားဝယ်စား လိုက်ကြသည်။ ထမင်းစားရာတွင်လည်း မိခိုင်ကပင် ငွေထုတ်ပေး၏။ အိမ်ပြန် ရောက်၍ မေးမြန်းတော့မှ အိမ်က ငွေငါးရာခိုးလာကြောင်းကို သူခိုးမလေးက အစစ်ခံ လေတော့သည်။

မိခိုင်ကမူ တစ်ချက်ကလေးမျှ မလူးလွန့်။ ခရီးပန်းလာသည့်အတွက် နှစ်ခြိုက် စွာ အိပ်စက်နေ၏။ ကျွန်တော်ကသာ မိခိုင်ကိုကြည့်လျက် မျက်စိကြောင်နေသည်။ မိမိကို ယုံစားလိုက်လာသူမို့ အကြင်နာပိုရမည်က ကျွန်တော့်တာဝန်ပေ။ မယား တစ်ယောက်ကို ရှာဖွေလာခဲ့သည့်တိုင်အောင် မယားတစ်ယောက်ကိုကျွေးမွေးပြုစု ရာတွင် အသုံးချရမည့် ငွေကြေးမှာကား အစိတ်သာပါလာ၏။

ကျွန်တော် ဘာလုပ်မည်နည်း။ ရေနံတွင်း ကူလီအလုပ်မှတစ်ပါး ကျွန်တော့်လို ပညာမဲ့တစ်ယောက်အတွက် ရလမ်းမရှိပေ။ သုံးနာရီ သံချောင်းခေါက်သံထွက်ပေါ် လာသည့်တိုင်အောင် ကျွန်တော့်ခေါင်းမှာ ချာချာဝေနေသည်။ ကူလီအလုပ်မှတစ် ပါး အခြားသော သင့်လျော်သည့် အလုပ်ကို ရှာမမြင်။ စဉ်းစားမရ၊ အတန်ကြာ မှ မိခိုင်တွင်ပါသော ငွေကလေးကို အရင်းအနှီးပြုပြီး ဈေးရောင်းနိုင်ပါကလားဟု သတိရလာသည်။

ထို့ကြောင့်လည်း မိခိုင်ကို ကျေးဇူးတင်မိ၏။ သူ့ဘက်သို့ ထပ်မံစောင်းငဲ့ကာ ဆံနွယ်ကလေးများကို လက်ဖြင့် တယုတယ သပ်ချပေးလိုက်မိသည်။ ဝင်းမြမြ လရောင် အောက်ဝယ် မိခိုင်၏ပူပန်ကြောင့်ကြမှုကင်းသော မျက်နှာကလေးမှာ သောကြာ ကြယ်လို ရွှန်းထိန်နေပေ၏။

ဆံနွယ် ဆံယဉ်ကလေးများကို သပ်ချပြီးနောက် မိခိုင်၏ပခုံးကလေးကို ကိုင်ကာ ဆွဲယူလိုက်သည်။ ပျံကြွမယောင် နှုတ်ခမ်းငုံကလေးကို သာသာညင်းညင်း တို့နမ်း လိုက်၏။ သို့ရာတွင် မိခိုင်က မျက်လုံးဖွင့်ကြည့်လေသည်။

"အစ်ကို မအိပ်ဘူးပေါ့လေ"

လေသံနှင့်အတူ မိခိုင်က ကျွန်တော့်ဘက်သို့ တိုးကပ်လာလျက် သိုင်းဖက်လိုက် ၏။

"အိပ်ပါတယ်"

"ဒါဖြင့် ဘာပြုလို့ နမ်းသလဲ"

mgyoe.com

mgyoe.com
"အိပ်မက် မက်ပြီးယောင်တာပါ"

မိခိုင်၏ညင်းပြေပြေ ရယ်မောသံကလေးသည် ရင်တွင်းသို့စိမ့်ဝင်လာလေသည်။

ကောင်းကင်၌ စိန်ပွင့်များ ပွင့်နေကြသည်ကို လှမ်းမြင်ရ၏။ ညဥ့်တကာတွင် သည်ညဥ့်ကျမှ သာ၍လှတော့သည်။ ပန်းရနံ့တို့သည်လည်း ကဲလွန်ထုံသင်းလှပေ၏။

* * *

## (၃)

နံနက် ရှစ်နာရီခန့်တွင် အဘွား၏မြည်တွန်တောက်တီးသံကြောင့် နိုးလာရသည်။ မည်မျှပင် မနှစ်သက်စေကာမူ မတော်လွန်းသည့်အတွက် လက်ခံထားရပြီးကာမှ ငြူစူသည့်သဘောကို ရိပ်မိထင်ရှားအောင် ထပ်မံပြုနေသည့် အဘွား၏အပြုအမူကို ရိုင်းလှသည်ထင်၏။ ရင်တွင်း၌ မခံချင်စိတ်က ပြည့်သိပ်နေပေမဲ့ သည်ဒေသ၌ ကျွန်တော်မှတစ်ပါး မည်သူ့ကိုမျှမသိ မမင်သော မိခိုင်ကိုငဲ့ကာ ဒေါသကို ချုပ်ဖြေထားလိုက်ရပြီး မိခိုင်ရေချိုးနေရာသို့ လှမ်းပြောလိုက်ရသည်။

"မိခိုင် ရေချိုးနှင့်ဟော့၊ အစ်ကို လက်ဖက်ရည်သွားဝယ်ဦးမယ် ကြားလား"

"ဟုတ်ကဲ့ အစ်ကို"

အဘွားထံမှ လက်ဆွဲချိုင့်ကလေးတစ်ခု တောင်းယူပြီး ဈေးဘက်သို့ ထွက်ခဲ့သည်။ လူဖြစ်လာသည်မှာ ၁၆ နှစ်ရှိပြီဖြစ်သော်လည်း လက်ဖက်ရည်အချိုနှင့် ကော်ဖီကို တစ်ခါဖူးမျှ မသောက်ဖူးသေးသည့် မိခိုင်ကို ကျွန်တော်က လက်ဖက်ရည်ဖြင့် ပြုစုရပေမည်။ သူ ယုံစားကိုးကွယ်သော အစ်ကိုသည် သူ့အား ဘဝသစ် လူသစ်အဖြစ်သို့ ပို့ဆောင်ပေးရတော့မည်။

လက်ဖက်ရည်ဆိုင်တွင်း၌ လက်ဖက်ရည်သောက်သူများနှင့် ပြည့်လျှံနေ၏။ ဝယ်သူတို့၏ ခေါ်သံ၊ စားပွဲထိုးတို့၏ အော်သံဖြင့် ဆူညံနေသည်။ လက်ဖက်ရည်ဖျော်သည့်ခုံအနီးရှိ စားပွဲမှာလွတ်နေ၏။ ကျွန်တော်က လက်ဖက်ရည်ဖျော်ပြီးအောင် စောင့်ရင်း သတင်းစာတစ်စောင်ကို ဖတ်နေလေသည်။

"လက်ဖက်ရည်ချိုင့် ရပြီဆရာ"

ကာကာကုလား၏ အော်သံထွက်ပေါ်လာသည်တွင် ကျွန်တော်က သတင်းစာကို ပိတ်လိုက်၏။ ကာကာကုလားကို လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်ဘေးတွင် ညုပ်ရပ်နေသော လူနှစ်ယောက်ကို တွေ့ရသည်။ တစ်ယောက်မှာ ကာကီဘောင်းဘီရှည်နှင့် ရှပ်လက်ရှည်ကို ဆင်မြန်းထား၏။ ခါးတွင် ခြောက်လုံးပြူးတစ်
mgyoe.com

mgyoe.com
လက်နှင့် ကျန်လူမှာကား ချည်လုံချည် အကွက်ကျဲကြီးကို ဝတ်ကာ သက္ကလတ်တိုက်ပုံ အင်္ကျီတစ်ထည်ကို အပေါ်မှဆင်မြန်းထားပြီး ပခုံး၌ ကြီးမားသော လွယ်အိတ်တစ်လုံးကို ချိတ်လျက် . . .

"မိတ်ဆွေက ဆင်ဖြူကျွန်းက မဟုတ်လား"

"ဟုတ်ပါတယ်"

"ရဲဘော်ဖြူ ဗိုလ်မင်းရောင်တပ်က တပ်စိတ်မှူး ကိုကျော်သာဆိုတာ မဟုတ်လား"

"ဟုတ်ပါတယ်။ အခု လွတ်ငြိမ်းချမ်းသာခွင့်နဲ့ နေတာပါ။ နိုင်ငံရေးလည်း ဆက်မလုပ်တော့ပါဘူး ဘာဖြစ်လို့လဲ"

ကျွန်တော်က ကုလားထိုင်ကို နောက်သို့တွန်းပြီး ထိုင်ရာမှ ထလိုက်ရာ ကာကီဘောင်းဘီနှင့် မိတ်ဆွေက ကျွန်တော့်လက်ကို ဖမ်းကိုင်လိုက်သည်။

"ခင်ဗျားတို့ လက်နက်ချစဉ်က လက်နက်တွေ ဖွက်ပစ်ခဲ့တာနဲ့ ပတ်သက်လို့ မေးစရာရှိလို့ပါ။ ကျွန်တော်တို့က မြို့မစုံထောက်အဖွဲ့ကပဲ။ တစ်ဆိတ် ဌာနကို "

"အိမ်ကို ခဏပြန်လို့ မရဘူးလားဗျာ"

သည်အချိန်၌ အပေါ်အင်္ကျီနှင့် မိတ်ဆွေ၏လက်က လွယ်အိတ်ထဲသို့ ရောက်နေပေပြီ။

"ဝမ်းနည်းပါတယ် မိတ်ဆွေ"

ကျွန်တော်က ငြင်းဆန်ခုခံရန် လုံးဝစိတ်မကူးပေ။ သူတို့က ဦးနှင့်ပေမဲ့ ထွက်ပြေးလျှင် ရနိုင်စရာရှိ၏။ သို့ရာတွင် လိပ်ပြာသန့်နေသူ ကျွန်တော်က ပြေးစရာ မလိုဟု ယူဆမိသည်။ ပြီးတော့ ကျွန်တော်ထွက်ပြေးလျှင် မိခိုင်တစ်ယောက်ကို ဒုက္ခဝဲလယ်တွင် နစ်ရစ်ဟု ထားခဲ့သည်နှင့် တူတော့မည်။ ခေတ္တမျှ စစ်မေးပြီး ပြန်လွှတ်လိမ့်မည်ဟု ထင်၏။

မွန်းတိမ်းသည်အထိ ကျွန်တော့်ကို စစ်မေးရခြင်း မရှိသေးပေ။ ဘယ်တော့စစ်မှာလဲဟူ၍လည်း မမေးမြန်းရပေ။ မိုးလင်းကတည်းက ဘာမျှမစားရသော်လည်း ကျွန်တော့်ရင်ထဲ၌ ပြည့်ကျပ်နေ၏။ မိခိုင်က မျှော်ရှာမည်ဟူသော ဇောမှတစ်ပါး ဘာမျှမကပ်ငြိ။ အချုပ်တွင်းသို့ ဝင်ခဲ့ရာ လမ်းမကြီးသို့သာ ငေးမောကြည့်နေမိသည်။

နေဝင်ခဲ့ပေပြီ။

ကျွန်တော့်ကို စစ်မေးမည့် အရိပ်အယောင်ကိုမျှ မတွေ့ရသေးပေ။ မိခိုင်သိအောင် လူလွှတ်၍ အကြောင်းကြားရလျှင် ကောင်းမည်လား။ မိခိုင်သိလျှင် အသည်းကွဲရှာမည်။ အဘွားသိလျှင် မင်းပြစ်ဒဏ်သင့်နေသူနှင့် မပတ်သက်လိုဟုဆိုကာ မိခိုင်

mgyoe.com

mgyoe.com
ကိုများ နှင်ပစ်လေမည်လား။ တစ်ညလုံး အိပ်လို့မရပေ။ ဘယ်ဘက်သို့ စောင်းလိုက် စောင်းလိုက်။ မိခိုင်၏ ငိုကြွေးနေဟန်ကိုသာ မြင်နေ၏။

တစ်ချက်တစ်ချက်၌ မိခိုင်၏ရှိုက်သံများကို ကျယ်လောင်စွာ ကြားရသည်။ တကယ်တော့ တပ်ချီမင်းမူနေသော ခြင်အုပ်ကြီး၏ အော်မြည်သံသာတည်း။

နောက်တစ်နေ့နံနက်တွင် ကျွန်တော့်ကို စစ်မေးကြလေသည်။ ကျွန်တော်က လက်နက်များ သိုဝှက်ထားခဲ့ကြသည်ဟူသော သတင်းကို အလင်းရောက်မှသာ ကြား သိမိကြောင်းနှင့် သည့်ပြင် ဘာကိုမျှမသိကြောင်းကို အမှန်အတိုင်းထွက်ဆို၏။ ကျွန်တော်၏အဖြေကို မကျေနပ်ကြပေ။

အချုပ်ထမင်းမှာ ကျွန်တော့်လည်ချောင်းဝ၌ တစ်ဆို့နေလေ၏။ အချိန်တိုင်း၌ ငိုရှိုက်နေသော မိခိုင်၏မျက်နှာကို မည်သို့မျှ ဖျောက်၍မရတိုင်း ရင်တွင်း၌ ပူပြင်း နာကျင်လာရသည်။ ရင်မှာဆို့လျက်က မိမိကိုယ်ကို ကျိန်စာကျွေးမိ၏။ အပျော်အပါး သဘောမျိုးဖြင့် သူပုန်ထဲ ဝင်မိသောမိုက်ပြစ်။

* * *

## (၄)

အမြို့မြို့အနယ်နယ်၌ လက်နက်မချမီ သိုဝှက်ထားခဲ့သော လက်နက်များကို တပ်မတော်မှ အဆက်မပြတ် လိုက်လံဖော်ယူနေသော သတင်းများက အဆက်မပြတ် ထွက်ပေါ်လာ၏။ သို့ဖြစ်လေလေ ကျွန်တော့်အတွက် မျှော်လင့်ဖွယ်ဝေးလေလေ ဖြစ်တော့သည်။

တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့၏။

မိခိုင်ထံ အကြောင်းကြားသင့် မကြားသင့်ကို ကျွန်တော်က ဝေခွဲ၍မရနိုင်ချေ။ ကျွန်တော် အဖမ်းခံနေရသည်ဆိုသော သတင်းကို မိခိုင်မကြားဘဲနေသော်လည်း အားကိုးရာတစ်မျက်နှာ၏ ပျောက်ကွယ်နေခြင်းအတွက် ပြာပူမှာကျသော ဝွမ်းဆိုင်လို ကျွမ်းမြေ့ပူဆွေးလေမည်သာ၊ ကျွန်တော့်သတင်းကို သိသွားလျှင်ကား အရူးမလိုပြေး၍ သော်လည်း လာမည်။ သို့မဟုတ် ထိုင်ရာမထ ဆို့နစ်သေကောင်းသေမည်။ ပို၍ ဆိုးသည်မှာ သူပုန်ထွက်အချုပ်ခံ၏မယားကို လက်မခံလိုဟုဆိုကာ အဘွားက နှင်ချမည့် အန္တရာယ်ပင်ဖြစ်တော့သည်။

ယခုပင်လျှင် သူ မကြည်ဖြူသည့်ကြားက မိခိုင်ကို တစ်ယောက်တည်း ထားပစ် ခဲ့သည့်အတွက် အဘယ်မျှ ရက်စက်သော စကားလုံးများဖြင့် မြည်တွန်တောက်တီး
mgyoe.com

mgyoe.com
နေပြီနည်း။ သူစိမ်းပြင်ပြင်၏ ဆိုမြည်ချက်ကို မိခိုင်ခံနိုင်ပါမည်လော။ ကျွန်တော် ပျောက်သွားသည့်အတွက် ပူသည့်အပေါ်တွင် ထပ်ဆင့်လာသော ညှဉ်းပန်းချက်ကို ဆေးကြောပဏ္ဏာသရန် မိခိုင်သည် အဘယ်မျှ ငိုကြွေးနေရရှာပြီနည်း။ ယခုနှယ်ဆိုလျှင် မိခိုင်တစ်ယောက် အိပ်ရာထက်တွင် ခွေလဲနေရှာပြီလား။

သတင်းစာများတွင်လည်း နယ်များတွင် ဝှက်ထားခဲ့သောလက်နက်များကို ဗမာ့တပ်မတော်မှ မပြတ်မလပ် လိုက်လံဖော်ထုတ်ယူနေသည့်သတင်းများကို နေ့စဉ် တွေ့ရပြန်သောအခါ ကျွန်တော့်မှာ အလိုလို လိပ်ပြာမသန့်ဖြစ်ရ၏။ ထိတ်လန့် အားငယ်မိ၏။ ငါတော့ တော်တော်နဲ့ လွတ်မှာမဟုတ်ပါဘူးဟူ၍လည်း ကျိန်းသေ တွက်ထားသည်။ သို့သော်လည်း လေးရက်မြောက်နေ့လယ်တွင် ကျွန်တော့်မှာ လုံးဝ လွတ်မြောက်ခဲ့၏။

လေးရက်လုံးလုံး အစားနှင့် အအိပ်ပျက်ထားသဖြင့် ချည့်နေသောကိုယ်ကို ထန် ပြင်းသောစိတ်ဓာတ်က လိပ်တောင်အနီးရှိ အဖွားအိမ်သို့ လေဖြင့်နှင်သလို တွန်းပို့ပေး သည်။

"မိခိုင်ရေ"

အမိပျောက်ကို ရှာတွေ့သည့်နွားငယ်လို ကမူးရှူးထိုးပြေးထွက်လာမည့် မိခိုင် ကို စိတ်ကင့်လင့်ရင်း အိမ်တွင်းသို့ ပြေးဝင်သွားမိ၏။ အခန်းထဲ၌ ငိုမောခြင်းဖြင့် အိပ်ပျော်နေသလား။

"မိခိုင်ရေ အစ်ကိုလာပြီကွ"

အခန်းဝမှ ကျွန်တော်သည် လည်ကိုဆန့်ကြည့်သည်။ မိခိုင်ကား မရှိ။ ကျွန်တော် တို့ အိပ်ရာက တိတ်ဆိတ်စွာဖြင့် ဆီးကြိုခြောက်လှန့်လေ၏။

"မိခိုင်ရေ"

မျက်စိပဲလျှမ်းလေသလားဟု အိမ်တွင်းအနှံ့ လိုက်လံရှာဖွေမိပြန်သည်။ မိခိုင်ကို ကားမတွေ့။ အဘွား၏ တင်းမာခက်ထန်သော မျက်နှာကြီးဖြင့်သာ ဆုံမိ၏။

"မင်း ဒါဘာလုပ်တာလဲ"

"ခင်ဗျာ"

"မင်း ငါ့အိမ်ကို ကျက်သရေယုတ်အောင် ဘယ်ကငိုချင်းသည်ကို ငှားလာသလဲ"

ကျွန်တော်က ဘာမျှမပြောရမီ အဘွားက ထပ်ဆင့်မာန်မဲပြန်လေသည်။

"နေ့တငိုငို ညတငိုငိုနဲ့ ဒါမျိုးမကြိုက်ပါဘူး။ မင်း နောက်ကို ငါနဲ့ ဘာမှမပတ်သက်ပါနဲ့။ အခု မင်းတို့ပစ္စည်းတွေယူသွား"
mgyoe.com

mgyoe.com

"သူ သူကောအဘွားရယ်"

"မသိဘူး မနက်ကပဲ ထွက်သွားတာ"

"ရက်စက်ပါပေ့ အဘွားရယ်"

ကျွန်တော် နာကြည်းစွာ အော်မြည်လျက် အိမ်ပြင်သို့ပြေးထွက်ခဲ့သည်။ ဈေးဘက်သို့ ဦးထုပ်မပါ၊ ဖိနပ်မပါဖြင့် အရူးတစ်ယောက်လို အော်ဟစ်ပြေးထွက်လာမိ၏။ ဈေးနားသို့ရောက်မှ စိတ်ကို ပြန်၍ထိန်းနိုင်ကာ ဆိုက်ကားတစ်စီးကိုခေါ်ပြီး မြစ်ဆိပ်သို့ ထွက်ခဲ့ရ၏။ အသည်းတထိတ်ထိတ်ဖြင့် မြစ်ဆိပ်တစ်ဝိုက် လိုက်လံစုံစမ်းရာ မိခိုင်၏ သတင်းအစအနကိုမျှ မရပေ။

သင်္ဘောဆိပ်မှ ရွာအပြန်တွင် လိုလိုမယ်မယ် သဘောဖြင့် ရှင်ပင်စက္ကတဲ ဘုရားကုန်းတော်ပေါ်သို့ တက်ပြီးစုံစမ်းမိပြန်သည်။ မြစ်ဘက်မှတက်လာသော လေပြည်သည် အေးလှ၏။ ဆည်းလည်းသံသည် သာယာငြိမ့်ညောင်း၏။ ကြည်နူးဖွယ်လည်း ကောင်း၏။ ကျွန်တော့်ရင်မှာဖြင့် လေပြည်ကြောင့် ပြေအေးမှုမရှိသလို ခမ္မတေးသံ၌လည်း ညွတ်နူးနိုင်ခြင်းမရှိပေ။

"ဘဘခင်ဗျာ၊ အရပ်မြင့်မြင့် ခပ်သွယ်သွယ် မျက်လုံးဝိုင်းဝိုင်းနဲ့ ကလေးမတစ်ယောက်များ မြင်လိုက်ပါသလား။ အသက်ကတော့ ၁၆ နှစ်သမီးလောက်ပဲ ရှိလိမ့်ဦးမယ်"

လောကီမီးဘေးမှ ပြေးရှောင်လာဟန်တူသော ဥပါသကာကြီးတစ်ဦးကို ချဉ်းကပ်မေးမြန်းသောကာလ၌ စိတ်ဝင်စားဖွယ်အဖြေကိုရလေသည်။

"အေး မိန်းကလေးတစ်ယောက်တော့ စောစောကတင်ပဲ ကုန်းတော်ပေါ်က ဆင်းသွားတယ်ကွယ်။ ဟောဟို ရုပ်ပွားတော်ရှေ့မှာ ဆံပင်တွေဖြတ်လျှု နားဆွဲလက်စွပ်တွေချွတ်လှူနဲ့ လုပ်နေတာတွေ့လို့ မသင်္ကာတာနဲ့ လိုက်တောင်ကြည့်မိသေးတယ်။ မောင်ပြောသလို သေးသေးသွယ်သွယ် အသားလတ်လတ်နဲ့ မျက်လုံးဝိုင်းကလေးပဲ"

အဘိုးအိုက စကားကိုဖြတ်ပြီး ကုန်းတော်၏တစ်နေရာရှိ ကမူစွန်းကို လက်ညှိုးညွှန်ပြလိုက်ပြီးနောက်–

"အဲဒီနေရာမှာတောင် အကြာကြီး ရပ်နေသေးတယ်။ မျက်နှာကလည်း သိပ်ပြီး မသာဘူး။ တစ်ခုခုကို လုပ်မလို့လိုလိုပဲ" အဘိုးအိုက ပြောပြောဆိုဆိုဖြင့် သူညွှန်ပြရာနေရာဆီသို့ ရှေ့မှ လျှောက်သွားသဖြင့် ကျွန်တော်က နောက်မှလိုက်သွားရာ–

"လုံချည်ကတော့ စိမ်းစိမ်းလို့ပဲ ထင် ဟော . . .ဟော" အဘိုးအိုသည်ပြောရင်းဆိုရင်း ကုန်းတော်၏အနောက်အရပ်သို့ လက်ညှိုးညွှန်ပြလိုက်ကာ–

mgyoe.com

mgyoe.com

"သူပဲကွယ် သူပဲ" ဟု ဆိုလိုက်သည့်အတွက် လှမ်းကြည့်လိုက်မိသည့်ခဏ၌ ကျွန်တော်သည် ကမ်းပါးပြတ်ကို ကုတ်တွယ်ပြီး ဆင်းလိုက်မိတော့သည်။

အဘိုးအို ညွှန်ပြရာအရပ်၌ ကျွန်တော်မြင်လိုက်ရသောအရာကား ကျွန်တော်၏ မိခိုင်တည်း။ ရွာမှထွက်ပြေးလာစဉ်က ဝတ်လာသော လုံချည်ကိုပင် ဝတ်ထားသဖြင့် ကျွန်တော်က ကောင်းကောင်းမှတ်မိနေ၏။

"မိခိုင်ရေ . . . မိခိုင်"

ကျွန်တော့်မှာ ကျောက်စွန်းကျောက်တုံးများကို ကုတ်ကတ်ဆင်းရင်း မိခိုင်ဘက်သို့ လှမ်းကြည့်ကာ ခေါ်လိုက်စဉ် ကျောက်စွန်းမှခြေချော်ပြီး အောက်သို့ လိမ့်ကျသွားလေသည်။

သတိရ၍ ကုန်းထလိုက်သောအခါ ကျွန်တော်၏ကိုယ်ကြီးမှာ မြေပေါ်သို့ ပြန်လဲကျသွား၏။ လက်မောင်းဆီမှ နာကျင်လာသဖြင့် ငုံ့ကြည့်လိုက်သောအခါ လက်မောင်းမှာ သွေးများသွန်ကျနေကာ လက်မှာ သွင်သွင်ကျိုးနေ၏။

"မိခိုင်ရေ . . .အစ်ကို လာပြီလေ"

ကျိုးနေသော ဝဲဘက်လက်ကို ယာဘက်လက်ဖြင့် ထိန်းကိုင်ကာ ကျွန်တော်က ထပြေးမိသည်။ မိခိုင်သည် ကျွန်တော့်အသံကို ကြားနိုင်စွမ်းမရှိ။ ခပ်ကြမ်းကြမ်းတိုက်ခတ်နေသော လေကိုဆန်၍ တရွေ့ရွေ့သွားနေ၏။ သူ့ရှေ့၌ ဘော်ရောင်တောက်နေသော နဂါးပွက်တောင်ကြီးသည် နေရောင်ဖြင့် လက်ပလျက် ဆီးကာနေသည်။

"မိခိုင်ရေ . . .အစ်ကိုလာပြီကွယ်"

ကျွန်တော်က အားသွန်၍ပြေးရင်း တတ်စွမ်းသမျှ အင်အားဖြင့် အော်ဟစ်အသံပေးသော်လည်း မိခိုင်က လှည့်၍မျှမကြည့်။ နဂါးပွက်တောင်၏ မတ်စောက်သော ကုန်းကြီးပေါ်သို့ တဖြည်းဖြည်းတက်နေ၏။

ကုန်းထိပ်သို့ မိခိုင်ရောက်ချိန်တွင် ကျွန်တော့်ရင်တွင်း၌ ဆို့ပိတ်လာတော့သည်။ သေမင်းနှင့် ရင်ဆိုင်ရသူလိုလည်း ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်မိ၏။

"မိခိုင်ရေ . . .မိခိုင်"

တောင်ခြေသို့ရောက်ရန် ကိုက်တစ်ရာခန့်မျှသာ လိုတော့သော အခိုက်အတန့်မှာပင် ကျွန်တော်သည် မည်သို့မျှ ထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ ပုံလျက်လဲကျသွားလေသည်။

ကျွန်တော်က မည်သို့မျှမေ့ပစ်၍ မရနိုင်အောင် အသည်းနာခဲ့ရသည်။ အစြစ်

mgyoe.com

mgyoe.com

ကင်းစင်၍ ကျွန်တော့်ကို အသက်နှင်း၍ ချစ်ခဲ့သော မိခိုင်က ကျွန်တော့်ကို အထင်မှား သွားခဲ့ခြင်းကို ကျွန်တော်က ဘယ်လိုရှင်းပြရပါမည်နည်း။ ဘယ်လိုဖြေလို့ကော ပြေပါ မည်နည်း။ ကုန်းတော်ပေါ်မှ ဥပါသကာကြီးဦးစီး၍ ဆေးရုံသို့ တင်ပို့လိုက်သည့် အတွက် ကျွန်တော်၏လက်မှာ ပြန်လည်ကောင်းမွန်ခဲ့ပါသည်။

သို့ရာတွင် မည်သူမျှ ကုစား၍မရသော အနာတစ်ခုကား ကျွန်တော့်အသည်းတွင် အမြစ်တွယ်ကပ်ငြိနေခဲ့ပြီ။

ကျွန်တော့်ကို အဘယ်မျှနာကြည်းကြောင်း ပြသသွားသည့် မိခိုင်၏အပြုအမူသည် ကျွန်တော်၏မျက်စိထဲမှ မထွက်ပေ။ ထို့ကြောင့်ပင် ကျွန်တော်သည် ရူးရူးဝါးဝါးကြီး ကုန်း၍ကုန်း၍ အော်နေမိသည်။ မိခိုင်၏အမည်ကို ရေရွတ်နေမိသည်။

သို့ပေမဲ့ မိခိုင်က တမလွန်ဘဝမှပင် မုန်းတီးနာကြည်းစွာဖြင့် နားကိုပိတ်ထား ပေလိမ့်မည်။

အကယ်၍သာ မိခိုင်သည် ကျွန်တော့်ကို ပြင်းပြင်းထန်ထန် မနာကြည်းလျှင် နောက်ကြောင်းကို လှည့်ကြည့်လေကောင်းသည်။ သို့ဆိုလျှင် ပြေးလိုက်လာသော ကျွန်တော့်ကို မြင်ချေတော့မည်။

ယခုမူ မိခိုင်သည် ဘယ်ကိုမျှမကြည့်။ တစ်ဆိတ်ကလေးမျှ မစဉ်းစားတော့ဘဲ နဂါးပွက်တောင်တွင်းသို့ ခုန်ဆင်းသွားခဲ့သည်။

**ရှုမဝမဂ္ဂဇင်း**

◆

mgyoe.com

mgyoe.com

## တောင်ပြုံအင်းက ဘိုတင်ကြီး

ရိုးပြတ်ရနံ့ သင်းသင်းချိုချိုကလေး လွင့်ပါးလာချိန်တွင် ကွက်နီအတွက် အမင်္ဂလာသတင်းသည် ဖြစ်ပေါ်လာ၏။ အဖေ့မျက်နှာတွင် ကွက်နီအတွက် တစ်စုံတစ်ရာ ခံစားမှုမရှိဘဲ ကျော်မြတ်မင်း၏ရင်ထဲ၌ နင့်ခနဲခံစားလိုက်ရ၏။

"အဖေတို့ ကွက်နီကြီးကို ရက်စက်ကြတော့မှာပါကလား"

ကျော်မြတ်မင်း ထမင်းဆက်ပြီး မစားချင်တော့ပြီ။

ရိုးပြတ်ရနံ့သည် သင်းသင်းချိုချိုကလေး လွင့်ပါးလာသည်။ စပါးပင်ကို တံစဉ်ဖြင့် ဖြတ်ပစ်လိုက်ပြီး အားမတိတ်သေး။ ထို့ကြောင့် ရိုးပြတ်ငုတ်မှ အရွက်ကလေးတွေ ဝေလူလာ၏။

သည်ရွက်နုပေါ်တွင် ပုလဲနှင်းဥကလေးတွေ တွဲသီထားကြသည်မှာ ယခု ဆွမ်းခံပြန်ချိန်အထိ မပြယ်သေး။ စိန်ရောင် မှန်ရောင် တောက်ပနေဆဲ။

သည်ရိုးပြတ်တောမှ လာသောလေသည် သန့်ပြန့်အေးချမ်းရုံမက ချို၏။ သင်း၏။ ထို့ပြင် မွှေးလည်းမွှေးမြသေး၏။

သင်းမြမွှေးသော ရိုးပြတ်လေကို ရှူရှိုက်ရတိုင်း ကျော်မြတ်မင်း ရွှင်ပျစမြဲဖြစ်ပြီး အဖေတို့၏ ပြောစကားကြောင့် မရွှင်ပျနိုင်တော့ပါ။

လွန်ခဲ့သောတစ်နာရီကမှ မှုတ်စက်ဖြင့် အမှုန်မှော်များကို လေလွင့်သန့်စင်ခဲ့သော စပါးပုံကြီးသည်ပင် ကျော်မြတ်မင်းအတွက် အားတက်စရာ မဖြစ်တော့ပါ။ ဝယ်လိုက်ခြမ်းလိုက်မည်၊ ဝတ်လိုက်စားလိုက်မည်ဟူသည့် စိတ်ကူးလည်း ပြေး

mgyoe.com

mgyoe.com
လွှင့်ခဲ့ချေပြီ။

ဤသည်တို့ကို ကွက်နီကြီးခမျာ မသိရှာ။ ခေါင်းတထောင်ထောင်ဖြင့် တဲဘက်သို့ မျှော်ကြည့်နေသည်။ ခြံကျွဲငါးကောင်က တရွေ့ရွေ့ပြောင်းရင်း သူ့အနီးတွင် အစာစားနေကြသည်။ ကွက်နီမှာ သည်ကျွဲအုပ်၏ဘို့တင်ကြီးသာမဟုတ် တစ်ကွင်းလုံး၏ဘို့တင်ကြီးလည်း ဖြစ်သည့်အလျောက် မလှမ်းမကမ်းမှ လိုက်ပါလာသည်။

ကျော်မြတ်မင်းမှာ ကွက်နီကြီး၏ကျောပေါ်သို့ တက်ထိုင်လိုက်ကာ ခြေဖြင့်ဆတ်ပေးမိ၏။ ကွက်နီရွေ့သည်နှင့်အမျှ ရှေ့က ကျွဲငါးကောင်လည်း ချောင်းစပ်သို့ ရွေ့သွားရာက တစ်ကောင်ပြီးတစ်ကောင် ရေထဲသို့ ဆင်းသွားကြ၏။ သို့သော် ကွက်နီကား ရေစပ်သို့ရောက်လာပါလျက် ရေထဲသို့ မဆင်းသေးဘဲကျောပေါ်ရှိ ကျော်မြတ်မင်းကို စောင်းငဲ့ကြည့်နေ၏။

သည်သို့နှယ် တတ်သိလိမ္မာမှုကြောင့်လည်း ကျော်မြတ်မင်း၏တွယ်တာမှုကို ကွက်နီကြီးခံယူရရှိခြင်း ဖြစ်သည်။

"နင်ကတော့ ဘာမျှမသိဘူး ကွက်နီရေ၊ ကိုင်း သွား သွား အင်း ဘယ်လိုလုပ်ရပါ့"

ကွက်နီ၏နံဘေးကို လက်ဝါးဖြင့် ပွတ်ပေးပြီးနောက် ကျော်မြတ်မင်းလျှောဆင်းလိုက်၏။ ကွက်နီရေထဲသို့ ဆင်းသွားသည်အထိ ကျော်မြတ်မင်း နေရာမှ မရွေ့ဘဲငေးစိုက်ကြည့်နေ၏။

ချိုကားဖြစ်ပါလျက် ထိပ်မောက်သောကွက်နီ၊ အမွေးထူပြီး ကြမ်း၍ မျက်ထောင့်လည်းနီသောကွက်နီ။ ဒူးဆစ်တုတ်ခိုင်ခြင်းဖြင့် ကျွဲဆိုးလက္ခဏာကို ထပ်မံဖြည့်စွက်လိုက်သောအခါ –

*

စင်စစ်သော်ကား သည်တောင်ပြုံအင်းကွင်း၏ ကျွဲဘုရင် ဘို့တင်ကြီးမှာ ကြာကြီးသာ ဖြစ်သည်။ ကျော်မြတ်မင်းတို့လယ်နှင့် သုံးကွင်းကျော်ရှိ ကိုစံထွန်း၏ကျွဲဖြစ်သည်။

ကြာကြီးလည်း ကျွဲဆိုးလက္ခဏာအပြည့်ပါပြား ချိုကမူ ဤသို့မဟုတ်ချေ။ ချိုကြက်နင်း ဖြစ်၏။

ချိုကွေးသောကြောင့် သဘာဝက သူ့နဖူးကို ထူးထူးကဲကဲ ထူထဲအောင် မို့မို့မောက်မောက်လုပ်ပေးထားသည်။ သို့သော် ကြာကြီးဆိုသည့်အမည်မှာ အမည်ရင်း
mgyoe.com

mgyee.com
မဟုတ်ပေ။ အမည်လည်း မည်မည်ရရ မရှိငြား ဦးကြွက်၏ ကျွဲကျောင်းတဲမှ ရရှိလာခဲ့သော အမှတ်အသားပေါ်တွင် အခြေတည်ပြီး ကိုစံထွန်းပေးသော နောက်ရအမည်တည်း။

သည်ကြာကြီး အမည်မှာ နယ်နယ်ရရမဟုတ်။ ထိုက်ထိုက်တန်တန် မှတ်မှတ်သားသားရခြင်း ဖြစ်ပေ၏။ ထိုနေ့က ဦးကြွက်၏စပါး ၂၀ စား ကျွဲကျောင်းသားတစ်ချက်ကလေးလစ်သည်နှင့် ကြာကြီး လစ်ထွက်လာခဲ့၏။ ကျွဲကျောင်းသားမျှော်ကြည့်လျှင် ရုတ်တရက်မမြင်ရစေရန် ကြာကြီးသည် ရိုးတွေထဲကသွား၍ ဖျိုက်တောတွေ့မှ ကုန်းပေါ်တက်၏။

ကြာကြီးသည် သည်နည်းဖြင့် ရေနောက်ကွင်းထဲရှိ ကျွဲအုပ်ထဲသို့ သွားခိုနေ၏။ သို့တစေ နေမဝင်မီမှာပင် ကျွဲကျောင်းသားက ကြာကြီး၏ခြေရာကိုခံမိကာ လိုက်လာတော့၏။ ကျွဲကျောင်းသားတို့၏ ပါမြဲလက်နက်မှာ တစ်တောင်သာသာရှည်သော ကျပ်လုံးခန့်တုတ်သည့် ကြခတ်ဝါးနှစ်ချောင်းသာ ဖြစ်၏။

သို့သော် ကြာကြီးနောက်သို့ လိုက်လာသည့် ကျွဲကျောင်းသားမှာကား ဓားမတစ်ချောင်းလည်း အပိုပါလာ၏။ ကြခတ်ဝါးကောင်းကောင်းတွေ့လျှင် လက်စွဲတော်လုပ်ဖို့ ခုတ်ယူနိုင်ရန် ဓားဆောင်လာခဲ့ခြင်းဖြစ်၏။

ထိုအချိန်တွင် ကြာကြီးသည် ကျွဲကျောင်းသား၏ဆဲရေးသံများကို ကြားရ၍ ချက်ချင်းနောက်ကြောင်းသို့ ပြန်လှည့်၏။

သို့ဖြင့် ကြာကြီးက ရှေ့မှသွား ကျွဲကျောင်းသားက နောက်မှလိုက်ဖြင့် လာခဲ့ကြရာ ကိုင်းတောကိုတိုးဖော့ဖြတ်သန်းရ၏။ ကိုင်းပင်များက တိုးရင်းဖော့ရင်းဖြင့် ကြာကြီး၏ဦးချိုကို ပွတ်တိုက်ကျီစယ်ကြ၏။ ကိုင်းပင်တွေကို အလိုအလျောက် ပွတ်မိထိမိရာက ကြာကြီးစိတ်ပါလာတော့သည်။ သို့ကြောင့် ကိုင်းပင်တွေကို ခတ်ကာခတ်ကာ ကြာကြီး ချိုကစားသည်။

သည်အခိုက်တွင် သူဖိမ့်ဖိမ့်တုန်အောင် ကြောက်နေရသော ကျွဲကျောင်းသားကဘွားခနဲ ပေါ်လာ၏။ ကြာကြီးသည် တုံ့ဆိုင်းမနေဘဲ ပြေးကော်၏။ ဆဲသံ၊ မာန်မဲသံနှင့်အတူ ပြေးလာသော ကြခတ်ဝါးချက်ကြောင့် ကြာကြီး၏ချိုဖျား ခါခနဲ ဖြစ်သွား၏။ ဒေါင်ဒင်သံပေး၍ ကြခတ်ဝါးလွင့်သွားသော်ငြား ကြာကြီးမှာ ရုတ်တရက် အရှိန်မသတ်နိုင်။

ကျွဲကျောင်းသား မည်သို့လုပ်မည်နည်း။ မတတ်နိုင်ပါ။ ခါးတွင်ထိုးထားသော ဓားကို ဆွဲနုတ်ရတော့သည်။ နှာခေါင်းပွဲပွဲ၊ မျက်လုံးကန်းကန်း သဘောထားကာ
mgyee.com

mgyoe.com
စားဖြင့်ပစ်ရတော့သည်။ ကြာကြီးနဖူးစပ်တွင် ဟက်ခနဲဖြစ်ကာ သွေးတောက်တောက်ကျသည်။ သည်ပုံသွေးစက်လက်ဖြင့် ခြံဝင်ခဲ့ရသည်။

ကြာကြီးသည် သူ့သခင်ထံသို့ ပြန်ရောက်ချိန်၌ အနာကျက်ပြီး အမွေးတစ်ပင်တလေပင်ပေါက်နေပြီ။ သို့ဖြင့် ထိုအချိန်မှစတင်ပြီး တောင်ပြိုအင်းတွင် ကြာကြီးအမည်သစ်နှင့် ကျွဲတစ်ကောင်ပေါ်ပေါက်လာခဲ့တော့သည်။

တောင်ပြိုအင်း၏ ဘိုတင်ကြီးအရာကို ကြာကြီးရရှိချိန်တွင် ဦးစွာနှိမ်ရသူမှာ ကွက်နီဖြစ်သည်။ သို့တစေ ထိုနှစ်က ကွက်နီရှုံးသည်။ သို့ဖြင့် လည်ကြီးထအဖြစ်ဖြင့်သာ ကွက်နီမှာ ဆက်လက်အားမွေးနေခဲ့ရသည်။

ကွက်နီသည် ယမန်နှစ်ကမူ ကြာကြီးထံမှ ဘိုတင်ကြီးအရာကို ယှဉ်ပြိုင်လုယူမည့် အရိပ်အယောင်များအား ဆောင်းဦးပေါက်ကတည်းက ပြသလာခဲ့၏။ နှစ်ဖက်သော ကျွဲရှင်များမှာ မိမိတို့၏ကျွဲများကို ဂရုစိုက်ပြီး ထိန်းသိမ်းထားကြရ၏။ လုပ်ခင်းဆောင်တာများ ပျက်စီးကုန်မည်။ ခြေခင်းလက်ခင်းသာပေစေဦး။

ထိုအချိန်ထိ ကျော်မြတ်မင်းသည် ကွက်နီကို သံယောဇဉ်မရှိသေး။ သို့အတွက် ကိုယ့်ကျွဲနိုင်စေချင်သဖြင့် ကွက်နီကို လူးမှန်မှန်ချပေး၏။ အစားကောင်းကောင်းစားရအောင် ဂရုစိုက်၏။ လည်ယားစေရန် ကျွဲချေးမကြာခဏ လူးပေးခဲ့၏။

ဤသို့ဖြင့် ကောက်ခြေပြတ်ချိန်၏တစ်နံနက်သို့ရောက်ခဲ့သည်။ ဘိုတင်ကွက်နီနှင့် ကြာကြီးကို ရိုးပြတ်တောထဲတွင် တည်ပေးကာ နှစ်ဖက်လူများက တော်ရာလျော်ရာတွင် တုတ်ကိုယ်စီဖြင့် အသင့်ရံနေကြသည်။

ထိုင်းခနဲ မြေကြီးတုန်ဘနန်း ကျွဲနှစ်ကောင် ခေါင်းချင်းဆိုင်မိကြသည်။ ကြာကြီးက ခွာ၍ခွာ၍ နဖူးအားကိုးဖြင့် ဆောင့်သည်။ ကွက်နီက ကားသောချိုကို အသုံးပြုရန် ကြိုးစားသည်။ ကျွဲနှစ်ကောင်မှာ တောင်၊ မြောက်တန်းလျက် ဖင်ပေးလိုက်၊ ရှေ့၊ နောက်အနေအထားဖြင့် ဖင်ပေးလိုက်၊ အကြိတ်အနယ် တွန်းနေ၊ ခတ်နေကြသည်။

သို့ရှိရာက တစ်ချက်တွင် ကွက်နီ၏ချိုတစ်ချောင်းမှာ ကြာကြီး၏လက်ကြားထဲသို့ ဝင်သွား၏။ ကွက်နီ ခေါင်းယမ်း၏။ ကြာကြီးလက်တစ်ဖက်ကြွသွားရာက ယိုင်ထိုးသွား၏။ ကွက်နီ ဖိသိပ်လိုက်ရာ ကြာကြီးလည်ထွက်သွား၏။ ကြာကြီးတာစူချိန်မရလိုက်၊ တင်ပါးကို ချိုဖျားတစ်ချက်စူး၏။

ကွက်နီမှာလည်း သည့်ထက်ပိုပြီး အစွမ်းပြခွင့်မသာလိုက်။ အရံသင့်စောင့်နေသူများက ဝိုင်းဝန်းကြိမ်းမောင်းဟန့်တားကြ၏။ မည်သို့ဖြစ်စေ ကွက်နီမှာ 'ဘိုတင်ကြီး'

mgyoe.com

mgyoe.com
ဖြစ်သွားချေပြီ။ မိမိကျွဲအနိုင်ရသည့်အတွက်ကျော်မြတ်မင်း သဘောကျပြား ကွက်နီကို သံယောဇဉ်မရှိလှသေးပါ။

*

ကိုကျော်ညွန့်နှင့် မအေးလှ၏ သမီးသီတာချိုကို ရပ်ရွာက မျက်စိနောက်နေသည်မှာ ကြာပြီ။ ဖအေကလည်း စပါးချိန်တွင် စပါးမို့၊ သူတကာထက် အထွက်ကောင်း၏။ စပါးပြီးရှုမျှမကြာသေး ကိုကျော်ညွန့်တို့ မတ်ပဲနှင့်နေကြာမှ ရပြန်ပြီ။

တော်ဝင်ရိုတ်ဆိုသောအရာကို သီတာချိုစဝတ်သောနေ့ကမူ ကျွဲတွေ အုပ်လိုက်လန့်ပြေး၏။ ထိုနေ့က ကျော်မြတ်မင်း၏ အငယ်ဆုံးညီလေး။ သံဒိုးအပါအဝင် တဲနီးချင်းကလေးပုစုခရု ကြီးငယ်ရွယ်လတ် ဆယ်ယောက်ခန့်သည် ရိုးပြတ်တောထဲဆင်းပြီး ကစားနေကြ၏။ ကွက်နီပါဝင်သော ကျွဲအုပ်မှာ ခဲတစ်ပစ်ခန့်သာသာအကွာတွင် အေးဆေးစွာ အစာစားနေကြ၏။

ရွာနှင့်နီးသောဘက်တွင်မူ အခြားတဲမှ ငါးကောင်အုပ်တစ်အုပ်နှင့် ခြောက်ကောင်အုပ်တစ်အုပ် အစာစားနေကြ၏။ လူကြီးများက ကလေးများအား ဝေးဝေးမသွားရန်နှင့်သင့်သင့်မြတ်မြတ်ကစားကြရန် သတိပေးပြီးနောက် အလုပ်တာဝန်ထဲ၌ နစ်မြုပ်သွားကြ၏။

ထိုအခိုက်တွင် ရိုးထိပ်သို့ သီတာချို ဘွားခနဲရောက်လာ၏။ စွပ်ဖောင်းနှင့် တောင်ဝှေးမပါပြား သီတာချိုဆင်ယင်လာပုံက ပကတိဇော်ဂျီ။ အနီပုပ်ရောင်ကို အထက်အောက်ဆင်တူ ဝတ်ထား၏။ သူ့အဆိုအရ ဝမ်းဆက်ဖြစ်စေကာမူ ပုစဉ်းလည်ကျွဲကလေးက ညွှမ့်ခနဲ အော်ပြီးပြေးတော့သည်။

ထိုပုစဉ်းလည်ကျွဲကလေးနောက်မှ မြက်လည်၊ ဘို့ကလေးထ၊ နို့စားကျွဲမကြီး၊ ဘို့ကြီးထနှင့် ဘို့တင်ကျ စသော ကျွဲများတစ်အုပ်တစ်မကြီး လိုက်ပြေးကြသည်။ ထိုကျွဲအုပ်ကြီးပြေးကြလျှင် ကွက်နီတို့အုပ်စုလည်း ရောယောင်လန့်ဖျပ်ပြီး ပြေးကြသည်တွင် ကလေးတွေလည်း အော်ဟစ်ပြေးကြသည်။ ထိုအခါ လူကြီးတွေပါ အထိတ်တလန့် ပြေးထွက်လာကြပြန်သည်။

"ဟဲ့ ကလေးတွေ ကလေးတွေ"

လူကြီးတွေက ကလေးများကို လှမ်းပြီးသတိပေးရုံသာ တတ်နိုင်ကြ၏။ ကျွဲအုပ်တွေတန့်သွားအောင်ကား မတတ်နိုင်။

"ကလေးတွေ အော်သံကြားတယ်။ ဘယ်မှာတုံး"

mgyoe.com